www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## မျက်နှာတစ်ဆောင် သိုင်းထွင့်ခေါင်း

ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း

ချင်းချင်းယွင်၏ တောက်ဖုံးစု




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

တက္ကသိုလ်

# ဝင်းကြွယ်

# မျက်နှာတစ်ထောင် သိုင်းထွင့်ခေါင်

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



( ၂၃ )

ကူးတို့ယာဉ်သည် ငွေသေတ္တာ လေးသေတ္တာတင်ထားသည့်အပြင် လူနှစ်ဆယ်ကျော်လည်း ပါသေး၏။ ထို့ကြောင့် ရေစုန်ဆင်းရသော်လည်း အလွှံနှံ့အလှန်နှေးကွေးနေလေသည်။

စန့်ကွမ်းမင်းကြူးနှင့်လီစန်းလုံသည် ကုန်းပတ်ပေါ်ရောက်နေကြသည်။ စန့်ကွမ်းမင်းကြူးမှာ စိုးရိမ်ပူပန်လာသည်။

သူမသည် စန့်ကွမ်းတောင်းအကြောင်းလုံးဝမသိရဘဲ တိုက်တိုက်ဆိုင်ဆိုင် စန့်ကွမ်းတောင်းအဖြစ် အထင်လွဲ အမြင်လွဲခံနေရ၏။ ယခုလည်း စန့်ကွမ်းတောင်းအဖြစ် သရုပ်ဆောင်နေရပြန်သည်။

မိမိနှင့်လီစန်းလုံမှလွဲ၍ လှေပေါ်တွင်ရှိနေသော လူနှစ်ဆယ်ကျော်တို့မှာ စန့်ကွမ်းတောင်း၏အားထားရသောလူများသာဖြစ်ကြလေသည်။ အချိန်ကြာသည်နှင့်အမျှ အမှားပါလာနိုင်သည်။

မိမိ စကားတစ်လုံးမှားသည်နှင့် အန္တရာယ်ဖြစ်လာနိုင်သည်ကို စိုးရိမ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ဆယ်ကျော်အနက် လူနှစ်ယောက်မှာ ထိုအဖွဲ့၏ခေါင်းဆောင်ဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိပါ။ လမ်းတစ်လျှောက်လုံး ထိုလူနှစ်ယောက်သည် မိမိအား သံသယဖြစ်သောမျက်လုံးများဖြင့် မကြာမကြာ အကဲခတ်နေသည်။ ခေါင်းဆောင်တစ်ယောက်က စကားမရှိ စကားရှာပြော၏။

"ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ဒီကူးတို့ယာဉ်နဲ့ လိုက်လာရတယ်ဆိုတော့ ဒီယာဉ်ကလူတွေကိုဘယ်သူကဦးဆောင်ပြီးလာကြို့မှာလဲ"

စန့်ကွမ်းမင်းကြူးက ခပ်တည်တည်ဖြင့်....

"ဘယ်သူဦးဆောင်ပြီးလာကြိုမယ်ဆိုတာ နင်သိလျက်သားနဲ့ ဘာဖြစ်လို့ စကားအပိုလာမေးနေရတာလဲ"

ထိုအဖွဲ့ခေါင်းဆောင် ပါးစပ်ပိတ်ထားလိုက်၏။

ထိုခေါင်းဆောင်၏စကားအရ စန့်ကွမ်းမင်းကြူးသည် အလွန်အရေးကြီးသောအချက်တစ်ချက်ကို နားလည်လိုက်သည်။

စန့်ကွမ်းတောင်းကိုယ်တိုင် ရှေ့ဆိပ်ကမ်းတစ်ခုတွင် စောင့်နေသည်မှာသေချာလေသည်။ စန့်ကွမ်းမင်းကြူး အခက်ကြုံရလေပြီ။ ရှေ့သို့ဆက်သွားလျှင် စန့်ကွမ်းတောင်းအစစ်နှင့် ထိပ်တိုက်တိုးမိမှာ သေချာနေပြီမဟုတ်ပါလား။

အကယ်၍ တွေ့ဆုံခဲ့လျှင်....



မိမိမှာ စန့်ကွမ်းတောင်းအတုဖြစ်နေသည်ကိုတွေ့ရလိမ့်မည်ဖြစ်သည်။ မိမိနှင့်လီစန်းလုံ၏အသက်မှာလည်း ဖက်နှင့်ထုပ်ထားရုံသာရှိပေတော့မည်။

"ငါဘာလုပ်ရမလဲ"

သူမသည် ကိုယ့်ကိုယ်ကိုမေးခွန်းထုတ်နေ၏။

"ရှေ့ဆိပ်ကမ်းမှာ စန့်ကွမ်းတောင်းကိုယ်တိုင်လာကြိုမှာသေချာတယ်... ကျွန်မတို့ဘာလုပ်ကြမလဲ"

အနီးတွင်ရှိသောလီစန်းလုံအား အသံတိုးတိုးဖြင့်မေးလိုက်သည်။ လီစန်းလုံကခေါင်းကုတ်နေ၏။

"ငါလဲစဉ်းစားနေတယ်... အကြံမရသေးဘူး"

"မြန်မြန်စဉ်းစားစမ်းပါ... ရှေ့ကိုရောက်လေလေ ကျွန်မတို့မှာ အခွင့်အလမ်းနည်းလေလေဖြစ်နေပြီ"

လီစန်းလုံကခေါင်းကိုင့်၍ ဦးနှောက်ကိုစက်ကုန်ဖွင့်နေသည်။ အတန်ကြာမှ သူတို့နှစ်ယောက် အသံပြိုင်တူထွက်လာကြလေသည်။

"ကူးတို့ယာဉ်ကိုရပ်ခိုင်းလိုက်မယ်"

စန့်ကွမ်းမင်းကြူး ဆင်္ဂေခနဲထရပ်လိုက်သည်။

ချက်ချင်းပင် လှေထိုးသားကိုအမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပ်လိုက်"

အဖွဲ့ခေါင်းဆောင်နှစ်ယောက်စလုံး ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။ လှေထိုးသားများက ကူးတို့ယာဉ်ကိုရပ်တန့်လိုက်ကြသည်။ စန့်ကွမ်းမင်းကြူးက ဆက်ပြောလိုက်သည်။

"ညာဘက်ကမ်းကိုကပ်လိုက်"

လှေထိုးသားများ ကြောင်အမ်းအမ်းဖြစ်သွားသော်လည်း စန့်ကွမ်းမင်းကြူး၏အမိန့်ကို မလွန်ဆန်ဝံ့ကြပါ။ အဖွဲ့ခေါင်းဆောင်တစ်ယောက်က စန့်ကွမ်းမင်းကြူးကိုမေးခွန်းထုတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး... ဘာကြောင့် လှေကို ဟိုဘက်ကမ်းကပ်ခိုင်းရတာလဲ"

"အေး.... နင်တို့ မေးသင့်တယ်... အခုလိုလုပ်လိုက်ရတာ အရေးကြီးတဲ့အကြောင်းတစ်ကြောင်းရှိလို့ပဲ"

"အမိန့်ရှိပါ"

"ငါတို့ ငွေတိုက်ဖောက်လာတာ ရထားလုံးလေးစီးကိုအသုံးပြုခဲ့ကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဂိုဏ်းချုပ်ကြီး"

"ငွေတိုက်အဖောက်ခံရတဲ့အတွက် ချန်အန်းနယ်စားကြီးက လက်ပိုက်ကြည့်နေမှာတဲ့လား"



"ဘယ်ကြည့်နိုင်ပါ့မလဲ"

"ဟုတ်တယ်... ရှိသမျှအင်အားကိုသုံးပြီး တို့နောက် လိုက်နေမှာအသေအချာပဲ"

"မှန်ပါတယ်၊ လိုက်မှာသေချာပါတယ်ဂိုဏ်းချုပ်ကြီး"

"သူတို့လမ်းတစ်လျှောက်လုံး စုံစမ်းသွားမှာပဲ... အဲဒီတော့ ရထားလုံးလေးစီး ဘယ်ကိုသွားတယ်ဆိုတာ ခြေရာခံမိသွားမှာပဲ၊ အဲဒီတော့ တို့ရဲ့ရထားလုံးလေးစီး ဟန့်ခိုဆိပ်ကမ်းကဖြတ်သွားတယ်ဆိုတာ သူတို့သိသွားမှာသေချာတယ်"

"မှန်ပါတယ်"

"သူတို့ ဟန့်ခိုဆိပ်ကမ်းကိုရောက်တဲ့အခါ ဆိပ်ကမ်းကလူကိုမေးမှာပဲ... ဆိပ်ကမ်းကလူတွေကလဲ ပြောမှာပဲ"

အဖွဲ့ခေါင်းဆောင်နှစ်ယောက်သည် သူတို့ဂိုဏ်းချုပ်အပေါ် ပို၍လေးစားသောစိတ်များဖြစ်ပေါ်လာကြလေသည်။

စန့်ကွမ်းမင်းကြူးသည် လိုအဖွဲ့ခေါင်းဆောင်နှစ်ယောက်စလုံး မိမိအပေါ် သူတို့ဂိုဏ်းချုပ်ဖြစ်ပါသည်ဟုယုံကြည်နေကြောင်းသိလိုက်သည်။ သူမက ဆက်၍ရှင်းပြလိုက်သည်။

"နယ်စားအဖွဲ့က သုံးပွင့်ခိုင်ချောင်းဆုံအထိ လိုက်လာမှာသေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ခေါင်းဆောင်တစ်ယောက်က....

"ဟုတ်ပါတယ်... ဒါပေမဲ့ ငွေသေတ္တာတွေ ကျွန်တော်တို့ ကူးတို့ဆိပ်ကမ်းကသယ်လာတာကို သိမှာမဟုတ်ဘူး"

စန္ဒကွမ်းမင်းကြူးက ခေါင်းညိတ်လိုက်သည်။

"ငါတို့ရှေ့တိုးသွားရင် သူတို့နဲ့ရင်ဆိုင်တွေ့သွားမှာပေါ့၊ ဒါကြောင့် ဟိုဘက်ကမ်းမှာခဏနားပြီး အခြေအနေကိုစောင့်ကြည့်တာ အကောင်းဆုံးဖြစ်မယ်လို့ကွေးပြီး ခုလိုအစီအစဉ်ပြောင်းတာ"

အဖွဲ့ခေါင်းဆောင်နှစ်ယောက်သည် စန္ဒကွမ်းမင်းကြူးအား လေးလေးစားစားဦးညွှတ်လိုက်ပြီး....

"ကိုဏ်းချုပ်ကြီးကိုလေးစားပါတယ်"

အနီးတွင်ရပ်၍ ရင်တထိတ်ထိတ်ဖြင့်အကဲခတ်နေသော လီစန်းလုံသည် ယခုမှစိတ်သက်သာရာရသွားတော့သည်။

ဝဝဝဝ



( ၂၄ )

မျက်နှာတစ်ထောင်ဒေဝီ၏အဖွဲ့သားများသည် လုရောက်တုံးတို့သုံးယောက်အား တင်းကျပ်စွာဝိုင်းရံထားလိုက်ကြသည်။သူတို့သည် တိုက်ခိုက်ရန်ဟန်ပြင်နေကြသည်။ ရသေ့ကြီးက....

"အို... တစ်ယောက်နဲ့တစ်ယောက် ဒေါသမထားကြနဲ့လေ"

အဖွဲ့ခေါင်းဆောင်ဝမ့်ဖ မျက်နှာရှုံ့သွားသည်။

"အရေးထဲ ရသေ့ကြီးကတစ်မျောင့်"

ရသေ့ကြီးကပြုံးလျက်....

"ကျုပ်တို့ရန်သူမဟုတ်ကြပါဘူး... ဒါကြောင့် ဓားတွေ ဘာတွေနဲ့လုပ်မနေကြပါနဲ့"

ဝမ့်ဖက လမ်းမဘက်သို့လက်ညှိုးထိုးပြလိုက်သည်။

"ရန်သူမဟုတ်ရင် အဲဒီလမ်းမအတိုင်း ပြန်သွားပါ"

"ကျုပ်တို့ ဒီကိုအပင်ပန်းခံပြီးရောက်လာတာ အလကားလာတာမဟုတ်ပါဘူး၊ စန္ဒကွမ်းတောင်းကဖိတ်ထားလို့ပါ"

ဝမ့်ဖ ကြောင်အမ်းအမ်းဖြစ်သွားသည်။ စောရကြယ်တံခွန်နှင့်လုရောက်တုံးတို့လည်း ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

"အရေးထဲ ဒီရသေ့ကြီး ဂယောင်ချောက်ချားဖြစ်သွားပြီနဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



စောရကြွယ်တံခွန်က စိတ်ထဲမှညည်းညူလိုက်မိသည်။

ရသေ့ကြီးက ဝမ့်ဖအားပြုံးပြလိုက်သည်။

"မယုံရင် ဒကာကြီးတို့ရဲ့ဂိုဏ်းချုပ်ကိုသွားပြီး အကြောင်းကြားလိုက်ပါ"

"ကျုပ်တို့ဂိုဏ်းချုပ်ကဖိတ်လိုက်တယ်ဟုတ်လား"

"ဟုတ်တယ်... မင်းတို့ဂိုဏ်းချုပ်နဲ့တို့က လူရင်းတွေပါကွ"

ဝမ့်ဖမှာ ယုံရခက် မယုံရခက်ဖြစ်သွားသည်။

"ခက်တာပဲ... ဂိုဏ်းချုပ်လဲမရှိဘူး၊ ငါတို့ဌာနချုပ်က လိုက်လာတာဆိုတော့ ဝမ်ဖုံးတို့အဖွဲ့ သိကောင်းသိလိမ့်မယ်"

ယင်းသို့တွေးပြီးနောက် ရသေ့ကြီးအားဦးညွှတ်လိုက်သည်။

"တပည့်တော်တို့က ဌာနချုပ်ကလူတွေပါ... ရသေ့ကြီးတို့ကိုမသိတာခွင့်လွှတ်ပါ"

"ရပါတယ်"

ဝမ့်ဖက ဦးညွှတ်လိုက်ပြီး....

"ခဏစောင့်ပါရသေ့ကြီး... တပည့်တော်တို့ အဖွဲ့ကို သွားအကြောင်းကြားလိုက်ပါ့မယ်"

သူကပြောရင်း ခြေလှမ်းကျဲကျဲဖြင့် ဆိပ်ကမ်းသို့လျှောက်သွားလေသည်။



ဝမ့်ဖုံးဦးဆောင်သောအဖွဲ့က ဆိပ်ကမ်းစပ်တွင် အနားယူစောင့်နေကြသည်။ ဝမ့်ဖသည် ကိုယ်ရံတော် အမှတ်(၂)ဖြစ်သူ ဝမ့်ဖုံးအား မေးမြန်းလိုက်သည်။

"ဂိုဏ်းချုပ်တို့ ထွက်သွားကြပြီလား"

ဝမ့်ဖုံးခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... မင်းတို့ဘက်က အခြေအနေဘယ်လိုလဲ"

"အေးချမ်းပါတယ်... ဒါပေမဲ့ ဧည့်သည်သုံးယောက် ရောက်နေတယ်"

"ဧည့်သည်... ဘယ်ကဧည့်သည်လဲ"

"ရသေ့ကြီးတစ်ပါး၊ နောက် ပိန်ပိန်ရှည်ရှည်လူတစ်ယောက်နဲ့ နောက်ဆုံးတစ်ယောက်တော့ မျက်ခုံးမွေးနဲ့နှုတ်ခမ်းမွေး ဆက်နေတဲ့လူတစ်ယောက်"

ဝမ့်ဖုံး မျက်နှာကွက်ခနဲပျက်သွားသည်။

"လုရှောက်ဘုံး...."

ဝမ့်ဖ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘယ်လို... လုရှောက်တုံးဟုတ်လား၊ ဘယ်မှာလဲ"

"မင်းပြောတဲ့မျက်ခုံးမွေးနဲ့ နှုတ်ခမ်းမွေးဆက်နေတဲ့လူဟာ အမည်းရောင်သိုင်းသမား... တို့ရဲ့ဘုံရန်သူကွ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ့်ဖမှာထိတ်လန့်တုန်လှုပ်သွားပြီး ကြောင်အမ်းအမ်းဖြင့် ရပ်နေမိလေသည်။ ဝမ့်ဖုံးက....

"ကဲ... မြန်မြန်သွားကြမယ်၊ နို့မဟုတ်ရင် ငါတို့လုပ်ငန်းကို ဖျက်လိမ့်မယ်"

သူသည် လက်အောက်ငယ်သားများကိုခေါ်ဆောင်၍ ဝမ့်ဖနှင့်အတူပြေးလွှားသွားလေသည်။ သူတို့သည် ဝမ့်ဖကင်းစောင့်သောနေရာသို့ရောက်ရှိသောအခါ လုရှောက်တုံးတို့သုံးယောက်ကို မတွေ့ရတော့ပါ။

ဝမ့်ဖ၏ငယ်သား(၂၀)ခန့်တို့သည် မြေပေါ်၌လဲလျောင်းနေကြသည်ကိုသာ မြင်တွေ့လိုက်ရလေသည်။

ဝမ့်ဖက သူတို့အားစစ်ဆေးကြည့်ရှုလိုက်သည်။

သူ၏အဖွဲ့သား(၂၀)တို့သည် အသက်မသေကြပါ။ ဒဏ်ရာလည်း နည်းနည်းလေးမှမရကြပါ။ သွေးကြောအပိတ်ခံလိုက်ရသောကြောင့်ဖြစ်သည်ကိုတွေ့လိုက်ရလေသည်။

၀၀၀၀



နေဝင်သွားသည်မှာ အတန်ကြာလေပြီ။

လမိုက်သောည....

ကောင်းကင်တစ်ခုလုံး လရောင်မရှိ။ ကြယ်ကလေးများမမြင်ရ။ ဝန်းကျင်တစ်ခုလုံးမှောင်မည်း၍နေ၏။

မြစ်ရေများည် တသွင်သွင်စီးနေ၏။ လှေငယ်တစ်စင်းသည် ရေဆန်၍ ဟန်နိုကူးတို့ဆိပ်သို့ဦးတည်လှော်ခတ်နေ၏။ လှေငယ်ပေါ်၌ လှေလှော်သမားနှစ်ယောက် သတိကြီးစွာဖြင့် လှော်ခတ်နေရသည်။ လှေငယ်၏ဦးပိုင်းတွင် ဝမ့်ဖကထိုင်နေ၏။ မျက်နှာတစ်ထောင်ဒေဝီမှာမူ ပွဲပိုင်းမှာရပ်နေ၏။ သူတို့သည် မှောင်မည်းနေသောရေပြင်တွင် ငွေသေတ္တာပါသောကူးတို့ယာဉ်ကြီးကို ရှာဖွေနေလေသည်။

ဝမ့်ဖက ခေါင်းကိုမော့၍အသံပြုလိုက်လေသည်။

"ဂူး... ဖပ်... ဖပ်"

သူ၏အသံသည် မြစ်ရေပြင်ပေါ် လွင့်ပျံသွားလေ၏။ သို့ဖြင့် သုံးကြိမ်တိတိအသံပေးလိုက်သောအခါ တုံ့ပြန်သံများထွက်လာ၏။

"ဖပ်... ဂူး... ဖပ်... ဂူး"

ဝမ့်ဖ ဝမ်းသာသွားလေသည်။

"ဂိုဏ်းချုပ်ကြီး... ကူးတို့ရေယာဉ်ဘက်က တုံ့ပြန်တဲ့အသံကြားရတယ်"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ထောင်ဒေဝီ ဝမ်းသာသွားသည်။

"ကူးတို့ယာဉ်က တစ်ဖက်ကမ်းကိုသွားဆိုက်နေတာကိုး… ဘာလို့တက်မလာတာလဲ"

"ကူးတို့ယာဉ် တစ်ခုခုချွတ်ယွင်းနေလို့ဖြစ်မှာပေါ့"

"ဒါလဲဖြစ်နိုင်တယ်"

"ဟိုဘက်ကိုသွားရတော့မလားဂိုဏ်းချုပ်ကြီး"

မျက်နှာတစ်ထောင်ဒေဝီကခေါင်းညိတ်ပြလိုက်သဖြင့် ဝမ့်ဖသည် လေချွန်သံထွက်ပေါ်လာသောတစ်ဖက်ကမ်းသို့ အလျင်အမြန် လှော်ခတ်သွားလေသည်။

၀၀၀၀

စန့်ကွမ်းမင်းကြူးသည် မှောင်မည်းနေသောရှေ့ရေပြင်ပေါ်မှ အသံထွက်ပေါ်လာသည်ကိုကြားရသဖြင့် အသံလာရာဘက်သို့ သတိပြုနေစဉ် ဝမ့်ရီက တုံ့ပြန်အော်လိုက်သည်ကိုတွေ့မြင်လိုက်ရလေသည်။

"မင်းတို့ ဘာတွေလုပ်နေတာလဲ"

စန့်ကွမ်းမင်းကြူးကလှတ်ခနဲအော်မေးလိုက်သည်။

ဝမ့်ရီမှာ ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွားသည်။



"ဒါ ကျွန်တော်တို့ဂိုဏ်းရဲ့အချက်ပေးသံလေ"

ပြန်ဖြေရင်း သူ့စိတ်ထဲ၌သံသယများဖြစ်ပေါ်လာသည်။

စန့်ကွမ်းမင်းကြူးကဆက်မေးလိုက်သည်။

"လာတဲ့လူတွေက ဘယ်သူတွေလဲ"

"အသံပေးနေတာကတော့ဝမ့်ဖရဲ့အသံပါ… ဂိုဏ်းချုပ်ကြီး မမှတ်မိတော့ဘူးလား"

သူ ပို၍သံသယဝင်လာပြီး ထပ်မံအသံပြုလိုက်၏။

"ဝူး… ဝူး… ဝူး… ဖပ်… ဖပ်… ဖပ်"

တစ်ဖက်မှ အသံတုံ့ပြန်လာလေသည်။

"ဖပ်… ဖပ်… ဖပ်… ဝူး… ဝူး… ဝူး"

ထိုအသံသည် အမျိုးသမီးတစ်ယောက်၏အသံဖြစ်သည်။ အသံရှည်လျားပြီး ကြည်လင်နေ၏။ ထိုအသံရှင်သည် အတွင်းအား အတော်အတန် အဆင့်မြင့်ကြောင်းဖော်ပြနေသည်။

စန့်ကွမ်းမင်းကြူး ရင်ထိတ်သွားသည်။ မျက်နှာတစ်ထောင် ဒေဝီလိုက်လာသည်ကို ချက်ချင်းသိရှိလိုက်လေသည်။ အခြေအနေ မဟန်သဖြင့် သူမက လီစန်းလုံအားလှမ်းအော်လိုက်သည်။

"အခြေအနေမကောင်းဘူး… ပြေးကြမယ်"

သို့သော် သူမတို့ နောက်ကျသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဝမ့်ရီတို့လူစုက ခါးကိုယ်စီဖြင့် သူတို့အားဝိုင်းရံထားလိုက်ကြပြီးဖြစ်နေလေပြီ။

လှေငယ်တစ်စင်းသည် တဖြည်းဖြည်းနှင့်နီးကပ်လာလေသည်။ မျက်နှာတစ်ထောင်ဒေဝီ၏အသံလည်း ထွက်ပေါ်လာသည်။

"ဝမ့်ရီ... မင်းတို့ ဘာကြောင့် ဒီမှာလာပြီး ဆိုက်ကပ်ထားရတာလဲ"

"နောက်မှပြောပြပါ့မယ် ဂိုဏ်းချုပ်ကြီး... လှေပေါ်မှာ ရန်သူနှစ်ယောက်ရောက်နေတယ်... သူတို့ကိုဖမ်းဖို့အရေးကြီးပါတယ်"

ထိုအချိန်မှာပင် လီစန်းလုံကစတင်လှုပ်ရှားလိုက်သည်။

စန့်ကွမ်းမင်းကြူးကလည်း လှုပ်ရှားလိုက်သည်။ သူတို့နှစ်ယောက်သည်ဝိုင်းရံထားသောလူများကို လျှပ်တစ်ပြက်တိုက်ခိုက်ရင်း လှေပေါ်မှကမ်းဘက်သို့ ခုန်ချလိုက်လေတော့သည်။

"မလွတ်စေနဲ့... လိုက်ကြ"

ဝမ့်ရီ အမိန့်ပေးလိုက်သည်နှင့်သူ၏ငယ်သားများသည် ဓားကိုယ်စီဖြင့် လှေယာဉ်ပေါ်မှခုန်ဆင်းပြီး စန့်ကွမ်းမင်းကြူးနှင့် လီစန်းလုံတို့နောက်သို့ ပြေးလိုက်သွားကြလေသည်။

၀၀၀၀



မိုးမလင်းသေးပါ။ ကြက်တွန်သံများ စတင်ကြားနေရသည်။ ကူးတို့ယာဉ်သည် သုံးပွင့်ဆိုင်ချောင်းဆုံသို့ရောက်ရှိလာသည်။

ဝမ့်ဖတို့လူစုသည် ဆင်း၍ကြိုဆိုရန်ပြေးလွှားလာကြ၏။

သို့သော် ကူးတို့လှေသည် ရပ်တန့်ခြင်းမပြုပါ။

မျက်နှာတစ်ထောင်ဒေဝီ အမိန့်ပေးလိုက်သည်။

"ဝမ့်ဖ... ငါတို့ လမ်းကြောင်းပြောင်းလိုက်ပြီ၊ မင်းတို့အခြေအနေကြည့်ပြီး ဌာနချုပ်ရောက်အောင်ပြန်သွား... ဒါပဲ"

ဝမ့်ဖ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ကူးတို့လှေသည် ရေစီးရာသို့ဆက်လက်ဦးတည်သွားရာ မကြာမီ ကျယ်ပြန့်သောမြစ်ထဲသို့ရောက်ရှိသွားလေသည်။

ဝမ့်ဖသည် ကြောင်အမ်းအမ်းဖြင့်ကြည့်နေပြီးမှ သူ၏လူများကိုခေါ်ဆောင်၍လှည့်ပြန်သွားလေသည်။

၀၀၀၀

လှရောက်တုံးတို့သည် မျက်နှာတစ်ထောင်ဒေဝီက အစီအစဉ် ရုတ်တရက်ပြောင်းလိုက်မည်ကို လုံးဝမျှော်လင့်မထားပါ။ ကူးတို့လှေသည် ရပ်နားခြင်းမပြုဘဲ ဆက်လက်၍ရေအဟုန်ဖြင့်ပါသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှမကြိုတတ်တော့ပါ။ သူတို့သုံးယောက်သည် ဆိပ်ကမ်းနံဘေးမှ နံနက်စာရောင်းချသောဆိုင်ကလေးသို့ဝင်ရောက်သွားကြသည်။ နေလုံးကြီးသည် အီးမ်ခေါင်မိုးပေါ်သို့ရောက်ရှိနေလေသည်။ ရသေ့ကြီးက လုရှောက်တုံးအားလှည့်ကြည့်လိုက်သည်။

"ငါတို့ ဘာဆက်လုပ်ကြမလဲ"

လုရှောက်တုံးကခေါင်းခါယမ်းလိုက်သည်။

"ငါတို့လုပ်စရာ ဘာမှမကျန်တော့ဘူး"

"ဒါဖြင့် ငါပြန်တော့မယ်"

စောရကြယ်တံခွန်က ပခုံးတစ်ချက်တွန့်ပြလိုက်သည်။

"ဒီတစ်ခါတော့ ငါတို့အရှုံးကြီးရှုံးခဲ့ပြီ... ငါလဲပြန်မယ်"

လုရှောက်တုံး ပါးစပ်ပိတ်ထားလိုက်သည်။ သို့ဖြင့် သူတို့သုံးယောက်သည် ထိုနေရာမှာပင် လမ်းခွဲသွားကြလေသည်။

ဝဝဝဝ





( ၂၅ )

ဗိုလ်ကလေးဝမ့်ဝမ့်သည် ရထားလုံးနှစ်စီးကိုဟန့်တားနိုင်ခဲ့လေသည်။ သို့သော် သူတို့အဖို့ စိတ်မောလူမောသာဖြစ်ခဲ့သည်။

အကြောင်းမှာ ထိုရထားလုံးထဲ၌ ငွေသေတ္တာ လုံးဝမတွေ့ရဘဲ ခရီးသည်မိသားစုတင်ဆောင်လာသည်ကိုသာတွေ့ရှိခဲ့ရသောကြောင့်ဖြစ်သည်။ ဝမ့်ဝမ့်သည် ထိုခရီးသည်မိသားစုကိုတာဝန်အရမေးမြန်းပြီးနောက် ဆက်လက်သွားခွင့်ပြုလိုက်သည်။

ရထားလုံး ထွက်ခွာသွားပြီးနောက် ဝမ့်ဝမ့်သည် မည်သို့ဆက်လုပ်ရမည်ကိုပေခွဲမရဘဲရှိနေတော့၏။

ထိုအချိန်မှာပင် မြစ်ကမ်းဘက်မှလူနှစ်ယောက်သည် ကိုင်းပင်များကြားမှတိုးဝှေ့ထွက်လာသည်ကိုတွေ့လိုက်ရသည်။ ထိုလူနှစ်ယောက်မှာ စန့်ကွမ်းမင်းကြူးနှင့်လီစန်းလုံတို့ဖြစ်လေသည်။

သူတို့နှစ်ယောက်သည်ခေါင်းငုံ့၍ ကိုင်းပင်ကြားမှာ တိုးဝှေ့ထွက်လာစဉ်....

"ရပ်လိုက်"

ဟန့်တားသံကြောင့် သူတို့မော့ကြည့်လိုက်ရာ မင်းမှုထမ်းများဖြစ်နေကြသည်ကိုတွေ့ရသဖြင့် လီစန်းလုံဝမ်းသာသွား၏။

သူက စန့်ကွမ်းမင်းကြူးအားလှည့်ကြည့်လိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာကြည့်စမ်း… ရဲမက်တွေလာနေတယ်"

စန္ဒကွမ်းမင်းကြူးလည်း အားတက်သွားသည်။

သူမက လီစန်းလုံအား…

"ငွေသေတ္တာ ကူးတို့လှေထဲပါသွားတဲ့အကြောင်း မြန်မြန်သတင်းပို့လိုက်စမ်းပါ"

ထိုအချိန်တွင် ရဲမက်များသည် စန္ဒကွမ်းမင်းကြူးနှင့်လီစန်းလုံတို့အား ဝန်းရံပိတ်ဆို့လိုက်ကြသဖြင့် လီစန်းလုံ ခံပြင်းသွားသည်။

"ဒါ ဘာလုပ်တာလဲဗျ"

ဗိုလ်ကလေးဝမ့်ဝမ့်က သူ့အားလှည့်မကြည့်ဘဲ စန္ဒကွမ်းမင်းကြူးအား အကဲခတ်ကြည့်လိုက်သည်။

"ဒီမှာ စန္ဒကွမ်းတောင်း… အသာတကြည်အဖမ်းခံမလား ကျုပ်တို့ကတိုက်ခိုက်ပြီးဖမ်းရမှာလား"

"ကျွန်မမှာ ဘာအပြစ်ရှိလို့ဖမ်းချင်ရတာလဲ"

ဝမ့်ဝမ့်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာစန္ဒကွမ်းတောင်း… ခင်ဗျားရဲ့ပုံတူတွေ နေရာတကာမှာတွေ့နေတယ်၊ အခုက ခင်ဗျားကိုငွေတိုက်ဖောက်မှုနဲ့ဖမ်းမှာ"

လီစန်းလုံက ကမန်းကတန်းဝင်ရောက်ဖြေရှင်းပေးသည်။

"လူမှားနေပြီ… သူက မျက်နှာတစ်ထောင်ဒေဝီမဟုတ်ဘူး"



ဗိုလ်ကလေးဝမ့်ဝမ့်က သူ့အားလှည့်ကြည့်လိုက်၏။

"ဒါဖြင့် သူကဘယ်သူလဲ"

"သူက စန္ဒကွမ်း……"

စန္ဒကွမ်းတောင်းဟုနှုတ်ကျိုးနေသဖြင့် လွှတ်ခနဲထွက်သွားသည်။ စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်ရလေ၏။

ဗိုလ်ကလေးဝမ့်ဝမ့်က သူ့အားပြုံးစိစိဖြင့်ကြည့်ကာ…

"ပြောလေ… သူကဘယ်သူလဲ"

"သူ့နာမည်ရင်းကို ကျုပ်မမေးမိသေးဘူး… ဒါပေမဲ့ သူဟာ မျက်နှာတစ်ထောင်ဒေဝီ စန္ဒကွမ်းတောင်းမဟုတ်ဘူးဆိုတာ ကျုပ်ယုံကြည်ပါတယ်"

"ကဲပါလေ… ဒီကိစ္စ ဒီမှာရှင်းလို့မဖြစ်ဘူး၊ ကျုပ်နောက်ကို အသာတကြည်လိုက်ခဲ့ပါ၊ သက်ဆိုင်ရာ အာဏာပိုင်ရှေ့မှာ ကိုယ်တိုင်ရှင်းပြပါ"

လီစန်းလုံ ဒေါသထွက်လာလေသည်။

"ခင်ဗျားတို့က မင်းမှုထမ်းတွေဖြစ်လျက်နဲ့ ငွေတိုက်ဖောက်ပြီးငွေသေတ္တာလုယူသွားတဲ့လူနောက်ကို မီအောင်မလိုက်ဘဲ ကျုပ်တို့လိုအပြစ်မရှိတဲ့လူကို ဘာကြောင့် အချိန်ကုန်ခံပြီးဖမ်းနေရတာလဲ"

ဗိုလ်ကလေးဝမ့်ဝမ့်က စကားမပြောတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ရဲမက်များကို အမိန့်ပေးလိုက်လေသည်။

"သူတို့ကိုဖမ်းချုပ်လိုက်"

ရဲမက်များသည် ဓားကိုယ်စီဖြင့် သူတို့နှစ်ယောက်အား ချိန်ရွယ်ထားလိုက်ကြသည်။ ထိုအချိန်မှာပင် လီစန်းလုံက စန့်ကွမ်းမင်းကြူး၏လက်ကိုဆွဲကာ ရဲမက်များဝန်းရံထားသည့်ကြားမှ ထိုးဖောက်ထွက်ပြေးသွားလေတော့သည်။

လီစန်းလုံနှင့်စန့်ကွမ်းမင်းကြူးတို့သည် ဝန်းရံထားသော ရဲမက်များကြားမှ ထိုးဖောက်လွတ်မြောက်သွားကြလေသည်။

သူတို့သည် ဒေသမကျွမ်းသဖြင့် လမ်းမရှိရာသို့ဦးတည်၍ ပြေးလွှားနေမိသည်။ ဤသည်မှာ သူတို့၏မဟာအမှားပင် ဖြစ်လေသည်။ သူတို့ လမ်းမပေါ်သို့ရောက်လာသည်နှင့် ဗိုလ်ကလေးဝမ့်ဝမ့်၏မြင်းသည်တော်များက ဝန်းရံထားလေသည်။

စန့်ကွမ်းမင်းကြူးနှင့်လီစန်းလုံတို့သည် ရဲမက်များနှင့် ရင်ဆိုင်တိုက်ခိုက်လိုက်ရလေသည်။ စန့်ကွမ်းမင်းကြူး၏သိုင်းပညာသည် ကိုယ့်ကိုယ်ကို ကာကွယ်နိုင်သောအဆင့်ရှိ၏။

လီစန်းလုံ၏သိုင်းပညာလည်းမညံ့ပါ။ သူတို့နှစ်ယောက်သည် ဝန်းရံထားကြသောရဲမက်များအား တိုက်ခိုက်ထိုးဖောက်လိုက်ကြလေသည်။



တိုက်ပွဲသည် တဖြည်းဖြည်းပြင်းထန်လာသည်။

ဗိုလ်ကလေးဝမ့်ဝမ့်ကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်ရသည်အထိ တိုက်ပွဲသည် တစ်စထက်တစ်စပြင်းထန်လာလေသည်။

လီစန်းလုံနှင့်စန့်ကွမ်းမင်းကြူးတို့သည် ရဲမက်များထက် သိုင်းပညာများစွာသာ၏။

သို့သော် ဗိုလ်ကလေးဝမ့်ဝမ့်က သူ၏ရဲမက်များကိုသုံးဖွဲ့ခွဲ၍ တစ်လှည့်စီတစ်လှည့်စီ ပြောင်းလဲတိုက်ခိုက်လာသောကြောင့် အချိန်ကြာလာသောအခါ လီစန်းလုံတို့သည် ခြေကုန်လက်ပန်းကျလာကြလေတော့သည်။

အထူးသဖြင့် လီစန်းလုံသည် စန့်ကွမ်းမင်းကြူးအား အကာအကွယ်ပေးနေရသောကြောင့် အလွန်အမင်း ပင်ပန်းလာသည့်အပြင် ဒဏ်ရာများပင်ရရှိလာလေ၏။

စန့်ကွမ်းမင်းကြူး၏သိုင်းပညာမှာ လီစန်းလုံထက်မညံ့ပါ။ သို့သော် နုနယ်သောမိန်းကလေးတစ်ယောက်ဖြစ်နေသောကြောင့် ခံနိုင်ရည်အားနည်းလာလေသည်။

အခြေအနေသည် တဖြည်းဖြည်းဆိုးရွားလာသည်။

လီစန်းလုံက စန့်ကွမ်းမင်းကြူးအား ကာကွယ်ပေးရင်း....

"ငါ သူတို့ကို ခံထားမယ်... မင်းလွတ်အောင်သာပြေး"

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကွမ်းမင်းကြူးသည် လီစန်းလုံက မိမိအတွက် အသက်စွန့်ကာကွယ်ပေးနေသည်ကိုတွေ့ရှိလာသောအခါ ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားလေသည်။

သူမက ခေါင်းခါယမ်းပြလိုက်ပြီး....

"ကျွန်မ ဘာလို့ပြေးရမှာလဲ... မပြေးဘူး"

လီစန်းလုံ စိုးရိမ်ပူပန်လာလေသည်။

"အခြေအနေမကောင်းဘူး... နှစ်ယောက်စလုံး သေသွားမဲ့အစား တစ်ယောက်အသက်ချမ်းသာရာရသွားရင် မကောင်းဘူးလား"

"ဒါဖြင့် ရှင်ပဲပြေး... ကျွန်မ ကာကွယ်ပေးထားမယ်"

စန္ဒကွမ်းမင်းကြူးထံမှ မမျှော်လင့်သောစကားကို ကြားလိုက်ရသောအခါ လီစန်းလုံ၏ရင်ထဲတွင် ဖော်မပြနိုင်သောခံစားမှုတစ်ခုဖြစ်ပေါ်လာသည်။

သူ၏စိတ်ဓာတ်သည် တစ်မုဟုတ်ချင်း အဆပေါင်းများစွာတက်ကြွလာသည်။ သူသည် ဓားကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး ရန်သူများကို တစ်ဖွတ်ထိုးတိုက်ခိုက်လေတော့၏။

သူ၏ပြင်းထန်သောတိုက်ခိုက်မှုကြောင့် ရဲမက်များ ကမန်းကတန်း နောက်သို့ဆုတ်ပြေးကြရလေသည်။



ဗိုလ်ကလေးဝမ့်ဝမ့်သည် ဆက်တိုက်လျှင် သူတို့နှစ်ယောက်လွတ်မြောက်မည်ကိုသိ၍ စိုးရိမ်လာသည်။ ထို့ကြောင့် လက်နှစ်ဖက်အပေါ်မြှောက်ပြီး လက်ချောင်းလေးများဖွေ့ယမ်းလိုက်သည်။

ဝန်းရံထားကြသောရဲမက်များက နောက်သို့ဆုတ်သွား၏။ လီစန်းလုံနှင့်စန္ဒကွမ်းမင်းကြူးတို့ ကြောင်အမ်းအမ်းဖြစ်သွားကြသည်။ ရန်သူနောက်သို့ဆုတ်သွားသော်လည်း သူတို့ အထင်မသေးရဲပါ။ သူတို့သည် ကျောချင်းကပ်၍ ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား၏။ ရဲမက်များ နောက်တစ်ကြိမ်တိုက်ခိုက်လာလျှင် အသင့်ခုခံနိုင်ရန်ဖြစ်သည်။

"ပိုက်ကွန်...."

ဝမ့်ဝမ့်က ရုတ်တရက်အော်လိုက်၏။ သူ၏အသံ ဆုံးသွားသည်နှင့် ပိုက်ကွန်တစ်ခုသည် လီစန်းလုံတို့ဦးခေါင်းပေါ်သို့ အုပ်ချလာလေသည်။

ပိုက်ကွန်က လျှင်မြန်စွာကျလာသဖြင့် သူတို့နှစ်ဦးသည် ပြေးရန်အချိန်မရဘဲ ပိုက်ကွန်ထဲရောက်ရှိသွား၏။ ရဲမက်များက ပိုက်ကွန်ကိုဆွဲလိုက်ရာ သူတို့နှစ်ဦးသည် ရပ်မရနိုင်ဘဲလဲကျသွားကြလေတော့၏။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



( ၂၆ )

မျက်နှာတစ်ထောင်ဒေဝီစန္ဒကွမ်းတောင်းအား ဖမ်းဆီးမိသောသတင်းသည် ချန်အန်းတစ်မြို့လုံး ပျံ့လွင့်သွားလေသည်။

ဝမ့်ဝမ့်၏ရှေ့ပြေး သတင်းပို့ထားသောကြောင့် ချန်အန်းနယ်စားကြီးနှင့် သူ၏အမှုထမ်းအရာရှိများက ထွက်၍ကြိုဆိုကြ၏။ မြို့သူမြို့သားများသည် နာမည်ကျော်မျက်နှာတစ်ထောင်ဒေဝီကို ကြည့်ရှုရန် အလုအယက်ရောက်လာကြသည်။

"မျက်နှာတစ်ထောင်ဒေဝီ ငယ်ငယ်လေးပါလား"

"ဟုတ်တယ်... တစ်ချို့က အသက်လေးဆယ်ရှိပြီလို့ ပြောကြတယ်".

"ဟုတ်တယ်... သူက ရုပ်ပြောင်းရုပ်လွှဲသိပ်ကျွမ်းကျင်တယ်ဆိုပဲ"

"သူနဲ့ပါလာတဲ့ကောင်လေးကကော ဘယ်သူလဲ"

"သူ့ကိုယ်ရံတော်ဖြစ်မှာပေါ့"

"ဝမ့်ဝမ့်ကတော့ ဆုငွေလဲရမယ်၊ ရာထူးလဲတက်မယ်"

"သိပ်သေချာတာပေါ့"

နယ်စားကြီးသည် စန္ဒကွမ်းမင်းကြူးနှင့်လီစန်းလုံတို့အား အချုပ်ခန်းထဲပို့ရန် အမိန့်ပေးလိုက်သည်။



ဝမ့်ဝမ့်ကိုလည်း ကိုယ်တိုင်ကိုယ်ကျ ဂုဏ်ပြုအရက်ဖြင့် ချီးမြှင့်လေသည်။ ဝမ့်ဝမ့်မှာ ဆုငွေရရှိသည့်အပြင် ရာထူးလည်း တစ်ဆင့်တိုးမြှင့်သွား၏။ ရဲမက်များကိုလည်း ဆုငွေချီးမြှင့်သည်။

ဂုဏ်ပြုပွဲပြီးသောအခါ နယ်စားကြီးသည် သူ၏အကြံပေးအရာရှိဝမ်းပေသီးနှင့်အတူ ဓားမြတိုက်ခံရသောငွေများ ပြန်လည်ရရှိနိုင်ရန်ဆွေးနွေးကြလေသည်။

သူတို့သည် စန္ဒကွမ်းတောင်းအား နည်းမျိုးစုံဖြင့် စစ်ဆေးဖော်ထုတ်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

ဝဝဝဝ

ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေ၏။

အချုပ်ခန်းထဲတွင် မီးမရှိပါ။

သို့သော် ကောင်းကင်ပေါ်၌ လခြမ်းလေးပေါ်နေ၏။

ကြယ်ကလေးများလည်း ပြည့်နှက်နေ၏။

တို့ကြောင့် သူမတို့သည် အချုပ်ခန်းအလယ်ရှိ ကာရံထားသောသစ်လုံးကြားမှ တစ်ယောက်ကိုတစ်ယောက်မြင်နိုင်သည်။

ရက်ပေါင်းများစွာ အတူနေလာခဲ့သောကြောင့် သူမတို့သည် အလွန်ရင်းနှီးသည့်အဆင့်ထက် ကျော်လွန်လာကြပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခန်းနှစ်ခန်းစလုံး သူ့တို့နှစ်ယောက်မှလွဲ၍ တစ်ယောက်မျှမရှိပါ။ သူတို့နှစ်ယောက်သည် သစ်လုံးခြားသောအလယ်တွင်ရှိနေသည်။ တစ်ယောက်ကိုတစ်ယောက်စကားမပြောဘဲ ကြည့်နေကြသည်။

"ကျွန်မကြောင့် ရှင် အခုလိုဒုက္ခရောက်နေတာ"

"အို… ဒီလိုမပြောပါနဲ့လေ… ကိုယ်နှစ်ယောက်က ကံတူအကျိုးပေးတွေပါ"

"ငွေတွေဘယ်မှာထားတယ်ဆိုတာ သူတို့ကဖြစ်တဲ့နည်းနဲ့ ရိုက်စစ်မှာပဲ"

"ဒါ လွယ်ပါတယ်… မင်းက စန္ဒကွမ်းတောင်းမဟုတ်ဘူးဆိုတာ ဖွင့်ပြောလိုက်ပေါ့"

"သူတို့က ယုံမှာလား"

"မင်း အစစ်ခံရချိန်မှာ မင်းရဲ့နာမည်အရင်းနဲ့ မိဘနာမည်ကို ပြောပြလိုက်ပေါ့၊ ဒါဆို မင်းဟာ စန္ဒကွမ်းတောင်းမဟုတ်မှန်း သူတို့ သိသွားကြမှာပေါ့"

"ဒါဖြင့်… ရှင်ကော…"

လီစန်းလုံကပြုံးလိုက်သည်။

"မင်းထွက်သွားမှတော့ ငါ့ကိုလဲလွှတ်ပေးရတော့မှာပေါ့"



စန္ဒကွမ်းမင်းကြူးသည် စိတ်ထိခိုက်ဟန်ဖြင့်သက်ပြင်းချလိုက်လေသည်။

"ရှင့်အကြံကောင်းပေမဲ့ ကျွန်မ လက်မခံနိုင်ဘူး"

လီစန်းလုံ အံ့ဩသွားသည်။

"ဟင်…. ဘာဖြစ်လို့လဲ"

"ကျွန်မမိဘရဲ့နာမည်ကိုထုတ် ပြောလိုက်ရင် မိဘ ရဲ့ဂုဏ်ညှိုးနွမ်းသွားမှာပေါ့"

"မင်းမှာ ဘာအပြစ်မှမရှိဘဲ သိက္ခာမကျနိုင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် မိဘနှစ်ပါး ရုံးတို့… ဌာနတို့ရောက်ရတယ်ဆိုတာ သိက္ခာကျမှာပဲ"

သူမ သက်ပြင်းချလိုက်သည်။

"ကျွန်မ အသက်သာအသေခံမယ်… မိဘဆွေမျိုးရဲ့ ဂုဏ်သိက္ခာတော့ အထိခိုက်မခံနိုင်ဘူး"

လီစန်းလုံ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

စန္ဒကွမ်းမင်းကြူးက….

"ရှင့်မိဘ ဘယ်သူလဲ… ရှင် အပြစ်မရှိတဲ့အကြောင်း မိဘတွေဆီအကြောင်းကြားလိုက်ရင် ရှင့်အတွက် အာမခံပေးမှာပေါ့"

"ငါလဲမင်းလိုပါပဲ၊ ငါ့ကြောင့် မိဘမျက်နှာမပျက်စေချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရှင့်မိဘကဘာယ်သူလဲ... ဘယ်အာတိလဲ"

"သည်းခံပါ... ငါက အိမ်ကထွက်ပြေးလာတာ၊ မိဘရဲ့ ဂုဏ်သိက္ခာကိုထိန်းသိမ်းရမယ့်တာဝန်ရှိလို့ မပြောပါရစေနဲ့"

စန့်ကွမ်းမင်းကြူး မချိပြုံးပြုံးလိုက်လေသည်။

"ရှင်နဲ့ကျွန်မက ကံတူအကျိုးပေးလို့ဆိုရမှာပေါ့"

"ဟုတ်တယ်... တို့နှစ်ယောက်က ကံတူအကျိုးပေးတွေပါ၊ ဒါကြောင့် မင်းနာမည်အရင်းကို ပြောပြဖို့သင့်ပါတယ်"

"သည်းခံပါရှင် အကောင်းဆုံးကတော့ ကျွန်မအကြောင်းကို မသိချင်စမ်းပါနဲ့"

"နာမည်မပြောချင်နေပါလေ... မင်း ဘာကြောင့် အိမ်ကထွက်လာရတယ်ဆိုတာ သိပါရစေ"

"တိုတိုပဲပြောလိုက်မယ်... မိဘကပေးစားတဲ့ယောက်ျားကို ကျွန်မကလက်မခံနိုင်လို့ အိမ်ပြေးမလေးဘဝရောက်လာရတာပေါ့"

"ဟား... ဟား... ဟား"

"ရှင် ဘာလို့ရယ်နေတာလဲ"

"ကံတူအကျိုးပေး တိုက်ဆိုင်လွန်းလို့ပါဗျာ"

သူက စကားဆက်လိုက်သည်။

"ကိုယ်လဲ အိမ်ကထွက်ပြေးတဲ့သားမိုက်တစ်ယောက်ပါ"



စန့်ကွမ်းမင်းကြူး မျက်မှောင်ကုတ်သွားသည်။

"ဘာလဲ... ရှင့်မိဘပေးစားတဲ့မိန်းမ မလိုချင်လို့ ထွက်ပြေးလာတာဟုတ်လား"

"ဟုတ်ပါဗျာ... ဟုတ်ပါ"

စန့်ကွမ်းမင်းကြူးက အံ့သြစွာဖြင့် လီစန်းလုံအားကြည့်လိုက်သည်။ လီစန်းလုံကလည်း စန့်ကွမ်းမင်းကြူး၏မျက်နှာကိုငေးကြည့်သည်။

လီစန်းလုံက ကာရံထားသောသစ်လုံးကြားမှလက်လျှိုပြီး စန့်ကွမ်းမင်းကြူး၏လက်ဖဝါးနုနုအား အသာအယာ ဖမ်းဆုပ်ထားလိုက်လေသည်။

စန့်ကွမ်းမင်းကြူးက လက်ကိုပြန်ရုတ်သွားခြင်းမပြုပါ။

oooo

www.burmeseclassic.com

www.burmeseclassic.com



( ၂၇ )

ဝန်းကျင်တစ်ခုလုံး ဗိုလ်ဂျက်တ်ဆိတ်သွားသည်။

ဝန်းကျင်တစ်ခုလုံး လုံးဝတိတ်ဆိတ်နေသောကြောင့် သူတို့သည် တစ်ယောက်ရင်ခုန်သံကို တစ်ယောက်ကကြားနေရသည်ဟု ခံစားမိလေသည်။

သူတို့၏မြင်ကွင်းများမှာလည်း တစ်ယောက်မျက်နှာ တစ်ယောက်မြင်နေရသည့်အလား လောကတစ်ခုလုံးကိုပင် မေ့လျော့နေမိကြလေတော့၏။ ရုတ်တရက်…

"ခြွမ်း…"

သံကြိုးပြတ်ကျသောအသံ ထွက်ပေါ်လာသည်။ ထိုအသံကြားလိုက်ရမှ စန္ဒကွမ်းမင်းကြူးနှင့်လီစန်းလုံတို့သည် အိပ်မက်ဆန်ဆန်ဘဝမှလက်ရှိအခြေအနေသို့ပြန်လည်သက်ဝင်လာကြလေသည်။

အချုပ်ခန်းတံခါးသော့ မြေပေါ်ပြုတ်ကျသွားခြင်းဖြစ်သည်။ တံခါးအပြင်ဘက်၌ လူရိပ်တစ်ရိပ်ကိုမြင်တွေ့လိုက်ရသည်။

ထိုလူ၏မျက်နှာတွင် မျက်နှာဖုံးတပ်ဆင်ထားသည်ကို လရောင်ဖြင့် လျှပ်တစ်ပြက်တွေ့မြင်လိုက်သည်။

သူတို့ငေးကြည့်နေစဉ် လူရိပ်ပျောက်ကွယ်သွားသည်။

လီစန်းလုံ အချုပ်ခန်းထဲမှပြေးထွက်လိုက်သည်။



စန္ဒကွမ်းမင်းကြူး၏အချုပ်ခန်းတံခါးမှာလည်း ပွင့်နေသည်ကိုတွေ့ရသည်။ လီစန်းလုံက စဉ်းစားခြင်းမပြုတော့ပါ။

တံခါးတွန်းဖွင့်ပြီး ပြေးထွက်လာသော စန္ဒကွမ်းမင်းကြူး၏လက်ကိုဆွဲ၍ တစ်ဟုန်ထိုးပြေးလွှားထွက်ခွာသွားလေသည်။

၀၀၀၀

မိုးမလင်းသေးပါ။ ကြက်တွန်သံများ ကြားနေရ၏။

မိုးလင်းတော့မည်။ လီစန်းလုံနှင့်စန္ဒကွမ်းမင်းကြူးတို့သည် အရပ်လေးမျက်နှာမရွေးနိုင်ဘဲ လမ်းတွေ့ရာသို့ပြေးနေရ၏။

ယခု သူတို့သည် လီပေါင်း(၅)လီခန့် အဝေးသို့ရောက်ရှိနေပြီဖြစ်သည်။ နောက်မှလိုက်လာသောရန်သူများကိုလည်း လုံးဝမတွေ့ရတော့ပါ။

သူတို့သည် မောဟိုက်နေသဖြင့် ပြေးလွှားခြင်းကိုလျှော့ချလိုက်သည်။ မိုးကုပ်စက်ဝိုင်းတွင် အရုဏ်ဦး၏အလင်းရောင် စတင်ထွက်ပေါ်နေလေပြီ။

သူတို့နှင့်မဝေးလှသောနေရာတွင် ဈေးကလေးတစ်ဈေးရှိနေသည်ကိုတွေ့မြင်လိုက်ရသဖြင့် စန္ဒကွမ်းတောင်း စိတ်သက်သာရာရသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ရောက်ရင် နားကြရအောင်... အခုဆို စိတ်ချရပါပြီ"

စန့်ကွမ်းမင်းကြူးက လီစန်းလုံ တင်းကျပ်စွာဆုပ်ကိုင်ထားသောလက်ကိုပြန်ရုတ်လိုက်သည်။ ထိုအခါမှ လီစန်းလုံလည်း စန့်ကွမ်းမင်းကြူးလက်ကို တစ်ချိန်လုံးတင်းကျပ်စွာဆုပ်ကိုင်ထားမိသည်ကိုသတိရကာ အားတုံ့အားနာဖြစ်သွားလေသည်။

"ကျုပ်အစိုးရိမ်လွန်ပြီး လက်ကိုမလွှတ်ဘဲ ဆုပ်ကိုင်ထားမိတာကိုခွင့်လွှတ်ပါ"

စန့်ကွမ်းမင်းကြူးကပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးရှင်"

လီစန်းလုံ၏ရင်ထဲတွင် ချိုမြိန်သောအရသာတစ်ခုခံစားလာမိလေသည်။ စိတ်အားလည်း တက်ကြွလာသည်။

"ဈေးရောက်ရင် တစ်ခုခုစားကြရအောင်... ဗိုက်ဆာနေရောပေါ့"

စန့်ကွမ်းမင်းကြူးက ပြုံး၍ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ဈေးကလေးသည် ရပ်ရွာနှင့်အတန်ငယ်ဝေး၏။ ထိုဈေးမှာ ငါးရက်တစ်ဈေးဖြစ်နိုင်သည်။ အနီးရှိရပ်ရွာများမှလူများသည် ရောင်းဝယ်ရန် စုရုံးရောက်ရှိလာကြသဖြင့် အလွန်စည်ကားနေ၏။



လီစန်းလုံနှင့်စန့်ကွမ်းမင်းကြူးတို့သည် ခေါက်ဆွဲဆိုင် တစ်ဆိုင်အတွင်းသို့ဝင်ရောက်ထိုင်ချလိုက်သည်။

ဝက်ခြေထောက်ခေါက်ဆွဲတစ်ပန်းကန်စီမှာ၍ စားသောက်ကြ၏။ ခေါက်ဆွဲနှစ်ပန်းကန်စီစားသောက်ပြီးမှ နေသာထိုင်သာဖြစ်သွားလေသည်။ အချိန်ကစောလွန်းနေသောကြောင့် ဆိုင်ထဲတွင်လူရှင်းနေသည်။ စန့်ကွမ်းမင်းကြူးက သက်ပြင်းတစ်ချက်ချရင်း...

"တော်ပါသေးရဲ့... ကယ်မယ့်လူရောက်လို့ပေါ့"

"ဟုတ်တယ်... နို့မဟုတ်ရင် ကျုပ်တို့ ဘယ်လိုခံစားရမယ်ဆိုတာ မတွေးဝံ့ဘူး"

"ဟုတ်တယ်... သူတို့က ကျွန်မကို စန့်ကွမ်းတောင်း အစစ်ထင်ပြီး နှိပ်စက်မှာသေချာတယ်"

"ဟုတ်တယ်... ကျုပ်တို့သိပ်ကံကောင်းတာပဲ"

သူမက လီစန်းလုံအား စိုက်ကြည့်လိုက်သည်။

"ကျွန်မတို့ကိုလာကယ်တဲ့လူက ရှင်နဲ့သိလို့လား"

"ဟင့်အင်း မသိဘူး"

စန့်ကွမ်းမင်းကြူးက....

"ရှင့်အသိ ဒါမှမဟုတ် ကျွန်မအသိဖြစ်ရမယ်"

"ဒါတော့ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်... ဒီလိုပြောနိုင်တာလဲ"

"သူ ဘယ်သူလဲဆိုတာ ကျွန်မတို့မသိရအောင် မျက်နှာဖုံး စွပ်ထားတယ်လေ"

"ဒီလိုတော့ မဖြစ်နိုင်ဘူးထင်တယ်"

လီစန်းလုံက ဆက်ပြောသည်။

"ကျုပ်တို့အသိဆိုရင် မျက်နှာဖုံးတပ်ထားစရာမလိုဘူး... ပြီးတော့ ကျုပ်တို့ကိုလွတ်ကျွတ်အောင်လုပ်ပေးရမှာပေါ့၊ အခုတော့ တံခါးဖွင့်ပြီးတာနဲ့ သူထွက်ပြေးသွားတယ်"

"ဒါလဲဟုတ်တယ်... ဒီလိုဆိုရင် သူက ဘယ်သူလဲ၊ ကျွန်မတို့ကို ဘာကြောင့်လာကယ်တာလဲ"

"ကျုပ်လဲမပြောတတ်ဘူး"

"အကြောင်းတစ်ခုခုတော့ရှိလိမ့်မယ်... ဘာအကြောင်းလဲဆိုတာ ဘယ်သူမှမသိဘူး"

"ကျုပ်တို့လွတ်လာပြီပဲ... ဦးနှောက်ခြောက်ခံပြီး စဉ်းစားမနေပါနဲ့တော့"

"ကဲ... အခု ကျွန်မတို့ဘယ်သွားမလဲ"

"ကျုပ်တို့ ကိုယ့်အိမ်ကိုယ်ပြန်ကြမယ်"

"ဘာလဲ ရှင်နဲ့စေ့စပ်ထားတဲ့မိန်းကလေးကိုယူပါတော့မယ်



လို့ မိဘတွေကိုဝန်ချတောင်းပန်မလို့လား"

"မဟုတ်ပါဘူး... ကျုပ်အတွက် အရေးမကြီးပါဘူး၊ မင်းအတွက်တော့အိမ်ပြန်သင့်ပြီ၊ အပြင်မှာသွားလာနေဦးမယ်ဆိုရင် တစ်နေ့မဟုတ်တစ်နေ့ အဖမ်းခံရမယ်"

သူမ တွေဝေသွားသည်။ လီစန်းလုံက....

"ကျုပ်ပြောတာနားထောင်ပါ... မင်းအတွက် ကျုပ်စိုးရိမ်တယ်၊ ဒါကြောင့် အိမ်အထိလိုက်ပို့ပေးမယ်"

"ပြန်စေချင်ရင် ကျွန်မတစ်ယောက်တည်းပြန်မယ်၊ ရှင်လိုက်စရာမလိုဘူး"

"ကျုပ်နားလည်ပါတယ်... အိမ်အထိတော့ ပြန်ပို့လို့မသင့်ဘူး၊ တကယ်လို့ မြို့ကြီးထဲမှာနေရင် မြို့တံခါးပေါက်ထိ ပို့ပေးမယ်လေ"

စန့်ကွမ်းမင်းကြူးက အတန်ကြာစဉ်းစားလိုက်၏။

ပြီးမှ....

"ရှင့်အကြံကို ကျွန်မလက်ခံတယ်၊ ဒါပေမဲ့ ကျွန်မကိုတော့ ရှင်ကတိပေးရမယ်"

"ပြောလေ"

"ကျွန်မနေတဲ့မြို့အထိတော့မပို့နဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်ကိုလိုက်ပို့ပေးရမှာလဲ"

"ဟန်ကြူး"

သူမက စကားဆက်လိုက်သည်။

"ဟန်ကြူးမြို့ကိုရောက်ရင် လမ်းခွဲကြမယ်"

လီစန်းလုံ အနည်းငယ်စဉ်းစားသည်။

"ကောင်းပြီလေ"

"ကျွန်မနောက်ကိုခြေရာခံမလိုက်ဘူးလို့ ကတိပေးရမယ်"

လီစန်းလုံ နှင့်ခနဲခံစားလိုက်ရ၏။

"ကျုပ်တို့တွေ့ခွင့်မရတော့ဘူးလား"

စန့်ကွမ်းမင်းကြူးခေါင်းငုံ့ထားလိုက်သည်။

လီစန်းလုံကတောင်းပန်လိုက်သည်။

"မလွှဲမရှောင်သာလို့သာခွဲရမှာ... ကျုပ်တော့ခွဲရမှာကို စိတ်ထိခိုက်နေတယ်"

"ဒါဖြင့် ရှင့်ကိုဘယ်မှာတွေ့ရမလဲ... ပြော၊ ရှင့်အိမ် ဘယ်မှာလဲဆိုတာ ကျွန်မသိချင်တယ်"

"ဒီတစ်ခုတော့သည်းခံပါ... အချိန်မတန်သေးတဲ့အတွက် ပြောပြဖို့မသင့်သေးဘူး"

"ဒီတစ်ခါ ရှင့်အိမ်ပြန်ရောက်ရင် ရှင်နဲ့စေ့စပ်ထားတဲ့ သတို့



သမီးကိုလက်ခံမှာသေချာပါပြီ"

"ဒီလိုမပြောပါနဲ့ဟာ... ကျုပ်စိတ်ထဲမှာ ဘာတွေရှိလဲဆိုတာ မင်းသိပါတယ်"

စန့်ကွမ်းမင်းကြူး ပါးစပ်ပိတ်ထားလိုက်၏။

လီစန်းလုံက ငွေတုံးကလေးတစ်တုံးကို စားပွဲပေါ်တင်ထားလိုက်ပြီး....

"ကဲ... စန့်ကွမ်းတောင်း သွားကြမယ်"

ဟုပြောလိုက်လေ၏။

စန့်ကွမ်းမင်းကြူးက....

"ကျွန်မအဖမ်းခံရအောင် ရှင်ခေါ်နေတာလား"

လီစန်းလုံကပြုံးလိုက်ပြီး....

"ဒါဖြင့် မင်းနာမည်ကိုဘယ်လိုခေါ်ရမယ်ဆိုတာ ပြောပါ"

စန့်ကွမ်းမင်းကြူးပါးစပ်ပိတ်ထားလိုက်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ချန်အန်းနယ်စားကြီးသည် ခန်းမထဲကြီးထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏။ ဒေါသထွက်လွန်း၍ မျက်နှာတစ်ခုလုံးမှာ ကြက်ဖကြီးတစ်ကောင်ပမာ နီရဲ၍နေလေသည်။ သူ့ရှေ့တွင် အချုပ်ထောင်မှတာဝန်ကျရဲမက်များက ဒူးထောက်၍ ခေါင်းငုံ့ထားကြလေသည်။ သူတို့၏မျက်နှာများမှာမူ ဖြူဖပ်ဖြူရော်ဖြစ်နေကြသည်။

ခန်းမ၏ဝဲယာတစ်ဖက်တစ်ချက်တွင် မှူထမ်းရာထမ်းများ တန်းစီ၍ ဆိတ်ငြိမ်စွာရပ်နေကြသည်။ စားပွဲနံဘေးတွင် အကြံပေးအရာရှိဝမ်းပေသီး ထိုင်နေ၏။ သူ၏မျက်နှာတစ်ခုလုံးလည်း မကြည်မသာဖြစ်နေလေသည်။

နယ်စားကြီးက ခြေလှမ်းရပ်လိုက်သည်။ သူ၏မျက်လုံးအစုံသည် မီးများပေါက်ထွက်မတတ်နီရဲ၍နေ၏။

"မင်းတို့ တော်တော်အသုံးမကျတဲ့ကောင်တွေ"

သူ၏အသံသည် အခန်းတစ်ခုလုံးဟိန်းထွက်နေသည်။

အချုပ်ခန်း တာဝန်ကျသောရဲမက်များ၏ဦးခေါင်းသည် ကြမ်းခင်းကျောက်ပြားနှင့်ထိလုမတတ် ငုံ့သွားကြလေသည်။

နယ်စားကြီးက ဝဲယာတစ်ဖက်တစ်ချက်၌ ရပ်နေကြသော အမှုထမ်း အရာထမ်းများကိုလည်း အလွတ်မပေးပါ။

"မင်းတို့ကော ဘယ်မှာအသုံးကျလို့လဲ"



အမှုထမ်းများ ခေါင်းငုံ့ထားကြလေသည်။ နယ်စားကြီးက အကြံပေးအရာရှိဝမ်းပေသီးဘက်သို့ ချာခနဲလှည့်လိုက်သည်။

"ဝမ်းပေသီး... ပြောစမ်းပါဦး၊ ကျုပ်ဘာဆက်လုပ်ရမလဲ"

ဝမ်းပေသီးက လက်ကာပြလိုက်သည်။

"နယ်စားကြီး ဒေါသကြီးနေလို့အလုပ်မပြီးဘူး... ဒါကြောင့် ဒေါသကိုလျှော့ပါ"

"ကျုပ်လဲ ဘယ်ဒေါသထွက်ချင်ပါ့မလဲ... အခုကိစ္စက ငွေဆယ်သိန်းဗျ... ကျုပ်လျော်နိုင်ပါ့မလား"

"နယ်စားကြီး လျော်စရာမလိုပါဘူး"

"ခင်ဗျား ဘာပြောလိုက်တယ်... ငွေဆယ်သိန်းမလျော်ရဘူးဟုတ်လား"

"ဒီငွေဆယ်သိန်းဟာ ဓားပြတိုက်ခံရတာ... နယ်စားကြီးက အလွဲသုံးစားလုပ်လို့မှမဟုတ်ဘဲ"

"ခင်ဗျားပြောတော့ လွယ်လွယ်လေး... ဒီတစ်ရက်နှစ်ရက်အတွင်း အထက်က အရေးယူလာတော့မှာဗျ... ဒါကို ကျုပ်ကဘယ်လိုဖြေရှင်းရမှာလဲ"

"ငွေတိုက်ဖောက်ခံရတဲ့အကြောင်း တင်ပြရုံပါပဲ၊ ပြီးတော့ ဒီငွေတိုက်ဖောက်တဲ့တရားခံကို လိုက်လံဖမ်းဆီးနေပါတယ်လို့တင်ပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပေါ့၊ အခု နယ်စားကြီးလဲ အပူတပြင်းလိုက်နေတာပဲ မဟုတ်လား"

နယ်စားကြီးသည် ဝမ်းပေသီး၏စကားကိုကြားလိုက်ရမှ ဒေါသအနည်းငယ်ပြေသွားလေသည်။

"ကောင်းပြီ... ဒီအမှုကို ခင်ဗျားတာဝန်ယူပြီး အထက်ကို အစီရင်ခံစာရေးပါ၊ ကျုပ်ကတော့ ဒီတရားခံပေါ်အောင် အစွမ်းကုန်ကြိုးစားမယ်"

"အမိန့်အတိုင်းပါနယ်စားကြီး... ခေါင်းအေးအေးထားပြီး စီစဉ်ရင် အားလုံးကောင်းသွားပါလိမ့်မယ်"

နယ်စားကြီးက အမှုထမ်းနှင့်ရဲမက်များဘက်သို့လှည့်၍ အမိန့်ချလိုက်လေသည်။

"အခုအချိန်ကစပြီး ငွေတိုက်ဖောက်သွားတဲ့တရားခံကို အစွမ်းကုန်ဖော်ထုတ်ရမယ်... ဒါပဲ"

ထိုအမိန့်ကြားလိုက်ရမှ အမှုထမ်းနှင့်ရဲမက်များ စိတ်သက်သာရာရသွားကြတော့သည်။

oooo



( ၂၈ )

ကျောက်တစ်လုံးတောင်ပေါ်ရှိ ဌာနချုပ်တစ်ခုလုံးမှာ မီးလုံးများထွန်းလင်းထားသဖြင့် ထိန်ထိန်လင်းနေ၏။

ခန်းမရှေ့ရှိ မြေကွက်လပ်ပေါ်တွင် ခုံတန်းရှည်များ လှပစွာ လှပစွာ ခင်းကျင်းထားလေသည်။ အဖွဲ့သားများ ပျားပန်းခတ်မျှ အလုပ်ရှုပ်နေကြသည်။

ယနေ့ညသည် မျက်နှာတစ်ထောင်ဒေဝီ၏ဂုဏ်ပြုပွဲကျင်းပသောညတစ်ညဖြစ်လေသည်။

ခန်းမထဲတွင် ငွေသေတ္တာလေးလုံးတန်းစီ၍ချထား၏။

ဂိုဏ်းသားများ ပျော်ပျော်ရွှင်ရွှင် သောက်စားလျက် အစွမ်းကုန်ပျော်ရွှင်နေကြလေသည်။

သူတို့သည် အချင်းချင်းငွေသေတ္တာများကို မည်ကဲ့သို့စွန့်စွန့်စားစား ခက်ခက်ခဲခဲအရယူလာကြသည့်အကြောင်းကို ပြောမဆုံးပေါင် တောသုံးတောင် ဝင့်ကြွားပြောဆိုနေကြ၏။

ထိုအချိန်မှာပင်.....

ရုတ်တရက် အသံတစ်သံထွက်ပေါ်လာသည်။

"ဂိုဏ်းချုပ်ကြီး ကြွလာပါပြီ"

အသံဗလံအားလုံး ရုတ်ခြည်းဆိတ်ငြိမ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် အဖွဲ့သားအားလုံး မတ်တတ်ရပ်လိုက်ကြပြီး ရောက်လာသောဂိုဏ်းချုပ်စန့်ကွမ်းတောင်းအား အရိုအသေပြုလိုက်ကြသည်။

စန့်ကွမ်းတောင်း၏မျက်နှာတစ်ခုလုံး ပြုံးရွှင်၍နေ၏။

ဂိုဏ်းသားများက အရက်ခွက်ကိုမြှောက်ကာ....

"ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော်ရှည်ပါစေ"

ဟု သံပြိုင်ဂါရဝပြုလိုက်သည်။ ဂိုဏ်းချုပ်စန့်ကွမ်းတောင်းက လက်နှစ်ဖက်မြှောက်ပြီး....

"အားလုံးထိုင်ကြပါ"

အဖွဲ့သားအားလုံးထိုင်ကြပြီးနောက် ဂိုဏ်းချုပ်စန့်ကွမ်းတောင်းက စတင်ပြောဆိုလိုက်သည်။

"ဒီနေ့ဟာ မင်္ဂလာရှိတဲ့ညပါ... ငါတို့ဂိုဏ်းအတွက် ငွေဆယ်သိန်းရန်ပုံငွေရလိုက်ပါပြီ၊ ဒီငွေဆယ်သိန်းကို ဘယ်လောက်ပင်ပန်းပြီး စွန့်စွန့်စားစားသယ်ဆောင်လာရတယ်ဆိုတာကို အားလုံးသိပြီးပြီမို့ အထူးမပြောတော့ပါဘူး"

သူက စကားဆက်လိုက်သည်။

"ဒီဂုဏ်ပြုပွဲဟာ သက်စွန့်ဆံဖျားစွမ်းဆောင်ခဲ့တဲ့အဖွဲ့သားတွေကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုတဲ့ပွဲပါ"



သူမ၏စကားဆုံးသည်နှင့် ဩဘာသံများ ဆူညံသွားသည်။

စန့်ကွမ်းတောင်းက လက်နှစ်ဖက်မြှောက်ပြသည်။

အသံဗလံအားလုံး ငြိမ်သက်သွားသည်။

စန့်ကွမ်းတောင်းက သူမ၏သက်တော်စောင့်များကိုခေါင်းညိတ်ပြသည်။ သက်တော်စောင့်လေးယောက်တို့သည် ဓားကိုယ်စီဖြင့် သေတ္တာပေါ်မှသော့ခလောက်များကိုဖွင့်ချလိုက်၏။

အဖုံးဖွင့်လိုက်သည်နှင့် စန့်ကွမ်းတောင်းသည် သေတ္တာရှိရာသို့လျှောက်သွားလေသည်။ သက်တော်စောင့်လေးယောက်၏ မျက်နှာများ ပျက်နေသည်ကိုသတိပြုမိသည်။

သို့သော် ငွေသေတ္တာထဲမှငွေတုံးများကိုကြည့်လိုက်သောအခါ ပြုံးနေသောသူမ၏မျက်နှာတစ်ခုလုံးသည် ဖြူဖပ်ဖြူရော်အရောင်များပြောင်းလဲသွားတော့၏။

သူမတစ်ကိုယ်လုံး တောင့်တင်းသွားသည်။ မျက်လုံးအစုံမှာလည်း ငွေတုံးများကိုစိုက်ကြည့်နေ၏။

အတန်ကြာမှ သူမအသံလွှတ်ခနဲထွက်သွားသည်။

"ဟင်... ငွေအတုတွေဖြစ်နေပါလား"

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပြုပွဲ....

ဂုဏ်ပြုပွဲသည် စိတ်ဓာတ်အလွန်ကျရပြီး အရှက်ရသောပွဲအဖြစ်သို့ပြောင်းလဲသွားသည်။ အဖွဲ့သားများသည် ကိုယ်ထင်ရာ မြင်ရာများကို တစ်ယောက်တစ်ခွန်း ဆူဆူညံညံပြောဆိုနေကြသည်။

"ဟေ့... မင်းတို့သယ်လာတဲ့ငွေသေတ္တာဟာ ဘာကြောင့် ငွေအတုတွေဖြစ်သွားရတာလဲ"

"မသိဘူး... ငွေတိုက်ထဲကနေ သယ်ထုတ်လာတာပဲ"

"လမ်းမှာရော ကြားလူက ဝင်လဲသွားသေးသလား"

"ဘာတွေလျှောက်ပြောနေတာလဲ... ဒီငွေသေတ္တာတွေကို လမ်းတစ်လျှောက်လုံး ကိုယ်တိုင်ကိုယ်ကျသယ်လာတာ"

"ခက်တာပဲဗျာ... ငွေတိုက်ထဲမှာကိုက ငွေတုတွေများဖြစ်နေမလား"

"ဒါတော့ မပြောတတ်ဘူး"

ဂိုဏ်းချုပ်ကြီး၏အသံ ထွက်ပေါ်လာသည်။

"အားလုံးငြိမ်ငြိမ်နေကြ"

အသံဗလံများ အားလုံးငြိမ်သက်သွား၏။

အားလုံးသောမျက်လုံးတို့သည် ဂိုဏ်းချုပ်စန့်ကွမ်းတောင်း ထံသို့ရောက်ရှိသွား၏။



စန့်ကွမ်းတောင်းက....

"ဒီငွေသေတ္တာတွေဟာ ငွေတိုက်ကထုတ်လာတယ်ဆိုတာ သေချာတယ်၊ လမ်းတစ်လျှောက်လဲ ဘာမှမဖြစ်ဘူး၊ ဒါ ကြောင့်...."

သူမက ခေတ္တရပ်နားပြီးမှဆက်၍ပြောသည်။

"ဒီသေတ္တာထဲမှာရှိတဲ့ငွေတွေဟာ အားလုံးငွေအတုတွေ ဖြစ်ရမယ်၊ ဒါမှမဟုတ် တို့က ကံဆိုးပြီး ငွေတုထည့်ထားတဲ့သေတ္တာ ကိုမှသယ်မိတာဖြစ်ရမယ်"

ဝမ့်ဖက....

"ဂိုဏ်းချုပ်ဆိုလိုတာက ငွေတိုက်ထဲမှာရှိတဲ့ငွေသေတ္တာကို တစ်ယောက်ယောက်က တိတ်တဆိတ်လဲထားလိုက်တယ်ဆိုတဲ့ သဘောလား"

"ဒါ သေချာတယ်"

"အဲ့ဒီလူ ဘယ်သူလဲဆိုတာ ဂိုဏ်းချုပ်ခန့်မှန်းလို့ရမလား"

"ငါလဲမပြောတတ်ဘူး... ဒါပေမယ့် ဒီလူဟာ ငွေတိုက်မှာ အာဏာရှိတဲ့လူဖြစ်ရမယ်"

"အခု ဂိုဏ်းချုပ်က ဘာလုပ်ဖို့စဉ်းစားထားလဲ"

"အခု ငါတို့က ငွေမရဘဲ ငွေဆယ်သိန်းဖောက်သွားတယ် လို့ အားလုံးကယူဆနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါသေချာတယ်... ဂိုဏ်းချုပ်"

သူမက အံကိုတင်းတင်းကြိတ်ပြီး....

"ဘယ်ရမလဲ... ငွေတုလဲထားတဲ့တရားခံ ဘယ်သူလဲဆိုတာ ဖော်ထုတ်ပြီး ကောင်းကောင်းဆုံးမရမယ်"

ဟုကြုံးဝါးလိုက်တော့သည်။

၀၀၀၀



( ၂၉ )

လုပသောဆည်းဆာရောင်ခြည်များသည် ပန်းပေါင်းစုံပွင့်နေသောခြံကလေးတစ်ခုပေါ် ထိုးကျနေ၏။

မန်းလူသည် ရေလောင်းကရားတပ်လုံးကိုင်လျက် ပန်းအိုးလေးများကိုရေလောင်းပေးနေ၏။ လုရှောက်တုံးသည် ခြံဝင်းတံခါးကို အသာအယာတွန်းဖွင့်၍ ခြံထဲသို့ဝင်ရောက်လာလေသည်။

လေထုထဲ၌ လွင့်ပျံနေသောပန်းရနံ့များကိုရှူရှိုက်လိုက်ရသောအခါ သူ၏မွန်းကျပ်နေသော ရင်ထဲမှအစိုင်အခဲများသည် တစ်ဝက်ခန့်ပြေပျောက်သွားလေသည်။

"အပေါ်တက်ခဲ့လေကွာ... လုရှောက်တုံး"

မန်းလူအား မတွေ့ရသေးပါ။

သူ၏အသံက ခရီးဦးကြိုဆိုနေလေသည်။

လုရှောက်တုံး သက်ပြင်းတစ်ချက်ချမိလေသည်။

"မင်းဟာ မျက်မမြင်တစ်ယောက်ဖြစ်နေပေမဲ့ ငါတို့ထက်အများကြီးစိတ်ချမ်းသာနေပါတယ်"

သူကပြန်ပြောရင်း အပေါ်ထပ်သို့တက်သွားလေသည်။

"လာ ထိုင်... မင်းကြိုက်တဲ့လက်ဖက်ခြောက်နဲ့ကျိုထားတဲ့ ရေနွေးကြမ်း"

www.burmeseclassic.com

www.burmeseclassic.com



လုရှောက်တုံးက ရေနွေးကြမ်းကိုငုံ၍သောက်ရင်း....

"ငါလာမယ်လို့ မင်းဘယ်လိုလုပ်သိသလဲ"

မန်းလူက ပြုံးလိုက်သည်။

"အိမ်ခေါင်မိုးမှာရှိတဲ့ ရောင်စုံကျီးကန်းက သတင်းပေးနေတယ်လေ"

လုရှောက်တုံးသည် ရေနွေးကြမ်းကိုအဝသောက်ပြီးမှ ခြေလက်ဆန့်ကာလေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။ မန်းလူက လက်မှရေလောင်းကရားကိုချထားပြီး စားပွဲအနီးသို့လာရောက်ထိုင်ချလိုက်လေသည်။

"ပြောပါဦးလေ... စန့်ကွမ်းတောင်းနဲ့တွေ့ခဲ့ရဲ့လား"

လုရှောက်တုံးကမချိုပြုံးပြုံးလိုက်သည်။

"တွေ့ပါတယ် တို့စောင့်ကြပ်တဲ့ကြားက ချန်အန်းငွေတိုက်ကငွေဆယ်သိန်းဖောက်ထွင်းသွားတယ်လေ"

"ဒီမိန်းမကိုအထင်သေးလို့မရဘူး၊ မင်းတို့ကော ဒီကိစ္စမဝင်ခဲ့ဘူးလား"

"ဘယ်နေပါ့မလဲ... ရသေ့ကြီးလဲပါတယ်... ခါးပိုက်နှိုက်လဲပါတယ်"

"ကဲ... ရှည်တယ်၊ နောက်ဆုံးအခြေအနေပဲသိချင်တယ်"



"ကျုပ်လဲတိုတိုပဲပြောပြမယ်... ငွေဆယ်သိန်းပါသွားတယ်"

မန်းလူ ပါးစပ်ပိတ်ထားလိုက်သည်။ အတန်ကြာမှ....

"မင်း ဘယ်ကိုဝင်ခဲ့သေးလို့လဲ"

"ကျုပ်က သောက်နေကျဆိုင်ကလေးထဲမှာ အနားယူရင်း အရက်ကိုစိတ်ပြေလက်ပြေသောက်နေတယ်"

"ကျုပ်ဆီမှာ မင်းတို့ကြိုက်တဲ့အရက်ရှိတာပဲ၊ ဘာကြောင့်ဟိုမှာ နှစ်ရက်တောင်ကြာနေရတာလဲ"

"ကျုပ်နဲ့ပတ်သက်တဲ့အမှုတွေထဲမှာ တစ်ခါမှဒီအမှုလောက်အရှက်မကွဲခဲ့ဘူး၊ ဒါကြောင့် စိတ်ပျက်ပျက်နဲ့အရက်ကိုဖိသောက်နေတာပေါ့"

မန်းလူက ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား"

လုရှောက်တုံး မျက်မှောင်ကုပ်သွားသည်။

"မင်း ဘာရယ်တာလဲကွ"

"မင်းကစိတ်ညစ်လို့ အရက်ဖိသောက်နေတဲ့အချိန်မှာ စန့်ကွမ်းတောင်းတို့က ငွေဆယ်သိန်းရတဲ့အထိမ်းအမှတ်နဲ့ အားရပါးရ အရက်သောက်နေမယ်ဆိုတာ တွေးမိလာလို့ပါ"

ထိုအချိန်မှာပင်....

www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်သောအသံတစ်သံထွက်ပေါ်လာလေသည်။

"မထင်ပါနဲ့"

လုရှောက်တုံးနှင့်မန်းလူတို့က ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။ အမျိုးသမီးတစ်ယောက် မည်သည့်အချိန်က လှေကားထိပ်သို့ရောက်မှန်းမသိ ရောက်ရှိနေသည်ကိုတွေ့လိုက်ရသည်။

ထိုအမျိုးသမီးသည် အသက်လေးဆယ်ကျော်ခန့်ရှိသည်ဟု ခန့်မှန်းရသည်။ သို့သော် ထိုအမျိုးသမီးသည် တစ်ချိန်က အလွန်လှပချောမောသောအလှမယ်တော်တစ်ယောက်ဖြစ်ခဲ့သည်ကို ဖုံးကွယ်၍မရချေ။ မန်းလူထံမှ အသံထွက်လာသည်။

"ကျုပ်အိမ်ကို အခုလို ရှားရှားပါးပါးညှို့သည်ရောက်လာတာ ဝမ်းပန်းတသာကြိုဆိုပါတယ်ဗျာ"

လုရှောက်တုံးကလည်း ထရပ်လိုက်ပြီး...

"အိမ်ရှင်ကိုတွေ့ချင်လို့လား"

အမျိုးသမီးက သူ့အား စိုက်ကြည့်လိုက်သည်။

"လုရှောက်တုံးကိုလဲတွေ့ချင်ပါတယ်"

မန်းလူက....

"အထဲကိုကြွပါ... ထိုင်ပါဗျာ"

"ကျွန်မ ထိုင်ဖို့လာတာမဟုတ်ဘူး"



"ဒါဖြင့် ကိစ္စပြောပါ"

အမျိုးသမီးက လုရှောက်တုံးကိုစိုက်ကြည့်လိုက်သည်။

"ချန်အန်းမြို့ကငွေတိုက်ဖောက်ပြီး ငွေဆယ်သိန်းယူသွားတဲ့လူဟာ ကျွန်မပါ"

လုရှောက်တုံး ထိတ်ခနဲဖြစ်သွားလေသည်။

"ခင်ဗျား စန့်ကွမ်းတောင်း...."

အမျိုးသမီးက အသံအေးအေးဖြင့်....

"ဟုတ်ပါတယ်"

"ဒါနဲ့ ခင်ဗျား ဘာကိစ္စနဲ့ကျုပ်ဆီကိုလိုက်လာရတာလဲ"

"စကားတစ်ခွန်းပြောချင်လို့ပါ"

လုရှောက်တုံး ကြောင်အမ်းအမ်းဖြစ်သွား၏။

"ဘာပြောမလို့လဲ... ပြောပါ"

စန့်ကွမ်းတောင်းကတစ်ခွန်းချင်းပြောချလိုက်၏။

"ကျွန်မတို့ သက်စွန့်ဆံဖျားလုယူလာတဲ့ငွေသေတ္တာထဲမှာရှိတဲ့ငွေတွေဟာ ငွေအတုဖြစ်နေတယ်ဆိုတာ ရှင်သိစေချင်လို့ပါ"

"ဘာ.... ငွေအတု.... ဟုတ်လား"

"ဟုတ်တယ်... ငွေသေတ္တာလေးလုံးထဲမှာပါရှိတဲ့ ငွေတွေဟာ အားလုံးအတုဖြစ်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လုရှောက်တုံးသည် မယုံကြည်နိုင်လောက်အောင် အံ့သြသွားလေသည်။ သူသည် အတန်ကြာတွေဝေနေရာမှစန့်ကွမ်းတောင်းအားလှမ်းကြည့်လိုက်သည်။ သို့သော် သူမအားမတွေ့ရတော့ပါ။

လုရှောက်တုံး မျက်မှောင်ကုတ်သွားလေသည်။

"မန်းလူ… သူပြောတာ ဟုတ်မှဟုတ်ရဲ့လားဗျာ"

"သူဆိုတာ ဘယ်သူ့ကိုဆိုလိုတာလဲ"

"စန့်ကွမ်းတောင်း…"

"မင်း စန့်ကွမ်းတောင်းကိုမြင်ဖူးသလား"

"အရင်တုန်းကတော့ နာမည်သာကြားဖူးတာ… ခုတလောမှာ သူ့ကိုတစ်ခါနှစ်ခါမြင်ဖူးတယ်"

"စန့်ကွမ်းတောင်းရဲ့နောက်ထပ်နာမည်တစ်ခုက မျက်နှာတစ်ထောင်ဒေဝီလို့ခေါ်တယ်မဟုတ်လား"

"ဟုတ်တယ်"

"သူ့ကို ဘာကြောင့် မျက်နှာတစ်ထောင်ဒေဝီလို့ခေါ်ကြတာလဲ"

လုရှောက်တုံး စိတ်မရှည်နိုင်တော့ပါ။

"ရုပ်ဖျက်ပညာကျွမ်းကျင်လို့ အခုလိုမျက်နှာတစ်ထောင်ဒေဝီလို့ခေါ်တာ"



"သူကရုပ်ဖျက်ကျွမ်းကျင်လို့ ဘယ်မျက်နှာဟာ သူ့မျက်နှာအစစ်ဖြစ်တယ်ဆိုတာ ဘယ်သူမှမပြောနိုင်ကြသေးပါဘူး"

လုရှောက်တုံးက ပါးစပ်ပိတ်ထားလိုက်သည်။ ထိုအချိန်တွင် အသံတစ်သံထွက်ပေါ်လာသည်။

"အခုလာသွားတဲ့အမျိုးသမီးဟာ စန့်ကွမ်းတောင်းအစစ်ပါ"

ထိုစကားနှင့်အတူ ရသေ့ကြီးကရှေ့ဆုံးမှ အပေါ်ထပ်သို့တက်လာသည်။ သူ့နောက်တွင် စောရကြွယ်တံခွန်ပါလာလေသည်။

မန်းလူက ရသေ့ကြီးတို့ကိုဆီးကြိုလိုက်သည်။

"မင်းတို့ရောက်လာတာ အတော်ပဲဟေ့"

လုရှောက်တုံးက…

"စန့်ကွမ်းတောင်း စစ်တယ်မစစ်ဘူးဆိုတာ ခဏထားဦး၊ အခု သူတို့လုယူထားတဲ့ငွေဟာ အတုဖြစ်တယ်လို့ သူက လာပြောသွားတယ်"

စောရကြွယ်တံခွန်က…

"ကျုပ်ယုံတယ်"

လုရှောက်တုံး မျက်မှောင်ကုတ်သွားလေသည်။

"မင်းက ဘာကြောင့် သူ့ကိုယုံကြည်ရတာလဲ"

"သက်သေအထောက်အထားရလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လုရှောက်တုံးက သူ့အား အကဲခတ်စိုက်ကြည့်လိုက်သည်။

"မင်းဆိုလိုတာက ကျောက်တစ်လုံးတောင်ရှောက်ခဲ့တယ် ဟုတ်လား"

"ရှောက်သွားရုံမကဘူး... ဟောဒီငွေတုံးတစ်တုံးပါ ပါလာသေးတယ်"

သူကပြောရင်း ငွေတုံးတစ်တုံးကို စားပွဲပေါ်သို့ချထားလိုက်သည်။ မီးရောင်အောက်တွင် ထိုငွေတုံး၏အရောင်မှာ ခဲရောင်သန်းနေ၏။ လုရှောက်တုံးက....

"ဒီငွေတုံးကို မင်းနှိုက်ခဲ့တာဟုတ်လား"

စောရကြယ်တံခွန်က....

"ဟုတ်တယ်"

လုရှောက်တုံးက ပါးစပ်ပိတ်ထားလိုက်လေသည်။

အခန်းထဲ၌ လူလေးယောက်သည် ငြိမ်သက်စွာ ဝိုင်းဖွဲ့ထိုင်နေကြသည်။ အတန်ကြာမှ လုရှောက်တုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခု ပြဿနာကြီးထွားလာပြီ"

ရသေ့ကြီးက....

"ဘာဖြစ်လို့လဲ"



"ငွေတိုက်တာဝန်ရှိတဲ့လူတစ်ယောက်ယောက်က ကြိုတင်ခိုးထုတ်သွားပြီး သေတ္တာထဲမှာငွေအတုတွေ ထည့်ထားတာဖြစ်မှာပေါ့"

"ဟုတ်တယ်"

"ဘယ်သူဖြစ်နိုင်သလဲ"

အားလုံး ပါးစပ်ပိတ်ထားလိုက်သည်။

အတန်ကြာမှ စောရကြယ်တံခွန်၏အသံထွက်လာသည်။

"ငါတော့ လူတစ်ယောက်ကိုသံသယဖြစ်လာပြီ"

ရသေ့ကြီးက....

"ဘယ်သူလဲ"

"စန့်ကွမ်းတောင်းရဲ့နာမည်ကို အလွဲသုံးစားလုပ်နေတဲ့ မိန်းကလေး"

လုရှောက်တုံးက....

"ခင်ဗျား ဘာကြောင့် သူ့ကိုသံသယဖြစ်နေရတာလဲ"

"သူ ဘာကြောင့် စန့်ကွမ်းတောင်းရဲ့နာမည်ကို အလွဲသုံးစားလုပ်ရတာလဲ၊ သူ့မှာရည်ရွယ်ချက် ရှိမှာပေါ့"

"ဟုတ်တယ် ဘာပဲဖြစ်ဖြစ် သူ့ကိုခြေရာခံစုံစမ်းရင် အကျိုးမယုတ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လုရှောက်တုံးက....

"မင်းတို့လုပ်နိုင်ရင် လုပ်ကြပေါ့"

"မင်းမပါတော့ဘူးလား"

"လောလောဆယ်တော့ ကျုပ် ခေါင်းတစ်ခုလုံးရှုပ်ထွေးနေတယ်၊ ဒါကြောင့် ဘာမှမလုပ်နိုင်သေးပါဘူး"

စောရကြွယ်တုံ့ခွန်က....

"မင်းမှမပါရင် တို့လဲပြန်အိပ်နေမှာပေါ့"

"ဒီလိုလဲမလုပ်ကြပါနဲ့... ကျုပ်ကိုဆယ်ရက်အချိန်ပေးပါ... ဆယ်ရက်ပြီးမှပြန်ဆုံကြတာပေါ့"

"ဘယ်မှာဆုံကြမှာလဲ"

"နေရာဟောင်းမှာပေါ့"

oooo



( ၃၀ )

လမိုက်ည....

ကောင်းကင်တစ်ခုလုံး ကြယ်ကလေးများ လင်းလက်နေသည်။ ဤနေရာသည် ချန်အန်းမြို့နှင့်လီပေါင်း ငါးလီခန့်ကွာဝေးသောနေရာဖြစ်သည်။

ထိုနေရာတွင် တောင်ပူစာတစ်လုံးတည်ရှိနေ၏။

နတ်ကွန်းမှာ ကျယ်ကျယ်ဝန်းဝန်း ခန့်ခန့်ညားညားရှိနေသည်။ သို့သော် နှစ်ပေါင်းကြာမြင့်စွာရှိနေသဖြင့် ပူဇော်ပသသူများ တစ်နေ့တခြား ရှားပါးသွားသောကြောင့် ထိုနတ်ကွန်းသည် ယိုယွင်းပျက်စီးနေပြီဖြစ်ရာ မည်သူကမျှ ရောက်လာခြင်းမရှိပါ။

သို့သော် ကနေ့ညမှာမူ မီးရောင်မှိန်မှိန်ကလေး ထွက်ပေါ်နေသည်ကိုမြင်တွေ့လိုက်ရသည်။ ထိုမီးပုံးအိမ်သည် မည်သူက လာရောက်ထွန်းညှိထားပါသနည်း။

oooo

www.burmeseclassic.com

www.burmeseclassic.com



မီးရှိလျှင် လူရှိရမည်။

ဤစကားသည် မှန်ကန်၏။ ကနေ့ညမှာ ထူးထူးခြားခြား ဤနတ်ကွန်းထဲသို့ လူတစ်ယောက်ရောက်နေသည်ကိုမြင်တွေ့လိုက်ရသည်။

ထိုလူသည် ပိုးဖြင့်ချုပ်လုပ်ထားသော အပေါ်အင်္ကျီဝတ်ဆင်ထားသည်။ အသက်လေးဆယ်ကျော်ခန့်ရှိသည်။ သူ့ရုပ်သွင်သည် လူလတ်တန်းစားအရွယ် မင်းမှုထမ်းတစ်ယောက်ဖြစ်သည်ကိုမြင်တွေ့ရလေသည်။ ထိုသူမည်သူနည်း။ အဘယ်ကြောင့် လူသူမရောက်သော ဤနတ်ကွန်းရှိရာသို့ရောက်လာရပါသနည်း။

ထိုလူသည် အပြင်ဘက်သို့ မကြာမကြာ ကြည့်နေသည်ကိုတွေ့ရသဖြင့် တစ်စုံတစ်ယောက်ကိုစောင့်နေသည်မှာ သေချာနေသည်။ သူ မည်သူ့ကိုစောင့်နေပါသနည်း။

မည်သည့်အရေးကြီးသောကိစ္စကြောင့်ပါသနည်း။

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွားသည်။

"ဒေါင်...."

အုန်းမောင်းခေါက်သံတစ်ချက်တိတိ ထွက်ပေါ်လာ၏။

နတ်ကွန်းထဲမှစောင့်မျှော်နေသူသည် အနည်းငယ်လှုပ်လှုပ်ရှားရှားဖြစ်လာလေသည်။



သူ၏မျက်လုံးအစုံသည် တောင်ပူစာသို့တက်ရောက်သော အခါ လမ်းကလေးရှိရာပေါ်သို့မျှော်ကြည့်နေ၏။

မကြာပါချေ။ အမှောင်ထုထဲမှ လူရိပ်တစ်ခုပေါ်လာသည်။ ထိုလူက နတ်ကွန်းရှိရာသို့ တဖြည်းဖြည်းရောက်ရှိလာလေသည်။

နတ်ကွန်းထဲမှလူ ဝမ်းသာသွား၏။ တောင်ပူစာပေါ်တက်လာသူက ရှေ့သို့ဆက်မလျှောက်ဘဲ ရပ်တန့်လိုက်ပြီး....

"ဒီကိုလာခဲ့ပါ"

သူ့အသံကအက်ကွဲနေ၏။ စောင့်နေသူက ခြေလှမ်းကျဲကျဲဖြင့်လျှောက်လာလေသည်။ သူသည် နောက်လာသူနှင့် တစ်လံခန့်အကွာတွင် ခြေလှမ်းရပ်တန့်လိုက်၏။

နှစ်ယောက်စလုံး စကားမပြောဘဲ ဆိတ်ဆိတ်နေကြသည်။

စောင့်မျှော်နေသူက စိတ်မရှည်ဘဲ စကားစတင်လိုက်သည်။

"ကျွန်တော့်ဝေစုပါလာသလား"

နောက်မှရောက်လာသူက....

"ရမှာပေါ့ကွာ"

စောင့်မျှော်နေသူ ဝမ်းသာသွားသည်။ သို့သော် သူ၏ဝမ်းသာခြင်းသည် တစ်ခဏမျှသာကြာ၏။ အမှောင်ထုထဲ၌ ဓားရောင်တစ်ချက်ဝင်းလက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"အား…"

စူးရှသောအော်သံတစ်သံသည် တိတ်ဆိတ်သောဝန်းကျင်ကိုထိုးဖောက်လွင့်ပျံသွားသည်။ ထို့နောက် ဝန်းကျင်တစ်ခုလုံးပကတိပြန်လည်တိတ်ဆိတ်သွားသည်။

ဓားသမားက ဓားကိုသိမ်းဆည်းပြီး အေးအေးဆေးဆေးပြန်လည်ထွက်ခွာသွားလေသည်။

ဝဝဝဝ

နတ်ကွန်းထဲမှထွန်းညှိထားသောမီးပုံးအိမ်သည် လေရူးတစ်ချက်ဝှေ့ယမ်းတိုက်ခတ်လိုက်သောကြောင့် အောက်သို့ပြုတ်ကျကာမီးလောင်ကျွမ်းသွားသည်။ ကြမ်းပြင်ပေါ်ရှိသော သစ်ကိုင်းခြောက်များလည်း လောင်ကျွမ်းသွားသည်။

မီးညွန့်များ တဖြည်းဖြည်း အရှိန်ကောင်းလာကာ နတ်ကွန်း၏စားပွဲသို့ တဖြည်းဖြည်း ကူးစက်သွားလေသည်။ မီးရှိန်တစ်စတစ်စကောင်းလာသည်။ လေပွေကလည်း ဝင်ရောက်ကူညီခဲ့သောကြောင့် မီးညွန့်တက်လာပြီး နတ်ကွန်းတစ်ခုလုံး မီးစွဲလောင်ကျွမ်းသွားလေတော့သည်။

ဝဝဝဝ



ဝေလီဝေလင်းအချိန်…

လူအများ အိပ်ကောင်းသောအချိန်ဖြစ်သည်။

သို့သော် တောင်ပူစာပေါ်တွင် လူအတော်များများ ရောက်နေကြ၏။ ရဲမက်အချို့ ပါသည်။ ရွာသားများလည်း ပါလာသည်။

သူတို့တောင်ပူစာပေါ်သို့တက်လာကြခြင်းမှာ နတ်ကွန်းကိုမီးလောင်သွားသည့်အခြေအနေကြည့်ရှုရန်သာဖြစ်သည်။

ယခုမူ လူသေအလောင်းတစ်လောင်းကိုပါ မမျှော်လင့်ဘဲတွေ့ရှိလိုက်ရလေသည်။ ဓားဒဏ်ရာဖြင့် သေဆုံးသွားခြင်းဖြစ်သည်။ သေဆုံးသူ မည်သူမည်ဝါဖြစ်ပါသနည်း။

သူ အဘယ်ကြောင့် လူသူမရောက်သောတောင်ပူစာပေါ်သို့ရောက်ရှိနေရပါသနည်း။

လူသတ်တရားခံ မည်သူဖြစ်သနည်း။

တာဝန်ရှိသောရဲမက်များအဖို့ အလုပ်ရှုပ်ရပြန်လေသည်။

ဝဝဝဝ

နယ်စားကြီးသည် လက်နှစ်ဖက်နောက်ပစ်ကာ ခန်းမထဲ၌ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏။ သူ၏မျက်နှာတစ်ခုလုံးမှာ ခံပြင်းခြင်း၊ ဒေါသထွက်ခြင်းစသည့်ဟန်မူရာများ ဖြစ်ပေါ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့တွင် ချန်အန်းမြို့တော်၏ထောက်လှမ်းရေးမှူးကြီး လောင်စင်က ခေါင်းငုံ့၍ရပ်နေ၏။ လောင်စင်၏နောက်တွင် သူ၏ အဖွဲ့ဝင်ခြောက်ယောက်ကလည်း ခေါင်းငုံ့၍ရပ်နေကြ၏။

ခန်းမ၏တစ်ဖက်တစ်ချက်တွင် နယ်စားကြီး၏ရဲမက်များ တန်းစီရပ်နေကြသည်။ စားပွဲအနီးတွင် အကြံပေးအရာရှိ ဝမ်းပေသီး ထိုင်နေသည်။ သူ၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့၍နေလေသည်။

နယ်စားကြီးသည် ထောက်လှမ်းရေးမှူးလောင်စင်ရှေ့တွင် ခြေလှမ်းရပ်တန့်လိုက်ပြီး....

"သေဆုံးသူက ငွေတိုက်မှူးရင်ခိုဖြစ်တယ်ဆိုတာ သေချာရဲ့လား"

"သေချာပါတယ်နယ်စားကြီး"

နယ်စားကြီးသည် လက်သီးနှစ်ဖက်ကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

"လူသတ်တရားခံဘယ်သူလဲဆိုတာ စုံစမ်းလို့ရပြီလား"

"စုံစမ်းနေတုန်းပါနယ်စားကြီး"

"သဲလွန်စကော ရပြီလား"

"ခုတော့ မရသေးပါဘူး။ ဒါပေမဲ့ တစ်ရက်နှစ်ရက်အတွင်း သဲလွန်စရလိမ့်မယ်လို့ယုံကြည်ပါတယ်"



"ဒီလူသတ်မှုနဲ့ပတ်သက်ပြီး ဘယ်လိုထင်မြင်ယူဆထားသလဲ"

"ငွေတိုက်မှူးရရှိတဲ့ဒဏ်ရာကို ကျွန်တော်မျိုး သေချာစစ်ဆေးပါတယ်၊ လူသတ်တရားခံဟာ ထိပ်တန်းဓားသမားတစ်ယောက်ဖြစ်တယ်ဆိုတာ တွေ့ရှိရပါတယ်"

"ဘာကိုတွေ့ထားလို့ အခုလို ကောက်ချက်ချပြီး ပြောနိုင်ရတာလဲ"

"ငွေတိုက်မှူးရဲ့ကိုယ်ပေါ်မှာ ဓားဒဏ်ရာတစ်ချက်ပဲ တွေ့ပါတယ်၊ လူတစ်ယောက်ကို ဓားတစ်ချက်တည်းနဲ့အသေသတ်နိုင်တဲ့ လူဟာ အဆင့်မြင့်ဓားသမားကလွဲပြီး သာမန်လူတစ်ယောက်မဖြစ်နိုင်ပါဘူး"

လောင်စင်က ဆက်၍ရှင်းပြ၏။

"ငွေတိုက်မှူးဟာလဲ သိုင်းပညာမခေပါဘူး... အခုလိုဓားတစ်ချက်တည်းနဲ့အသတ်ခံရတာကိုကြည့်ခြင်းအားဖြင့် လူသတ်ကောင်ရဲ့ဓားပညာဟာ အင်မတန်ကြောက်စရာကောင်းတဲ့ အဆင့်ရှိနေပြီဆိုတာ ယုံမှားသံသယဖြစ်စရာမလိုပါဘူး"

နယ်စားကြီး မျက်မှောင်ကုတ်သွားလေသည်။

"အသတ်ခံရတဲ့အကြောင်းအရင်းကကော"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မျိုး ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ"

"မှန်တာထင်ရင် ရဲရဲသာပြောပါ... ကျူပ်အရေးမယူပါဘူး"

"ကျေးဇူးတင်ပါတယ်"

လောင်စင်က အနည်းငယ်စဉ်းစားပြီးမှ....

"ငွေသေတ္တာပျောက်ဆုံးမှုနဲ့ပတ်သက်မယ်လို့ ကျွန်တော်မျိုး ယုံကြည်ပါတယ်"

"မောင်မင်းဆိုလိုတာက ငွေတိုက်မှူးနဲ့စန္ဒကွမ်းတောင်းတို့ ပူးပေါင်းပြီး ငွေသေတ္တာလုယူတဲ့ကိစ္စ ဟုတ်လား"

"တိတိကျကျပြောရမယ်ဆိုရင် ငွေတိုက်မှူးက ဓားပြတိုက်တဲ့လူနဲ့ပူးပေါင်းပြီး ငွေတိုက်ဖောက်ခဲ့တယ်၊ ဒါပေမဲ့ ငွေသေတ္တာလုတဲ့လူစုဟာ စန္ဒကွမ်းတောင်းတို့ဖြစ်တယ်ဆိုတာ ကျွန်တော်မျိုး သေသေချာချာ ကောက်ချက်မချနိုင်သေးပါဘူး"

"ဒီအမှုဟာ စန္ဒကွမ်းတောင်းတို့လက်ချက်ဖြစ်တယ်ဆိုတာ တိုင်းသိပြည်သိဖြစ်နေပြီပဲ၊ မောင်မင်းက ဘာလို့ကောက်ချက်မချနိုင်ရသေးတာလဲ"

"ကျွန်တော်မျိုး စန္ဒကွမ်းတောင်းကိုဖမ်းမိထားပေမဲ့ ပြန်လွှတ်ပြောက်သွားတယ်၊ ဒီအချက်ကို ကျွန်တော်မျိုး သေသေချာချာ ပြန်စဉ်းစားခဲ့တယ်"



"မောင်မင်းက ဘာတွေပြန်စဉ်းစားကြည့်တာလဲ"

"စန္ဒကွမ်းတောင်းနဲ့ပတ်သက်ပြီး ကျွန်တော်မျိုး အများကြီးလေ့လာခဲ့ပါတယ်"

"ဆက်ပြောပါ"

"စန္ဒကွမ်းတောင်းဟာ ရုပ်ပြောင်းရုပ်လွှဲပညာ အလွန်ကျွမ်းကျင်တယ်၊ ဒါကြောင့် အခုထိ သူဟာ ဘယ်လိုမျက်နှာမျိုးဖြစ်တယ်ဆိုတာ ဘယ်သူမှသေသေချာချာမပြောနိုင်သေးပါဘူး၊ ဒါကြောင့် သူ့ကိုမျက်နှာတစ်ထောင်ဒေဝီလို့ နာမည်ပေးထားကြပါတယ်"

"ဒီအချက် ငါလဲသိထားပါတယ်"

"စန္ဒကွမ်းတောင်းဟာ ငွေသေတ္တာရသွားပြီးမှတော့ ဘာ့ကြောင့် ငွေတိုက်မှူးကိုလာပြီးသတ်ရမှာလဲ"

"မောင်မင်းရဲ့သဘောက ငွေတိုက်မှူးကိုသတ်သွားတာ စန္ဒကွမ်းတောင်းမဖြစ်နိုင်ဘူး ဟုတ်လား"

"ဟုတ်ပါတယ် နယ်စားကြီး... စန္ဒကွမ်းတောင်းလူသတ်တဲ့အခါမှာ ဘယ်တော့မှဓားနဲ့မသတ်ဘူးဆိုတာတွေ့ရပါတယ်"

သူက စကားဆက်လိုက်သည်။

"သူကျူးလွန်ခဲ့တဲ့လူသတ်မှုမှာ သေဆုံးသူဟာ စန္ဒကွမ်းတောင်းရဲ့သေမင်းလက်ညှိုးဒဏ်ရာနဲ့သေဆုံးသွားရတာချည်းပါ"

www.burmeseclassic.com

www.burmeseclassic.com



နယ်စားကြီး မျက်မှောင်ကုတ်သွားလေသည်။

"ကောင်းပြီ... ဒီအမှုကို မောင်မင်းဘာဆက်လုပ်မလဲ"

"ကျွန်တော်မျိုးကို အချိန်ပေးပါ"

"အချိန်ဘယ်လောက်လိုချင်လို့လဲ"

"တစ်လ...."

"ကောင်းပြီ တစ်လအချိန်ပေးမယ်"

"ကျေးဇူးတင်ပါတယ်နယ်စားကြီး"

ထောက်လှမ်းရေးမှူးလောင်စင်သည် နယ်စားကြီးအား ဂါရဝပြုပြီးနောက် နယ်စားကြီးဂေဟာမှထွက်ခွာသွားလေသည်။

နယ်စားကြီးသည် ထောက်လှမ်းရေးမှူးလောင်စင်တို့ ထွက်ခွာသွားသည်ကိုကြည့်ပြီးမှ လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။ တစ်ဖက်တစ်ချက်ရပ်နေသောရဲမက်များသည်လည်း ထွက်ခွာသွားကြလေသည်။

နယ်စားကြီးက ကုလားထိုင်ပေါ်ထိုင်ချပြီး အရက် တစ်ခွက် မော့သောက်လိုက်သည်။

ထို့နောက် ဝမ်းပေသီးဘက်သို့လှည့်ကာ....

"ဝမ်းပေသီး... လောင်စင်ပြောသွားတာကိုကြားတယ် မဟုတ်လား"



ဝမ်းပေသီး ခေါင်းညိတ်လိုက်သည်။

"ကြားပါတယ်နယ်စားကြီး"

"ငွေတိုက်ဖောက်သွားတာ သူ့အဆိုအရ စန့်ကွမ်းတောင်း ဟုတ်ချင်မှဟုတ်မယ်တဲ့၊ ဒါကို မင်းဘယ်လိုယူဆမိသလဲ"

ဝမ်းပေသီးက....

"ဒီအမှုဟာ စန့်ကွမ်းတောင်းကျူးလွန်တာလို့ ပြည်သူ အများကသိထားကြပါတယ်၊ သူတစ်ယောက်ထဲကျမှ ဘာလို့လက်မခံရတာလဲ"

ထိုအချိန်မှာပင် အထောက်တော်တစ်ယောက် အပြေးအလွှားရောက်လာလေသည်။

နယ်စားကြီး အော်ဝေါက်လိုက်သည်။

"ရပ်လိုက်"

အထောက်တော်ကရပ်၍ဒူးထောက်လိုက်သည်။

"နယ်စားကြီးကိုအရေးကြီးတဲ့သတင်းတစ်ခု တင်ပြမလို့ပါ"

"ပြော"

"မြို့တော်ရဲ့ဝင်ပေါက်နံရံမှာ ကြော်ငြာစာတမ်းတွေ အများကြီးကပ်ထားတာတွေ့ရပါတယ်"

နယ်စားကြီးက....

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကြော်ငြာစာတမ်းလဲ"

"ဘာတွေရေးထားသလဲ"

"ငွေတိုက်ကို သူဖောက်သွားတာမှန်တယ်... ဒါပေမဲ့ ငွေ အစစ်မဟုတ်ဘူး အတုဖြစ်တယ်လို့ အတိအလင်းရေးထားပါတယ်"

နယ်စားကြီးနှင့်ဝမ်းပေသီးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးအံ့သြနေကြ၏။ နယ်စားကြီးက အထောက်တော်အားလှမ်းပြောလိုက်သည်။

"မင်းသွားနိုင်ပြီ... နောက်သတင်းထူးရင် အမြန်ဆုံး လာအကြောင်းကြားပါ"

"အမိန့်တော်အတိုင်းပါနယ်စားကြီး"

ခန်းမတစ်ခုလုံးတိတ်ဆိတ်နေ၏။ နယ်စားကြီး စိတ်ပျက်စွာဖြင့်ထိုင်နေ၏။ ဝမ်းပေသီးလည်း စိတ်အနှောင့်အယှက်ဖြစ်နေ၏။

နယ်စားကြီးက သက်ပြင်းတစ်ချက်ချရင်း....

"သတင်းတွေကြားနေရတာ ငါတော့ ခေါင်းခြောက်လာပြီ"

ဝမ်းပေသီးက....

"ကျွန်တော်မျိုးလဲ ခေါင်းကိုက်နေပါပြီ"

"စန့်ကွမ်းတောင်းက ငွေအတုတွေဆိုနေပါလား"

"ဒါ ဖြစ်နိုင်တယ်... နယ်စားကြီး"



"ဘာကြောင့် ဖြစ်နိုင်တယ်လို့ပြောရတာလဲ"

"ငွေတိုက်ဖောက်တယ်ဆိုတာ အတွင်းလူမပါရင် မပြီးဘူး"

"ဒါဖြင့်ရင်...."

"ဒီအမှုဟာ စန့်ကွမ်းတောင်းနဲ့ငွေတိုက်မှူးရင်ခိုတို့ ပူးပေါင်းလုပ်ကြတယ်ဆိုတာ ထင်ရှားနေပါပြီ"

"ဟုတ်တယ်"

"ငွေအစစ်တွေဖယ်ပြီး အတုတွေနဲ့ လဲထားလို့ စန့်ကွမ်းတောင်းက ငွေတိုက်မှူးကိုသတ်လိုက်တာသေချာတယ်"

"ဟုတ်တယ်... ဒါပေမဲ့ ငွေတိုက်ကငွေအစစ်တွေ ဘယ်ရောက်နေပြီလဲ"

"ဒါ ရှင်းနေတာပဲ... ငွေတိုက်ရဲမှူးရင်ခိုဆီမှာရှိတယ်"

နယ်စားကြီး မျက်မှောင်ကုတ်သွားလေသည်။

"ဒီလောက်များတဲ့ငွေကို သူဘယ်မှာဝှက်လို့လုံမလဲ"

ဝမ်းပေသီးပါးစပ်ပိတ်ထားလိုက်လေသည်။ နယ်စားကြီးက စကားမပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။ ဝမ်းပေသီးလည်း နှုတ်ဆိတ်နေသည်။ သူတို့နှစ်ယောက် အတွေးကိုယ်စီဖြင့်ရှိနေကြ၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ နယ်စားကြီး သူတွေးထင်ထားသည်ကိုထုတ်ဖော်ပြောဆိုလေသည်။

"ဒီငွေတိုက်အဖောက်ခံရတဲ့အမှုမှာ အဓိကတရားခံဟာ စန့်ကွမ်းတောင်းမဟုတ်တော့ဘူးလို့ ကျုပ်တွေးမိတယ်"

ဝမ်းပေသီးက....

"ကျွန်တော်မျိုးလဲ ဒီလိုပဲတွေးမိပါတယ်"

"မင်းတွေးမိတာတွေ ပြောပါဦးလေ"

"ဒီငွေတိုက်ကြီးဟာ အဆောက်အအုံလဲ အလွန်ခိုင်ခံ့တယ်၊ အစောင့်အကြပ်တွေလဲအမြဲတမ်းရှိတယ်၊ ဒါကြောင့် သူတို့ခါးပြတိုက်တာလွယ်မယ်လို့ ဘယ်သူကမှမထင်ဘူး"

"ဒါ သိပ်မှန်တာပေါ့"

"စန့်ကွမ်းတောင်းဟာ သိုင်းပညာတော်တဲ့အပြင် ဉာဏ်ပညာလဲထက်တဲ့မိန်းမတစ်ယောက်ပါ"

နယ်စားကြီးကစိတ်ဝင်စားစွာနားထောင်နေ၏။

ဝမ်းပေသီးကဆက်၍....

"ဒါကြောင့် စန့်ကွမ်းတောင်းဟာ ငွေတိုက်ရဲမှူးရင်နိုကို စည်းရုံးတယ်"

နယ်စားကြီး ခေါင်းညိတ်လိုက်သည်။



"ဒီလိုပဲဖြစ်ရမယ်လေ"

ဝမ်းပေသီးက....

"သူတို့နှစ်ယောက် အချိန်းအချက်လုပ်ပြီး စန့်ကွမ်းတောင်းက ငွေသေတ္တာတွေကို အလွယ်တကူသယ်သွားတာဖြစ်မယ်"

"ဟုတ်ပြီ... ဆက်ပြော"

"အဲဒါကို ငွေတိုက်မှူးက လောဘဇောတက်ပြီး ငွေအစစ်ကိုအတုနဲ့လဲထားလိုက်တယ်၊ စန့်ကွမ်းတောင်းကတော့ ဘယ်သိပါ့မလဲ၊ ငွေတုပါတဲ့သေတ္တာတွေကိုသယ်သွားတာပေါ့"

"မင်းရဲ့ထင်မြင်ယူဆချက်ဟာ ကျုပ်ရဲ့ထင်မြင်ယူဆချက်နဲ့ တော်တော်နီးစပ်နေတယ်"

"စန့်ကွမ်းတောင်းဟာ သူ သယ်သူသွားတဲ့ငွေသေတ္တာတွေဟာ ငွေတုဖြစ်နေတာကိုတွေ့တော့ သူခံနိုင်ပါ့မလား"

"သူဟာ သက်စွန့်ဆံဖျား စွန့်စွန့်စားစား သယ်ယူသွားတဲ့ငွေတွေဟာ ငွေတုဖြစ်နေတာတွေ့တော့ ဘယ်သည်းခံနိုင်ပါ့မလဲ"

"စန့်ကွမ်းတောင်းဟာ ငွေတိုက်မှူးနဲ့ချိန်းပြီး ရှင်းကြတယ်လေ၊ ငွေတိုက်မှူးကလဲ ဘယ်ဝန်ခံမလဲ၊ သူက လုံးလုံးငြင်းပယ်လိုက်မှာပေါ့... အဲ့ဒါကို စန့်ကွမ်းတောင်းက စိတ်မထိန်းနိုင်ဘဲ ငွေတိုက်မှူးကိုသတ်လိုက်တာဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



နယ်စားကြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဩော်... လောဘ... လောဘ... လူတွေဟာ လောဘမသတ်နိုင်လို့ အခုလိုဒုက္ခပင်လယ်ထဲဝဲနေရတာမဟုတ်လား"

ဝမ်းပေသီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့နယ်စားကြီး"

နယ်စားကြီးကစိတ်ထိခိုက်စွာဖြင့်....

"ဒီအမှုသာ မဖော်ထုတ်နိုင်ခဲ့ရင် ကျုပ်ရာထူးပြုတ်မှာတော့ သေချာပြီ"

"ဟုတ်ပါတယ်... စိတ်မကောင်းစရာပါပဲ"

"မင်းခယောက်ျား... ကမ်းနားသစ်ပင် ကျုပ်လဲ ဝမ်းမနည်းတော့ပါဘူး။ သခ်ီရတာရှားပေါ့"

"သိပ်လဲစိတ်မပျက်ပါနဲ့နယ်စားကြီး... ဒီအမှုကို ထောက်လှမ်းရေးမှူးကြီးလောင်စင်ကိုယ်တိုင်ကိုင်နေပါတယ်၊ ကံကောင်းရင်တော့ အမှုမှန်ပေါ်လာမှာပေါ့"

"အမှုမှန်ပေါ်လာရင်လဲ ကျုပ်ကစိတ်ကုန်ပါပြီ၊ ရာထူးကနေထွက်ပြီး အနားယူဖို့ဆုံးဖြတ်ထားလိုက်ပါပြီ"

ဝမ်းပေသီးမှာ စိတ်မကောင်းဖြစ်ခဲ့ရလေတော့သည်။

၀၀၀၀



( ၃၁ )

ငွေသေတ္တာပျောက်မှု ဖြစ်ခဲ့သည်မှာ တစ်လခန့်ကြာမြင့်ခဲ့ပြီဖြစ်လေသည်။ ထောက်လှမ်းရေးမှူးလောင်စင်သည် သူ၏အားကိုးရသောအဖွဲ့သားဆယ်ယောက်နှင့်အတူ ထိုအမှုကို အပူတပြင်း စုံစမ်းနေလေသည်။

အလားတူ လုရှောက်တုံးတို့သုံးယောက်လည်း ထိုအမှုကို သဲသဲမဲမဲဖော်ထုတ်နိုင်ရန် ကြိုးစားနေကြ၏။ သို့သော် အချိန်သာကုန်ဆုံးသွား၏။

ထောက်လှမ်းရေးမှူးတို့အဖွဲ့ကဲ့သို့ လုရှောက်တုံးတို့မှာလည်း သဲလွန်စ လုံးဝမရဘဲရှိနေလေသည်။ ငွေတိုက်မှူးအသတ်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ လုရှောက်တုံးတို့သုံးယောက် ထပ်ခါတလဲလဲဆွေးနွေးနေကြရလေတော့သည်။

၀၀၀၀

အရက်ဆိုင်.....

လုရှောက်တုံးတို့သုံးယောက် စုဝေးနေကြသောအရက်ဆိုင်လေးပင်ဖြစ်ပါသည်။ အရက်ဆိုင်သည် နံနက်ပိုင်းအချိန်၌ လူရှင်းနေလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်သောက်သောလူများသည် နံနက်ခင်းတွင် သောက်လေ့သောက်ထရှိပုံမရပါ။ ဆိုင်ရှင်လောပန်က လုရှောက်တုံးတို့သုံးယောက် စောစောစီးစီးလာနေကြသည်ကိုတွေ့၍ အတော်လေးအံ့သြသွားလေသည်။

"ဟာ... မင်းတို့တွေ ဒီနေ့အစောကြီးရောက်လာပါလား"

စောရကြွယ်တံခွန်က....

"ကျုပ်တို့က စောစောအရက်သောက်ရင် ဉာဏ်ပိုရွှင်မလား ဆိုပြီး အစုလိုလာခဲ့တာ"

"ကောင်းပါတယ်ဗျာ... ကောင်းပါတယ်... ထိုင်ကြ"

ဆိုင်ရှင်လောပန်က ချေးအထပ်ထပ်ပေနေသောအဝတ်ဖြင့် အထူးညစ်ပတ်သောစားပွဲကို အသာအယာသုတ်ပေးလိုက်သည်။

သူတို့သောက်နေသောအရက်ကိုလည်း လာရောက်ချပေးသည်။ အရက်သောက်ရင်း လုရှောက်တုံးတို့သုံးယောက် စတင်ဆွေးနွေးကြသည်။

"ငွေခားပြတိုက်မှုဟာပိုရှုပ်လာတယ်၊ ကျုပ်တော့ ဦးနှောက်ခြောက်နေပြီ"

လုရှောက်တုံးကညည်းညူသည်။

စောရကြွယ်တံခွန်က....



"အိုး... ကိုယ်နဲ့အနေသာကြီး ဘာဖြစ်လို့ ခေါင်းခြောက်ခံနေရတာလဲ"

ရသေ့ကြီးက....

"လုရှောက်တုံးအကြောင်း မင်းသိသားပဲ... အလုပ်မရှိရင်တောင် ခေါင်းပေါ်မှာ သန်းအကောင်တစ်ရာထားပြီး အလုပ်လုပ်တတ်တယ်လေ"

လုရှောက်တုံးက မျက်နှာခပ်တည်တည်ဖြင့်....

"မင်းတို့က သိုင်းသမားတွေမဟုတ်လား"

"ဟုတ်တယ်"

စောရကြွယ်တံခွန်နှင့် ရသေ့ကြီးက သံပြိုင်ဖြေကြားလိုက်သည်။ လုရှောက်တုံးက....

"သိုင်းလောကသားဖြစ်ရင် မကောင်းသူပယ် ကောင်းသူကယ်ဆိုတဲ့ဆောင်ပုဒ်ကိုနားလည်ရမှာပေါ့"

"အခုအမှုဟာ ဘယ်သူမကောင်းမှန်းလဲမသိဘူး၊ ဘယ်သူကောင်းမှန်းလဲမသိဘူး... ဘာလုပ်လို့ရမှာလဲ"

ရသေ့ကြီးကခေါင်းကုတ်နေ၏။

"ဒီအမှုကို ကျုပ်တို့လိုက်ရင်းလိုက်ရင်း ရှာလည်သွားပြီလေ"

စောရကြွယ်တံခွန်က....

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်ရွာကိုသွားလည်တာလဲ"

လုရှောက်တုံး၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားသည်။

"ကောင်းကောင်းပြောစမ်းပါကွာ... မင်းတို့ကတစ်မှောင့်"

ရသေ့ကြီး လက်ကာပြလိုက်သည်။

"တော်စမ်းပါကွာ... ဒီကိစ္စက တို့လိုက်ရင်းလိုက်ရင်းနဲ့ ရွာလည်ရုံတင်မကဘူး... မြို့ပါလည်နေပြီ"

လုရှောက်တုံးမှာ မကျေမနပ်ဖြင့် ပါးစပ်ပိတ်ထားလိုက်လေသည်။

၀၀၀၀

ကျောက်တစ်လုံးတောင်ထိပ်....

ကျောက်တစ်လုံးတောင်ဂိုဏ်း၏ဌာနချုပ်....

ခန်းမထဲ၌ လူဆယ်ယောက်ခန့်စုဝေးနေ၏။

ဂိုဏ်းချုပ်မျက်နှာတစ်ထောင်ဒေဝီနှင့် သူမ၏ကိုယ်ရံတော်လေးယောက်အပြင် တိုက်ခိုက် ရေးမှူးခြောက်ဦးလည်း ပါဝင်နေ၏။

ငွေတုက်စ္စနှင့်ပတ်သက်ပြီး မျက်နှာတစ်ထောင်ဒေဝီ စန့်ကွမ်းတောင်းက သူမ၏အဖွဲ့သားများထံမှ အကြံဉာဏ်တောင်းနေခြင်းဖြစ်သည်။ သူမက ဝမ့်ဖအား စတင်မေးလိုက်သည်။



"ဒီနေ့ ဝမ့်ဖ ချန့်အန်းမြို့တော်ရောက်ခဲ့တယ်၊ ရရှိတဲ့အချက်ကို အားလုံးဝေဖန်သုံးသပ်နိုင်အောင် တင်ပြပါ"

ဝမ့်ဖက ဦးညွှတ်လိုက်သည်။

"ချန့်အန်းနယ်စားကြီးကတော့ ငွေသေတ္တာပျောက်ဆုံးမှုဟာ ဂိုဏ်းချုပ်လက်ချက်ဖြစ်တယ်လို့တစ်ထစ်ချယုံကြည်ထားတယ်"

စန့်ကွမ်းတောင်းက....

"ဒီငွေသေတ္တာတွေ ငါ့လက်ထဲရောက်နေတာ အားလုံးသိနေတာပဲ... ဘာဆန်းတာမှတ်လို့လဲ"

သူမကပြန်မေးလိုက်သည်။

"နယ်စားကြီး ဘာတွေလှုပ်ရှားနေသလဲ"

"ဂိုဏ်းချုပ်အပေါ် ဆုငွေငါးထောင်ထုတ်ထားပါတယ်"

"ဒါကို ငါသိပြီးသား"

"သူတို့ရဲ့ ဗိုလ်ကလေးတစ်ယောက်က စန့်ကွမ်းတောင်းနဲ့ အဖော်တစ်ယောက်ကိုဖမ်းမိလိုက်တယ်လို့ သတင်းကြားရပါတယ်"

"အဲဒီမိန်းကလေးက ကြံကြံဖန်ဖန် ငါ့နာမည်ကို အလွဲသုံးစားလုပ်လို့ ဒုက္ခရောက်နေရတာ"

"စန့်ကွမ်းတောင်းနဲ့ သူ့အဖော်တစ်ယောက် အချုပ်ခန်းက လွတ်သွားတယ်လို့ သတင်းကြားပါတယ်ဂိုဏ်းချုပ်"

www.burmeseclassic.com

www.burmeseclassic.com



"အချုပ်ခန်းထဲက ဘယ်လိုလွတ်မြောက်သွားတာလဲ"

"သူတို့ကို တစ်ယောက်ယောက်ကလွှတ်ပေးလိုက်တာ"

"တစ်ယောက်ယောက်ကယ်တင်သွားတာ ဟုတ်လား"

"ဟုတ်ပါတယ်… ကျွန်တော်ရထားတဲ့သတင်းက ခိုင်လုံပါတယ်"

"ဒီကိစ္စ တော်တော်လေးထူးဆန်းတယ်လို့ ငါထင်မိတယ်"

"ကျွန်တော်နဲ့ဝမ့်ဖတို့လဲ အတော်အံ့သြခဲ့ပါတယ်"

စန့်ကွမ်းတောင်းက အတန်ကြာစဉ်းစားလိုက်ပြီး….

"ဒါဟာ အတော်လေးစဉ်းစားစရာကောင်းတဲ့သတင်းတစ်ခုဖြစ်နေပြီ၊ ဒါကို မင်းတို့ ဆက်ပြီးစုံစမ်းကြ"

အားလုံး ပြိုင်တူခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါဂိုဏ်းချုပ်ကြီး"

စန့်ကွမ်းတောင်းက ဝမ့်ရီနှင့်ဝမ့်ဖုံးဘက်လှည့်လိုက်သည်။

"မင်းတို့ရထားတဲ့သတင်းနဲ့ အချက်အလက်တွေကိုလဲ တင်ပြကြဦးလေ"

ဝမ့်ရီက သူရရှိသောသတင်းများကိုတင်ပြလိုက်သည်။

"ငွေတိုက်မှူးရင်ခိုအသတ်ခံရတယ်… လူသတ်ကောင်ဘယ်သူလဲဆိုတာ နယ်စားကြီးဘက်က ရှာလို့မတွေ့သေးဘူး"



စန့်ကွမ်းတောင်း ခေါင်းညိတ်လိုက်သည်။ ဝမ့်ရီက….

"နယ်စားကြီးကတော့ ဂိုဏ်းချုပ်ကြီးရဲ့လက်ချက် ဖြစ်တယ်လို့စွပ်စွဲကြတယ်"

စန့်ကွမ်းတောင်း မဲ့ပြုံးပြုံးလိုက်သည်။

"မဆန်းပါဘူး… ငါတို့က ငွေတိုက်ကိုမှဖောက်မိတာကိုး၊ ဒါပေမဲ့ ငါတို့က ငွေတုတွေပဲရလိုက်တာ… သူကဘာပြောသလဲ"

ဝမ့်ဖုံးက….

"ငွေတုနဲ့ပတ်သက်ပြီး နယ်စားကြီးဆီက ဘာအသံမှထွက်မလာဘူးလို့သိရတယ်"

ဝမ့်ရီက….

"သူများတွေက ဂိုဏ်းချုပ်ကြီးလိမ်ပြောတယ်လို့ ထင်မှာပဲ"

စန့်ကွမ်းတောင်း မျက်မှောင်ကြုတ်သွားလေတော့သည်။

"တို့က ငွေတိုက်ဖောက်ပြီး ငွေဆယ့်ရှစ်သိန်းလုသွားတယ်လို့သတင်းကြီးနေတယ်၊ တကယ်တော့ တို့က သူများထောင်ချောက်ထဲကိုတိုးမိသွားတာဘယ်သူ့ကိုမှပြောလို့မရဘူး"

သူမက စကားဆက်လိုက်သည်။

"အမှန်တော့ ငါတို့နဲ့ငွေတိုက်မှူးရင်ခိုနဲ့ကြံစည်ထားတာမှန်တယ်၊ ပြီးတော့ ငွေတုတွေ့တဲ့အခါ သူ့ကိုတွေ့ဖို့ သုံးကြိမ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ တွေ့ခွင့်မရဘူး… နောက်တော့ သူ အသတ်ခံရတဲ့သတင်းထွက်လာတော့တာပဲ”

သူမသည် ခံပြင်းလွန်း၍ တောက်တစ်ချက်ခေါက်လိုက်မိလေသည်။

“အမှန်တော့ ငါတို့ဟာ သူများ အကွက်ဆင်ထားတဲ့ထောင်ချောက်ထဲကိုရောက်နေတယ်ဆိုတာ ဗိုပြီး ထင်ရှားပေါ်လွင်နေတာပေါ့”

“အခု ဂိုဏ်းချုပ်ကြီး ဘာဆက်လုပ်ဖို့ရည်ရွယ်ထားသလဲ”

စန္ဒကွမ်းတောင်းက….

“ဒီအမှုရဲ့သော့ချက်ကတော့ ငွေတိုက်မှူးရင်ခိုရဲ့လက်ထဲမှာပဲရှိတယ်၊ အခု သူ့ကိုနှုတ်ပိတ်လိုက်တော့ ငါလဲ ဘာဆက်လုပ်ရမှန်းမသိတော့ဘူး”

ထိုအချိန်တွင် တစ်ချိန်လုံးနှုတ်ပိတ်၍ နားထောင်နေသော တိုက်ခိုက်ရေးအဖွဲ့၏ခေါင်းဆောင် ဆတ်ချို၏အသံထွက်ပေါ်လာလေသည်။

“ဂိုဏ်းချုပ်ကြီးသိပ်လဲမစိုးရိမ်ပါနဲ့၊ ဒီအမှုကို လုရောက်တဲ့တို့လူစုလဲ အပူတပြင်းလိုက်လံစုံစမ်းနေတာကြားရပါတယ်၊ သူတို့သာ လိုက်စုံစမ်းရင် အမှုမှန်ပေါ်လာမယ်လို့ယုံကြည်ပါတယ်”



စန္ဒကွမ်းတောင်းက….

“ဟုတ်တယ်… ငါလဲ သတင်းကြားတယ်၊ သူတို့သာပါဝင်ပတ်သက်လာရင်တော့ အားတက်စရာကောင်းတယ်၊ ဒါပေမဲ့ ငါတို့ကလဲ အမှုမှန်ပေါ်ဖို့ကတ်စွမ်းသရွေ့ကြိုးစားရမယ်”

“ဟုတ်ကဲ့ပါဂိုဏ်းချုပ်ကြီး”

အဖွဲ့သားအားလုံးတို့ ပြိုင်တူကတိပေးလိုက်ကြလေသည်။

oooo

ထောက်လှမ်းရေးမှူးလောင်စင်သည် နယ်စားကြီးရှေ့သို့ရောက်ရှိနေ၏။

“လောင်စင်… အခြေအနေပြောစမ်းပါဦး”

လောင်စင်က ဦးညွှတ်လိုက်သည်။

“ကျွန်တော်မျိုး လှုပ်ရှားခဲ့တဲ့အကြောင်း အားလုံးစာရေးပြီး နယ်စားကြီးဆီကိုတင်ပြထားပြီးပါပြီ”

“ငါ အားလုံးဖတ်ပြီးပါပြီ”

သူက လောင်စင်အားစေ့စေ့ကြည့်လိုက်သည်။

“မောင်မင်းက ဒီအမှုနဲ့ပတ်သက်ပြီး စန္ဒကွမ်းတောင်း ကြော်ငြာထားတဲ့ငွေတုအကြောင်းကိုထောက်ခံထားတာတွေ့ရတယ်

www.burmeseclassic.com

www.burmeseclassic.com



မောင်မင်း ဘာကြောင့်ထောက်ခံသလဲဆိုတာ သိချင်တယ်”

“ဒီလိုပါနယ်စားကြီး... စန္ဒကွမ်းတောင်းက ငွေတိုက်မှူးနဲ့ ပေါင်းပြီး ငွေသေတ္တာကိုထုတ်ယူခဲ့တာပါ၊ တကယ်လို့ သူသာ ငွေ အစစ်ရသွားမယ်ဆိုရင် ကိုယ့်ကိုယ်ကို အမှုပတ်နိုင်အောင် ကြော်ငြာ မှာမဟုတ်ဘူး”

“သူက ငွေတိုက်မှူးကိုဝေစုခွဲမပေးချင်လို့ အခုလို ကလိမ် ကျတာကော မဖြစ်နိုင်ဘူးလား”

“သူ မပေးချင်ရင် မပေးဘဲနေလိုက်မှာပေါ့၊ အခုလို ကြေငြာ ချက်ထုတ်တာ သူ့အဖို့ အန္တရာယ်ပိုမများဘူးလားနယ်စားကြီး”

“ဒါဖြင့် သူက ဘာကြောင့် ငွေတိုက်မှူးကိုသတ်လိုက်ရတာ လဲ”

“ငွေတိုက်မှူးကို သူသတ်တာမဟုတ်ဘူးလို့ ကျွန်တော်တင် ပြထားပြီးပါပြီ”

“သူသတ်တာမဟုတ်ဘူးလို့ ဘာကြောင့်ပြောနိုင်ရတာလဲ”

“စန္ဒကွမ်းတောင်းဟာ ဘယ်တော့မှလက်နက်ကိုအသုံးမပြု ပါဘူး၊ သူ့ရဲ့သေမင်းလက်ညှိုးကို သူပဲ အားကိုးဂုဏ်ယူတဲ့သဘော ရှိပါတယ်”

နယ်စားကြီး ပါးစပ်ပိတ်ထားလိုက်သည်။



အတန်ကြာမှ နယ်စားကြီးကမေးလိုက်ပြန်သည်။

“မောင်မင်း အခုဘာလုပ်နေသလဲ... ဘာများပြောစရာ ရှိသလဲ”

“လောလောဆယ်တော့ ကျွန်တော်မျိုးပိတ်ဆို့မှု လုပ်ထား ပါတယ်”

“ဘာကိုပိတ်ဆို့မှုလုပ်တာလဲ”

“စန္ဒကွမ်းတောင်း သယ်ယူသွားတဲ့ငွေတွေဟာ အတုဖြစ် တယ်ဆိုရင် ငွေအစစ်တွေဟာ မြို့တော်ထဲမှာပဲရှိနေဦးမယ် မဟုတ် လား”

သူက စကားဆက်လိုက်သည်။

“ဒီငွေအစစ်ကို လက်ခံထားတဲ့သူဟာ အချိန်နည်းနည်းအေး သွားရင် ငွေတွေကိုသယ်ထုတ်သွားမှာသေချာတယ်”

နယ်စားကြီးခေါင်းညိတ်လိုက်သည်။

“ဒါကြောင့် မောင်မင်းက မြို့စောင့်တပ်ကို အဝင်အထွက် တင်းတင်းကျပ်ကျပ်စစ်ဆေးရမယ်လို့ အမိန့်ပေးထားတာမဟုတ် လား”

“မှန်ပါတယ်နယ်စားကြီး”

“ဘယ်လောက်ကြာကြာပိတ်ဆို့ထားနိုင်မှာမို့လဲ”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မျိုးက ဝိတ်ဆို့မှုကို တိတိကျကျလုပ်ပြီးပြီဆိုတာနဲ့ တစ်အိမ်တက်ဆင်း ရှာဖွေရေးလုပ်ငန်း လုပ်ရပါဦးမယ်၊ ဘာပဲဖြစ်ဖြစ် အနေးနဲ့အမြန် ဒီငွေတွေပြန်ရလာမယ်လို့ ကျွန်တော်မျိုး ယုံကြည်ပါတယ်"

နယ်စားကြီးက လောင်စင်၏မျက်နှာကိုစိုက်ကြည့်ပြီး...

"မောင်မင်းဟာ တာဝန်ကိုကျေပွန်အောင်ထမ်းဆောင်တဲ့ ထောက်လှမ်းရေးမှူးတစ်ယောက်ဆိုတာ ကျုပ်ယုံကြည်တယ်၊ ဆက်ကြိုးစားပါ"

လောင်စင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော်မျိုး အစွမ်းကုန်ကြိုးစားပါ့မယ်"

နယ်စားကြီးကလက်တစ်ဖက်ဝှေ့ယမ်းလိုက်သည်။

"သွားနိုင်ပါပြီ... လိုအပ်တာရှိရင် အချိန်မရွေး အကူအညီတောင်းပါ"

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်၊ သွားခွင့်ပြုပါဦး"

"ခြေဉ်... မေးရဦးမယ်၊ ငွေတိုက်မှူးကိုသတ်သွားတာ စန္ဒကွမ်းတောင်းမဟုတ်ရင် ဘယ်သူဖြစ်နိုင်သလဲ"

"ဓားတစ်ချက်နဲ့ရန်သူကို အသေသတ်နိုင်တဲ့ဂျူဆိုရင် သိုင်းလောကမှာ တစ်ယောက်ပဲရှိတယ်"



"ဘယ်သူလဲ"

လောင်စင်က တစ်လုံးချင်းပြောလိုက်သည်။

"စီးမင်ချွေးခွေ့"

၀၀၀၀

"စီးမင်ချွေးခွေ့...."

ရသေ့ကြီး၏မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။ စောရကြယ်တံခွန်လည်း ကျောချမ်းသွားလေသည်။

ရသေ့ကြီးကမယုံကြည်စွာဖြင့်ထပ်မံမေးလိုက်၏။

"လုရှောက်တုံး... ငွေတိုက်မှူးကိုသတ်သွားတာ စီးမင်ချွေးခွေ့ဟုတ်လား"

လုရှောက်တုံးကပြန်မေးလိုက်သည်။

"ရသေ့ကြီးမယုံဘူး ဟုတ်လား"

ရသေ့ကြီး ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ကျုပ်လုံးဝမယုံဘူး"

"ဘာဖြစ်လို့မယုံတာလဲ"

"စီးမင်ချွေးခွေ့ရဲ့ဓားဟာ ကြောက်စရာကောင်းတယ်... ဒါပေမဲ့ ခုချိန်ထိ အပြစ်မဲ့တဲ့လူကိုမသတ်ခဲ့သေးဘူး"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စောရကြွယ်တံခွန်က....

"အဲ့ဒါ ကျုပ်လက်ခံတယ်၊ အခုလို ငွေသေတ္တာပျောက်ဆုံးမှု အရှုပ်တော်ပုံထဲမှာ စီးမင်းချွေးခွေ့ ဘယ်တော့မှပါဝင်လိမ့်မယ် မဟုတ်ဘူး... ကျုပ်အပြည့်အဝယုံကြည်တယ်"

လုရှောက်တုံးက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်လဲဒီလိုပါပဲ... ဒါပေမဲ့ မင်းတို့ တစ်ခုမေ့နေပြီနဲ့တူတယ်"

"ဘာကိုမေ့ရတာလဲ"

လုရှောက်တုံးက....

"သိုင်းလောကမှာ ဓားတစ်ချက်နဲ့လူတစ်ယောက်ကိုသတ်နိုင်တဲ့ဓားသမားတစ်ယောက်ရှိတယ်၊ သူ့နာမည်က စီးမင်းချွေးခွေ့"

ရသေ့ကြီးနှင့်စောရကြွယ်တံခွန်တို့ ပါးစပ်ပိတ်ထားလိုက်ကြလေတော့၏။

ဝဝဝဝ

BURMESE CLASSIC .com



( ၃၁ )

နှစ်သစ်ကူးရောက်ရန် နှစ်လမျှသာလိုတော့သည်။

ချန်အန်းမြို့တော်တစ်ခုလုံး မင်္ဂလာရှိလှသော နှစ်သစ်ကူး၏အငွေ့အသက်များကို စတင်တွေ့မြင်နိုင်ပြီဖြစ်လေသည်။

အဆောက်အအုံများကို ဆေးများခြယ်သထားသဖြင့် သစ်သစ်လွင်လွင်မြင်တွေ့ရလေသည်။

နှစ်သစ်ကူးမုန့်များ အသုံးအဆောင်များတို့မှာလည်း ရောင်းသူဝယ်သူများပြည့်နှက်နေ၏။ အထူးသဖြင့် ယုန်နှစ်များအတွက် ကတ္တီပါသားဖြင့်ချုပ်လုပ်ထားသောယုန်အရုပ်များသည် အသွင်အမျိုးမျိုးဖြင့် လှပစွာ ခင်းကျင်းရောင်းချနေသည်ကိုလည်း နေရာတိုင်းမှာ တွေ့မြင်နိုင်လေသည်။

နှစ်သစ်ကူးနီးကပ်လာသဖြင့် မြို့တော်သို့ လိုအပ်သောပစ္စည်းများ လာရောက်ဝယ်ခြမ်းသောသူများ ပိုမိုများပြားလာလေသည်။ ထို့ကြောင့် မြို့တော်ဝင်ပေါက်ရောက်နေကြသောရဲမက်များသည် ဝင်ထွက်သူများစစ်ဆေးရာ၌ ပို၍အလုပ်ရှုပ်နေကြတော့၏။

အမိုးအကာမရှိသောမြင်းလှည်းတစ်စီးသည် လူအုပ်ကြားမှ သဗ္ဗာကြီးစွာဖြင့် မြို့တော်၏မြောက်ဘက်တံခါးဝသို့ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းမောင်းသူအဘိုးအိုသည် တာဝန်ကျ ရဲမက်များ စစ်ဆေးနိုင်ရန် မြင်းလှည်းကိုရပ်ပေးလိုက်သည်။ မြင်းလှည်းပေါ်၌ ယုန်အရုပ်များ ပြည့်နှက်စွာရှိနေလေသည်။

ရဲမက်တစ်ယောက်က အဘိုးအိုအား နှုတ်ဆက်လိုက်လေသည်။

"လောင်ချန်... ဒီတစ်ခေါက်နဲ့ဆိုရင် သုံးခေါက်ရှိသွားပြီ၊ ယုန်အရုပ်တွေ တော်တော်ရောင်းကောင်းတယ်နဲ့တူတယ်"

အဘိုးအိုက....

"ဟုတ်တယ်... ရောင်းကောင်းတုန်း အချိန်မီပို့မှပဲ ငွေရမယ် မဟုတ်လားဗျ"

ရဲမက်ကရယ်မောလိုက်သည်။

"ဒါပေါ့ဗျာ"

အဘိုးအိုက....

"လက်ဆောင်ယူဦးမလား"

သူက ယုန်အရုပ်တစ်ရုပ်ကိုယူ၍လှမ်းပေးလိုက်သည်။

ရဲမက်ကလက်ခံလိုက်သည်။

"အဘကလဲဗျာ... တစ်ခေါက်ထွက်ရင် အရုပ်တစ်ရုပ်နှစ်ရုပ် ပေးပေးသွားတယ်၊ ကျေးဇူးတင်ပါတယ်ဗျာ"



"ကိစ္စမရှိပါဘူးဗျာ... ဒီလောက်ကတော့ အဘ ပေးပိုင်ခွင့် ရှိပါတယ်"

ရဲမက်က လက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ... သွားနိုင်ပြီအဘ"

အဘိုးအိုသည် မြင်းလှည်းကိုမောင်း၍ မြို့ထဲဝင်ရောက် သွားလေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



(၃၂)

ရှောင်ရှောင်ရဲတိုက်....

ထိုရဲတိုက်သည် ချန်အန်းမြို့တော်မြောက်ဘက်လီပေါင်း (၃၀)ခန့်ကွာဝေးသောနေရာတွင် တည်ရှိသည်။

ရဲတိုက်ကသေးငယ်ပြီး ပျက်စီးယိုယွင်းနေ၏။ သို့သော် သေးငယ်သောရဲတိုက်သည် တစ်ချိန်ကစစ်ဗျူဟာတွင် အလွန်အရေးပါသောရဲတိုက်ငယ်တစ်ခုဖြစ်လေသည်။

နှစ်ပေါင်းကြာမြင့်စွာ လူသူမနေထိုင်ကြဘဲ စွန့်လွှတ်ထားသောကြောင့် ပျက်စီးယိုယွင်းနေ၏။

သို့သော် ဤနှစ်များတွင် ထိုရဲတိုက်သည် အပြောင်းအလဲတစ်စုံတစ်ခုဖြစ်ပေါ်လာ၏။ ထိုရဲတိုက်ကို အပြင်ဘက်မှကြည့်ကြမည်ဆိုလျှင် အိုမင်းပျက်စီးနေသောရဲတိုက်တစ်ခုဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

သို့သော် ရဲတိုက်အတွင်းမှာမူ လုံးဝပြောင်းလဲနေသည်ကို မည်သူကမျှ တွေ့မြင်သိရှိကြမည်မဟုတ်ပါ။

ရဲတိုက်အတွင်းဘက်တွင် အသစ်တစ်ဖန်ပြောင်းလဲနေသောရဲတိုက်တစ်ခု၏အင်္ဂါရပ် စုံစုံလင်လင်ရှိသည်။

ထို့ပြင်....



မီးခိုးရောင်ဆင်တူဝတ်ဆင်ထားသောလူအများလည်း သွားလာလှုပ်ရှားနေသည်ကိုတွေ့မြင်ရမည် ဖြစ်လေသည်။

တစ်နည်းဆိုရလျှင် အပြင်ဘက်မှပျက်စီးနေပြီဖြစ်သောရဲတိုက်ငယ်အတွင်းဘက်တွင် ရဲတိုက်အင်္ဂါရပ်ပြည့်စုံနေခြင်းဖြစ်ပေသည်။

ယခု.... မြင်းလှည်းတစ်စင်းသည် ရဲတိုက်ငယ်အတွင်းသို့ မောင်းနှင်ဝင်ရောက်လာလေသည်။

မြင်းလှည်းမောင်းသူမှာ အဘလောင်ချန်ဖြစ်လေသည်။

သူသည် ယုန်အရုပ်များကိုသယ်ဆောင်လာခြင်းဖြစ်သည်။

ဝဝဝဝ

မြင်းလှည်းသည် ရဲတိုက်ခန်းမရှေ့တွင်ရပ်တန့်သွားလေ၏။

မီးခိုးရောင်ဆင်တူဝတ်ဆင်ထားသူများသည် မြင်းလှည်းပေါ်မှအရုပ်များကို ခန်းမထဲသို့သယ်ဆောင်သွားလေသည်။ ခန်းမထဲ၌ သန်မာထွားကျိုင်းသောလူတစ်ယောက်ရပ်နေ၏။

သူက လောင်ချန်အား ဝမ်းပန်းတသာ ဆီးကြိုလိုက်သည်။

"လောင်ချန်... ဘယ်နှစ်ခေါက်ရှိပြီလဲ"

အဘလောင်ချန်က ဦးညွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သုံးခေါက်ရှိပါပြီသခင်ကြီး"

သခင်ကြီးက ကျေနပ်စွာခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... ခုနစ်ခေါက်သာကျန်တော့တယ်၊ သုံးရက်အတွင်းမှာ အပြီးသယ်ဖို့ကြိုးစားပါ"

"စိတ်ချပါသခင်ကြီး"

သခင်ကြီးဆိုသူက သူ၏ခေါင်းကိုပုတ်လိုက်သည်။

"ကျုပ်ယုံပါတယ်... အဘလောင်ချန် တာဝန်ပြီးသွားတာနဲ့ ကျုပ်ပေးထားတဲ့ကတိအတိုင်း နည်းနည်းမှမလျှော့စေရပါဘူး"

အဘလောင်ချန်၏မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားလေသည်။

"စိတ်ချပါသခင်ကြီး... ဒီတာဝန်သာမြန်မြန်ပြီးသွားရင် ကျွန်တော်မျိုးလဲ ကိုယ်ချမ်းသာစိတ်ချမ်းသာရှိသွားမယ်မဟုတ်လား"

သခင်ကြီးကရယ်မောလိုက်သည်။

"ဒါပေါ့ဗျာ... ဒါပေါ့"

အဘိုးအိုလောင်ချန်က....

"ခွင့်ပြုပါဦးသခင်ကြီး... ကျွန်တော်မျိုး လက်ကျန်တွေကို သွားသယ်လိုက်ပါဦးမယ်"

သခင်ကြီးကခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ"



အဘလောင်ချန်ကသခင်ကြီးကိုဦးညွတ်၍ ထွက်ခွာသွားလေသည်။ သခင်ကြီးဆိုသူသည် ကျားသားရေဖုံးထားသော ကုလားထိုင်ပေါ်သို့ထိုင်ချလိုက်လေသည်။

သူ့မျက်နှာတစ်ခုလုံး အားရကျေနပ်သည့်အရိပ်အယောင်များဖြစ်ပေါ်လာလေသည်။

သူက ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"လူရောက်တုံး... သိုင်းလောကမှာ မင်းလောက် ဉာဏ်ကောင်းတဲ့လူမရှိဘူးလို့ နာမည်ကြီးနေတာ ဒီတစ်ကြိမ်တော့ မင်းအရှုံးကြီးရှုံးပြီလို့သာမှတ်"

သူကကြုံးဝါးရင်း သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား"

သူ၏ရယ်မောသံသည် ခန်းမတစ်ခုလုံး ဟိန်းထွက်သွားရုံမက ရဲတိုက်၏မြေတိုက်ခန်းရှိရာသို့လည်း လျှင့်ပျံ့ရောက်ရှိသွားလေသည်။

"ဟား... ဟား... ဟား.... ဟား"

oooo

www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ဟား"

သခင်ကြီးဆိုသူ၏ရယ်မောသံသည် မြေအောက်ခန်းသို့ လွင့်ပျံဆင်းသက်လာလေသည်။

မြေအောက်အကျဉ်းခန်းတွင် ချုပ်နှောင်ထားသောအကျဉ်းသားတစ်ယောက်၏နားထဲသို့လည်းတိုးဝင်သွားသည်။

ထိုအကျဉ်းသားသည် သခင်ကြီး၏ရယ်မောသံကိုကြားလိုက်ရသဖြင့် လက်နှစ်ဖက်ကိုရှန်းကန်လှုပ်ရှားရင်း ခံပြင်းစွာဖြင့် အသံကုန်အော်ဟစ်လိုက်လေသည်။

"လူယုတ်မာ... မင်း ရယ်အားရှိမှာပေါ့... ဒါပေမဲ့ ယုတ်မာတဲ့လူတစ်ယောက်ဟာ နောက်ဆုံးတော့ ဆိုးကျိုးလှလှကြီးခံရမယ်ဆိုတာ နားလည်စေချင်တယ်"

သို့သော် အသံကုန်အော်ဟစ်လိုက်သောအသံသည် ခန်းမပေါ်သို့မရောက်နိုင်ပါ။ အကျဉ်းသားကလည်း ဆက်လက်အော်နိုင်ရန်မှာ အားအင်ချည့်နဲ့နေသောကြောင့် စိတ်ပျက်စွာခေါင်းငိုက်စိုက်ချလိုက်သည်။

ဤအကျဉ်းသားသည် မည်သူမည်ဝါဖြစ်ပါသနည်း။

အဘယ်ကြောင့် ဤမြေအောက်အကျဉ်းခန်း၌ ချုပ်နှောင်ခြင်းခံထားရပါသနည်း။



ရဲတိုက်ပိုင်ရှင် သခင်ကြီးဆိုသူသည် မည်သူဖြစ်ပါသနည်း။

အဘယ်ကြောင့် ထိုလူအားအကျဉ်းချထားရပါသနည်း။

ထိုမေးခွန်းကို လူရှောက်တုံးမဖြေနိုင်ပါ။

ရသေ့ကြီးလည်း မဖြေနိုင်ပါ။

ထိုမေးခွန်းထုတ်သူမှာ စောရကြယ်တံခွန်ဖြစ်ပါသည်။

စောရကြယ်တံခွန်သည် ရဲတိုက်သို့မြင်းလှည်းဖြင့် ယုန်အရုပ်များ သွားရောက်ပို့ပေးနေသောအဘလောင်ချန်ပင် ဖြစ်လေသည်။

စောရကြယ်တံခွန်သည် အဘယ်ကြောင့် အဘလောင်ချန်အဖြစ်သို့ကူးပြောင်းသွားရပါသနည်း။

အဘယ်ကြောင့် ထိုယုန်အရုပ်များအား ပျက်စီးနေသောရဲတိုက်ထံသို့ပို့ပေးရပါသနည်း။

အကြောင်းကား ဤသို့တည်း...

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



( ၃၃ )

တစ်နေ့ လုရှောက်တုံးနှင့်ရသေ့ကြီးတို့သည် ထုံးစံအတိုင်း သူတို့ရောက်နေကျ အရက်ဆိုင်ကလေးသို့ရောက်ရှိနေကြလေသည်။

စောရကြယ်တံခွန် မရောက်သေးပါ။

ထို့ကြောင့် သူတို့နှစ်ယောက်သည် စောရကြယ်တံခွန်အား စောင့်နေရင်း အရက်ကိုမှာကြား၍သောက်နေကြ၏။

ရသေ့ကြီး တစ်စုံတစ်ခုကိုသတိရလာသည်။

"ဒါနဲ့ လုရှောက်တုံး... စန္ဒကွမ်းကောင်းနဲ့တူတဲ့ မိန်းကလေး အကြောင်း ဘာကြားသေးသလဲ"

လုရှောက်တုံးကခေါင်းခါယမ်းလိုက်သည်။

"ဘာသတင်းမှမကြားတော့ဘူး"

"သူ့ကိုပစ်မထားနဲ့... သွားရင်းလာရင်း သူ့သတင်းလဲ စုံစမ်းပါဦး"

"ရသေ့ကြီးပြောမှပဲ ကျုပ်လဲ သူ့ကိုမေ့မထားသင့်ဘူးဆိုတာ သတိရလာပါတယ်"

သူက စကားဆက်လိုက်သည်။

"ဒီမိန်းကလေးဟာ ဘာမှတော့ ပြဿနာမရှိပါဘူး။ အိမ်က လူကြီးနဲ့အခိုက်မသင့်လို့ လူငယ်ပီပီ စိတ်ဆိုးပြီးအိမ်ကထွက်လာတာ၊



စိတ်ဆိုးပြေသွားတော့လဲ အိမ်ပြန်သွားမှာပေါ့"

ရသေ့ကြီးက ကြားဖြတ်လိုက်သည်။

"အမှန်တော့ ပြဿနာ ဘာမှမဖြစ်နိုင်ပါဘူး၊ ခက်တာက စန္ဒကွမ်းတောင်းနာမည်ကိုသုံးမိလို့ နေရာတကာမှာ အန္တရာယ်က သူ့ကိုဆီးကြိုနေပြီကွ"

လုရှောက်တုံး သက်ပြင်းချလိုက်သည်။

"သူ့ကိုအသေရရ အရှင်ရရ ဆုငွေ (၅၀၀၀)ထုတ်ထားမှ တော့ သူအန္တရာယ်နဲ့တွေ့မှာအမှန်ပဲ"

"ဒါကြောင့် သူ့ကိုမေ့မထားပါနဲ့လို့ သတိပေးနေတာ"

"ဟုတ်ပါပြီ... သူ့မှာ လီစန်းလုံဆိုတဲ့သူငယ်လေးတစ် ယောက်ရှိလို့ တော်သေးတာပေါ့၊ တစ်ခုခုဖြစ်ရင်တော့ ကျုပ်တို့ဆီ လာအကြောင်းကြားမှာပဲ"

"ဒါနဲ့ မင်း စီးမင်ချွေးဆွေ့ဆီရောက်ခဲ့သေးသလား"

"ရောက်ခဲ့တယ်"

"တွေ့လား"

"တွေ့တယ်"

"သူ့ကို အကျိုးအကြောင်းပြောပြသေးသလား"

"ပြောပြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူကဘာပြောသလဲ"

"သူက စကားနှစ်ခွန်းပဲပြောခဲ့တယ်၊ စကားတစ်ခွန်းကတော့ သူဘယ်ကိုမှမရောက်တာ သုံးလရှိသွားပြီတဲ့"

"နောက်စကားတစ်ခွန်းကကော"

"ဓားတစ်ချက်နဲ့လူကိုသတ်နိုင်တဲ့ဓားသမားဟာ လောကပေါ်မှာ သူတစ်ယောက်တည်းပဲရှိတာမဟုတ်ဘူးတဲ့"

ရသေ့ကြီး မျက်မှောင်ကုတ်သွားလေသည်။

"သူ့ရဲ့စကားနှစ်ခွန်းက အဓိပ္ပာယ်ရှင်းပါတယ်၊ သဘောက သူ ဘယ်သူ့ကိုမှမသတ်ဘူး။ ပြီးတော့ ကျုပ်တို့ထင်သလို ဓားတစ်ချက်နဲ့ လူတစ်ယောက်ကိုသတ်နိုင်တဲ့ဓားသမား နောက်ထပ်တစ်ယောက်ရှိဦးမယ်ဆိုတဲ့သဘောပဲ"

လုရှောက်တုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ရသေ့ကြီးက အတန်ကြာစဉ်းစားလိုက်သည်။

"ဒီလိုဆိုရင် နောက်တစ်ယောက်က ဘယ်သူလဲဆိုတာ သူသိလိမ့်မယ်... မင်း သူ့ကိုမမေးဘူးလား"

"မေးတယ်"

"သူကဘာပြောသလဲ"



"သူ ပါးစပ်ပိတ်ထားတယ်"

ထိုအချိန်မှာပင် လူတစ်ယောက်သည် ဆိုင်ထဲသို့ပြေးလွှားရောက်ရှိလာလေသည်။

oooo

စောရကြွယ်တံခွန်....

သူ၏လက်ထဲတွင် အလွန်လှပသောယုန်အရုပ်တစ်ကောင်ပါရှိလာသည်။ ရသေ့ကြီးက သူ့အားကြည့်ကာ ခေါင်းခါလိုက်သည်။

"မင်းနယ်ကွာ... ဒီအရွယ်ရောက်တဲ့အထိ ကလေး ကစားစရာကိုမကျက်တွန်းပဲလား"

စောရကြွယ်တံခွန်က လက်ထဲမှယုန်အရုပ်ကို စားပွဲပေါ်သို့ပစ်တင်လိုက်သည်။

"ဒုတ်...."

ဟူသောအသံမြည်လာသည်။ သူက ဝင်ရောက်ထိုင်ချပြီး စကားမပြောနိုင်သေးဘဲ အရက်ကိုအငမ်းမရသောက်လိုက်သည်။

ရသေ့ကြီးက....

"မင်းရောက်မလာတာငါးရက် ရှိပြီ... ဘယ်မှာသွားပြီး အိပ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ငါးရက်လုံးလုံး မအိပ်ရပါဘူး… အလုပ်ရှုပ်နေလို့"

"ဘာအလုပ်တွေလုပ်နေလို့လဲ"

စောရကြွယ်တံခွန်က ယုန်အရုပ်ကိုလက်ညှိုးထိုးပြလိုက်၏။

"ဒီယုန်အရုပ်ကြောင့်ပေါ့"

"ဘာလဲ… မင်းအရက်သောက်စရာငွေမရှိလို့ ယုန်အရုပ်လုပ်တဲ့ရုံမှာ အလုပ်သွားလုပ်တယ် ဟုတ်လား"

"ယုန်အရုပ်ကိုလှေ့လာပါဦး"

လုရှောက်တုံးက ယုန်အရုပ်ကိုကောက်ယူလိုက်သည်။

သူ၏မျက်နှာပေါ်တွင် သံသယများ ဖြစ်ပေါ်လာလေသည်။

"လေးလိုက်တာ… ယုန်အရုပ်ထဲမှာ ဘာတွေထည့်ထားပါလိမ့်"

စောရကြွယ်တံခွန်က….

"ငွေတုံး…."

သူက ဖြည့်စွက်ပြောလိုက်သည်။

"ငွေတိုက်အဖောက်ခံရတဲ့ငွေတုံးဗျ"

လုရှောက်တုံးနှင့်ရသေ့ကြီးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြလေသည်။ လုရှောက်တုံးက ယုန်အရုပ်၏ဝမ်းဗိုက်နေရာရှိချုပ်ရိုးကို ဆွဲဖြဲလိုက်သည်။



အရောင်တောက်ပနေသောငွေတုံးတစ်တုံးကို တွေ့မြင်လိုက်ရသည်။ လုရှောက်တုံးနှင့်ရသေ့ကြီးတို့ အလွန်အံ့သြသွားကြလေသည်။ လုရှောက်တုံးက ငွေတုံးကလေးကိုထုတ်ယူကြည့် လိုက်သည်။ ငွေတုံးပေါ်၌ တံဆိပ်ခတ်ထားသည်။

"ချန်အန်းငွေတိုက်"

လုရှောက်တုံးနှင့်ရသေ့ကြီးတို့၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားကြလေသည်။

"ဒီငွေတုံး ဘယ်ကရလာတာလဲ"

နှစ်ယောက်စလုံး ပြိုင်တူမေးလိုက်ကြသည်။ စောရကြွယ်တံခွန်က အရက်တစ်ခွက်ငှဲ့သောက်လိုက်သည်။

ထို့နောက် လေသံအေးအေးဖြင့်….

"ငါ ကံကောင်းချင်လို့နဲ့တူပါတယ်"

သူက အစချီ၍ ငွေတုံးတွေ့ရှိပုံကိုပြန်လည်ပြောပြလိုက်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



( ၃၄ )

နံနက်....

စောရကြွယ်တံခွန်သည် ချမ်းအန်းမြို့ထဲသို့ဝင်ရောက်လာလေသည်။ မြို့တော်၏တံခါးပေါက်တွင် အဝင်အထွက် အလွန်များသောအချိန်ဖြစ်သည်။

ခါတိုင်းနေ့ဆိုလျှင် ပြည့်ကျပ်၍နေသော်လည်း အလွယ်တကူဝင်ထွက်၍ရလေသည်။ သို့သော် ငွေတိုက်လုယက်ခြင်းခံရသည့်နောက်ပိုင်းတွင် မြို့တော်၏တံခါးပေါက်လေးခုတွင် အစောင့်အကြပ်များထူထပ်စွာချထားပြီး ဝင်ထွက်နေသူများကိုတင်းကျပ်စွာစစ်ဆေးနေသောကြောင့် ကုန်ပစ္စည်းတင်သောနွားလှည်းများ၊ မြင်းလှည်းများ၊ အထမ်းသမားများတို့သည်တန်းစီ၍အစစ်ဆေးခံနေရ၏။

စောရကြွယ်တံခွန်သည် လူအုပ်ကြားမှတိုးဝှေ့ ဝင်ရောက်သွားသောအခါ မြင်းလှည်းတစ်စီးပေါ်တွင် အလွန်လှပသော ယုန်အရုပ်များကိုတွေ့လိုက်ရလေသည်။

သူ၏ခါးပိုက်နှိုက်ဉာဉ်က ချက်ချင်းပေါ်လာသည်။

ထို့ကြောင့် လူအလစ်တွင် ယုန်အရုပ်တစ်ရုပ်ကို အမှတ်မထင် နှိုက်ယူထားလိုက်သည်။

ထို့နောက်....



ယုန်အရုပ်ကိုပိုက်ကာ မြို့ထဲပြန်လည်လျှောက်လာပြီး လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်လိုက်လေသည်။

ထိုအခါမှ... ယုန်အရုပ်မှာ အဆမတန်လေးလံနေသည်ကို သတိပြုမိလိုက်လေသည်။

“လေးလိုက်တာ... အထဲမှာ ဘာတွေထည့်ထားပါလိမ့်”

သူသည် စောရတစ်ယောက်ပီပီ စူးစမ်းလိုစိတ်များဖြစ်ပေါ်လာလေသည်။ ယုန်ကလေး၏ဝမ်းဗိုက်ရှိချုပ်ရိုးကို အသာဖြကြည့်လိုက်သည်။ ငွေတုံးတစ်တုံးကိုမမျှော်လင့်ဘဲမြင်တွေ့လိုက်ရလေတော့၏။

ငွေတုံးပေါ်၌ ‘ချမ်းအန်းငွေတိုက်’ တံဆိပ်ခပ်နှိပ်ထားသည်ကို တွေ့လိုက်ရသဖြင့် သူသည် တွေးရန်ပင် မလိုတော့ဘဲ နားလည်သဘောပေါက်သွားလေသည်။

ငွေတုနှင့်ငွေစစ်ကိုလဲထားသောတရားခံသည် ငွေများကို ယုန်၏ဝမ်းဗိုက်ထဲတွင်ထည့်၍ အပြင်သို့ခိုးထုတ်နေကြောင်းသိရှိလိုက်သည်။ သူသည် လက်ဖက်ရည်ပင်မသောက်နိုင်တော့ဘဲ ယုန်အရုပ်ကိုရင်ဘတ်ထဲမှာဝှက်ထားပြီး မြို့တော်၏တံခါးပေါက်မှထွက်၍ မြင်းလှည်းနောက်သို့လိုက်လံရှာဖွေလေသည်။ သို့သော် မြင်းလှည်း၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အတန်ကြာရပ်၍တွေးတောနေ၏။

"ငါ အခွင့်ကောင်းတစ်ခုလက်လွတ်သွားပြီ"

"ငါဘာဆက်လုပ်ရမလဲ.. လူရှောက်တုံးတို့ကိုသွားပြီး အကြောင်းကြားရင် ကောင်းမလား"

"မဖြစ်သေးဘူး... သူတို့က ယုန်အရုပ်တစ်ရုပ်ပျောက်သွားတာကိုသိသွားမှာပဲ၊ ဒါကြောင့် သူတို့ကလဲ တစ်မျိုးတစ်ဖုံအစီအစဉ်ပြောင်းသွားမလားမသိဘူး"

သူသည် အတန်ကြာစဉ်းစားပြီးမှ....

"ငါ ဘယ်ကိုမှသွားလို့မဖြစ်သေးဘူး... ငွေက ဆယ်သိန်းများတောင် သူတို့က ဆက်ပြီးပို့ရဦးမှာပဲ၊ ငါ မျက်ခြည်မပြတ်စောင့်ရဦးမယ်"

စောရကြွယ်တံခွန်သည် ဤသို့ဆုံးဖြတ်ပြီးနောက် မြို့တော်တံခါးပေါက်နှင့်အနီးဆုံးတည်းခိုခန်းတစ်ခန်းတွင် အခန်းငှား၍စောင့်ကြည့်နေလိုက်လေတော့၏။

၀၀၀၀



သို့သော် သုံးရက်တိုင်တိုင် မနားမနေစောင့်ကြည့်နေသော်လည်း ယုန်အရုပ်တင်ဆောင်သောမြင်းလှည်းကို ပြန်လည်တွေ့မြင်ရခြင်းမရှိတော့ချေ။

သူ စိတ်ဓာတ်ကျလာလေသည်။

"ကံဆိုးတာပဲ... သူတို့ သယ်လို့ကုန်သွားပြီနဲ့တူတယ်"

ထိုနေ့၌ သူသည် တစ်နေကုန် အတိုးချ၍အိပ်လိုက်သည်။ အိပ်ရေးအလွန်ဝနေသောကြောင့် နောက်တစ်နေ့ အရုဏ်တက်ချိန်တွင် အိပ်ရာမှနိုးလာလေသည်။

"မဖြစ်ဘူး... ငါ လူရှောက်တုံးတို့ကိုသွားပြီးသတင်းပို့ဖို့ကောင်းပြီ"

သူသည် အပျင်းတစ်ချက်ဆန့်ပြီး အမှတ်မထင်ပင် မြို့တံခါးပေါက်ရှိရာသို့လှမ်းကြည့်လိုက်မိသည်။

သူ၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွားသည်။ ယုန်အရုပ်များ တင်ဆောင်ထားသောမြင်းလှည်းသည် မြို့တံခါးပေါက်မှ စတင်ထွက်ခွာသွားသည်ကိုတွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပါသည်။

သူသည် ခေါင်းအုံးအောက် ဝှက်ထားသောယုန်အရုပ်ကို ယူ၍ ရင်ဘတ်ထဲသို့ဝှက်ထားလိုက်သည်။

ပြီးနောက် အောက်ထပ်ကိုပင် မဆင်းတော့ဘဲ....

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှပြေးလွှားခုန်ထွက်ကာ မြင်းလှည်းနောက်သို့ပြေးလိုက်သွားလေသည်။ မြင်းလှည်းမောင်းသူသည် မြင်းကိုဖြည်းဖြည်းနှင့်မှန်မှန်မောင်းနှင်နေ၏။

စောရကြွယ်တံခွန်သည် သူ၏ထူးချွန်သော ကိုယ်ဖော့ပညာကိုအသုံးပြု၍ မြင်းလှည်းအောက်သို့ပြေးဝင်သွားသည်။ ထို့နောက် မြင်းလှည်း၏ အောက်ခံတန်းများကိုတွယ်၍လိုက်ပါသွားလေတော့သည်။

၀၀၀၀



( ၃၅ )

စောရကြွယ်တံခွန်သည် အရက်သောက်၍ပြောရင်း အရက်တစ်အိုးကုန်မှ အရက်သောက်နေသည်ကိုရပ်တန့်လိုက်သည်။

လုရှောက်တုံးနှင့်ရသေ့ကြီးတို့သည် အလွန်စိတ်ဝင်စားစရာကောင်းသောပုံပြင်တစ်ပုဒ်ကို နားထောင်နေရသည့်အလား အထူးပင် အာရုံစိုက်နေမိကြလေသည်။

ရသေ့ကြီးက....

"ယုန်အရုပ် ဘယ်ကိုပို့လိုက်တာလဲ"

စောရကြွယ်တံခွန်က....

"ရဲတိုက်ပျက်လေ"

လုရှောက်တုံး အံ့သြသွားသည်။

"ရဲတိုက်မှာ ဘယ်သူမှမရှိတော့ဘူးတဲ့"

ရသေ့ကြီးကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ရဲတိုက်ကပျက်စီးနေပြီပဲ"

စောရကြွယ်တံခွန်က....

"အခု ရဲတိုက်ထဲမှာခန့်ခန့်ညားညားရှိနေပြီဗျ၊ လူတွေလဲ အများကြီးပဲ"

လုရှောက်တုံး မျက်မှောင်ကုတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေလဲ"

"နင်ဂျာတွေ"

ရသေ့ကြီးနှင့်လုရှောက်တုံးတို့အကြည့်ချင်း ဆုံသွားကြလေသည်။ ရသေ့ကြီးက....

"သူတို့ခေါင်းဆောင် တွေ့ခဲ့သလား"

"တွေ့တယ်"

"ဘယ်သူလဲ"

"မသိဘူး... အားလုံးက သူ့ကိုသခင်ကြီးလို့ခေါ်ကြတယ်"

"တခြား ဘာတွေ့ခဲ့သေးလဲ"

"မြေအောက်အချုပ်ခန်းတစ်ခန်းတွေ့တယ်.... လူတစ်ယောက်ကို ချုပ်ထားတယ်လို့သိရတယ်"

ရသေ့ကြီးက သူ့အားစေ့စေ့ကြည့်လိုက်သည်။

"မင်း ဘာလို့ ဒီလောက်စေ့စေ့စပ်စပ်သိနိုင်ခဲ့တာလဲ"

"လွယ်ပါတယ်... ရှေ့ခပ်လှမ်းလှမ်းမှာ ရဲတိုက်ပျက်ကိုတွေ့တာနဲ့ မြင်းလှည်း အဲဒီကိုမောင်းမယ်လို့ ကျုပ်သိလိုက်တာပေါ့"

"ကျုပ်သိပြီ... မင်းက မြင်းလှည်းမောင်းသမားကိုသွေးကြောပိတ်... သူ့အဝတ်အစားဝတ်ပြီး ရဲတိုက်ရောက်အောင် မောင်းသွားတာမဟုတ်လား"



စောရကြယ်တံခွန် ခေါင်းညိတ်လိုက်သည်။

ရသေ့ကြီးက လုရှောက်တုံးအားလှမ်းမေးလိုက်သည်။

"ဒီသခင်ကြီးဆိုတာဘယ်သူလဲ... အချုပ်ခန်းထဲက အကျဉ်းသားကကော ဘယ်သူလဲ၊ ဒါကို အရေးကြီးဆုံးသတ်မှတ်ပြီး အမြန်စုံစမ်းရမယ်"

လုရှောက်တုံးခေါင်းညိတ်လိုက်သည်။

"သခင်ကြီးဆိုသူကိုမသိနိုင်သေးပေမယ့် အကျဉ်းချထားခံရတဲ့လူ ဘယ်သူလဲဆိုတာကျုပ်ပြောနိုင်ပြီ"

"ဘယ်သူလဲ"

စောရကြယ်တံခွန်နှင့်ရသေ့ကြီးတို့က ပြိုင်တူမေးလိုက်၏။

လုရှောက်တုံးက....

"ချန်အန်းနယ်စားကြီး"

oooo

လုရှောက်တုံး၏စကားကြောင့် စောရကြယ်တံခွန်နှင့်ရသေ့ကြီးတို့ အံ့သြခြင်းမကအံ့သြသွားကုန်ကြ၏။

"မင်း ဘာကြောင့်တပ်အပ်ပြောနိုင်တာလဲ"

လုရှောက်တုံးက....

www.burmeseclassic.com

www.burmeseclassic.com



"ဒီငွေတိုက်လုယက်မှုကိုသုံးသပ်ကြည့်မယ်ဆိုရင် စန့်ကွမ်းတောင်းနဲ့ နယ်စားကြီးတို့လူစုထဲက လူတစ်ယောက်နဲ့ပူးပေါင်းပြီး လုပ်တာကိုတွေ့ရတယ်မဟုတ်လား"

"ဟုတ်တယ်… ဒါကြောင့် ငွေတိုက်မှူးအသတ်ခံရတာ နယ်စားကြီးလက်ချက်လို့တောင် သံသယဖြစ်မိတယ်"

"ကျုပ်လဲ အစတုန်းက သံသယဖြစ်မိပါတယ်… ဒါပေမဲ့ ငွေတိုက်မှူးအသတ်ခံရတယ်ဆိုတဲ့နောက်ပိုင်းမှာ သံသယစာရင်းထဲက ပယ်ဖျက်လိုက်တယ်"

"ဘာအကြောင်းကြောင့် သူ့ကိုပယ်ဖျက်ရတာလဲ"

"ငွေတိုက်မှူးကိုသတ်သွားတာ ဓားတစ်ချက်ပဲသုံးလိုက်တယ်၊ နယ်စားကြီးက ဒီလောက်အစွမ်းမရှိဘူးလို့ ယုံကြည်လို့"

"ဒါပဲလား"

"နယ်စားကြြီးလဲချမ်းသာပါတယ်… သူ့မှာ ဘယ်လောက်ချမ်းသာတယ်ဆိုတာ မသိရပေမဲ့ ဒီငွေတွေကို အသက်စွန့်ပြီးကြံစည်စရာမလိုပါဘူး၊ ဒါကြောင့် တခြားလူရှိရဦးမယ်လို့ယုံကြည်လို့"

စောရကြြယ်တံခွန်က….

"ဒီအတိုင်းဆိုရင် ရဲတိုက်မှာရှိတဲ့သခင်ကြီးဆိုတဲ့လူက နယ်စားကြီးကိုဖမ်းပြီး အကျဉ်းချထားတာလို့ ပြောချင်တာလား"



ရသေ့ကြီးက….

"ဒီလူ ဘယ်သူလဲ… ဘာကြောင့် နယ်စားကြီးကိုလူမသိသူမသိဖမ်းထားရတာလဲ၊ နယ်စားကြီးအိမ်မှာ နယ်စားကြီးပျောက်သွားတာကို ဘာကြောင့်ငြိမ်နေရတာလဲ"

လုရှောက်တုံးက….

"အဲဒါတွေးရတာ တော်တော်ခက်ပါတယ်… မဟုတ်မှလွဲရော ဒီသခင်ကြီးဆိုတဲ့လူက ရုပ်ဖျက်ကျွမ်းကျင်တဲ့လူဖြစ်ရမယ်"

"သခင်ကြီးဆိုတဲ့လူက နယ်စားကြီးလိုရုပ်ဖျက်ပြီး နယ်စားတာဝန်ကိုထမ်းဆောင်နေတယ်ဆိုတဲ့သဘောလား"

လုရှောက်တုံးခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်… ဒီအဖြေတစ်ခုသာရှိတယ်"

စောရကြြယ်တံခွန်က….

"နယ်စားအတုဖြစ်တယ်ဆိုတာ တခြားလူမသိပေမဲ့ သူ့အိမ်သားတွေ မသိဘဲနေမလား"

လုရှောက်တုံးက….

"နယ်စားအကြောင်း ကျုပ်စုံစမ်းပြီးပြီ… သူ့ဇနီးကွယ်လွန်ခဲ့တာကြာပြီ၊ သားသမီးလဲမရှိဘူး… သူ့ငယ်သားတစ်ချို့သာကျန်တယ်၊ ဒါကြောင့် မသမာသူက နယ်စားအသွင်ဟန်ဆောင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စောရကြွယ်တံခွန်က....

"ဒါဖြင့် ကျုပ်တို့ ဒီလိုနေလို့မဖြစ်ဘူး... နယ်စားရဲ့ အမှုထမ်းတွေကိုသွားအကြောင်းကြားရမယ်၊ အချုပ်ခံနေရတဲ့နယ်စားကို ကယ်တင်ရမယ်"

လုရှောက်တုံးခေါင်းခါသည်။

"ဒီလိုဆိုရင် နယ်စားကိုမကယ်တင်နိုင်တဲ့အပြင် ကျုပ်တို့ပါ အဖမ်းခံရမယ်"

"ဘာဖြစ်လို့လဲ"

"သူ့ရဲ့ အမှုထမ်းတွေဟာ နယ်စားအတုကိုအစစ်ထင်ပြီး သူ့အမိန့်ပဲနာခံမှာပေါ့"

"ဒါလဲဟုတ်တယ်"

စောရကြွယ်တံခွန်က....

"ဒါဖြင့် ကျုပ်တို့က ရဲတိုက်မှာသွားစောင့်နေမယ်၊ နယ်စားအတုရောက်လာတဲ့အခါ သူ့ကိုဖမ်းပြီးကယ်တင်ရင်ကော"

လုရှောက်တုံးက....

"ရဲတိုက်ထဲမှာနင်ဂျာတွေအများကြီးရှိတယ်၊ ပြီးတော့ သခင်ကြီးဆိုသူကလဲ စီးမင်ချွေးဆွေ့နီးနီးလောက် ဓားပညာထက်မြက်တယ်ဆိုတာ မေ့ထားလို့မရဘူး"



စောရကြွယ်တံခွန် ပါးစပ်ပိတ်ထားလေသည်။

"ငါတို့ ဘာဆက်လုပ်မလဲ"

ရသေ့ကြီးကမေးလိုက်သည်။ လုရှောက်တုံးက....

"ငါတို့လုပ်စရာ အများကြီးရှိလာပြီ"

စောရကြွယ်တံခွန်က....

"ဘာလုပ်ရမလဲဆိုတာ မြန်မြန်ပြောစမ်းပါကွာ... ဒီလောက်မတရားလုပ်တဲ့လူကို ကျုပ် သည်းမခံနိုင်တော့ဘူး"

လုရှောက်တုံးက....

"မင်းထက် သည်းမခံနိုင်တဲ့လူရှိသေးတယ်ဆိုတာ မင်းမေ့နေပြီလား"

"ဘယ်သူလဲ"

"မျက်နှာတစ်ထောင်ဒေဝီ စန္ဒကွမ်းတောင်း"

ရသေ့ကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်တယ်... သူ့ခမျာ အပင်ပန်းခံ... နာမည်ပျက်ခံပြီး တကယ်ရတော့ ငွေအတုတွေဆိုတော့ ဘယ်ခံနိုင်ပါ့မလဲ"

လုရှောက်တုံးက....

"သူလဲ ကျုပ်တို့လိုအပူတပြင်းလိုက်နေမှာပဲ... ရှင်းရှင်းပြောရမယ်ဆိုရင် သူက တို့ထက်နားမျက်စိများတယ်... တို့သိထားသလို

www.burmeseclassic.com

www.burmeseclassic.com



သူလဲသိလောက်ပြီထင်တယ်”

ရသေ့ကြီးက....

“ဒါဖြင့် သူ့သတင်းကိုနားစွင့်ရလိမ့်မယ်... သူ လွှပ်ရှားလာပြီဆိုရင် ကျုပ်တို့အတွက်အခွင့်အရေးတစ်ခုပဲ”

စောရကြွယ်တံခွန်က....

“ဒါနဲ့ စန့်ကွမ်းတောင်းအတုရဲ့သတင်းကော ဘာမှမကြားရတော့ဘူးလား”

ရသေ့ကြီးက....

“ပြီးတော့... လီစန်းလုံဆိုတဲ့သူငယ်တစ်ယောက်လဲ ရှိသေးတယ် ... သူတို့အိမ်ပြန်ကုန်ကြပြီနဲ့တူတယ်”

လုရှောက်တုံးက....

“သူတို့ အိမ်ပြန်ချင်ပေမဲ့ ပြန်လို့ရမှာမဟုတ်ဘူး”

စောရကြွယ်တံခွန်က....

“ဘာဖြစ်လို့လဲ”

“စန့်ကွမ်းတောင်းကို ဆုငွေငါးထောင်ထုတ်ထားတယ်ဆိုတာ မေ့နေပြီလား”

“ငွေငါးထောင်ဆိုတာမက်မောစရာပါပဲ... သူ့ကိုအစစ်လား အတုလား ဘယ်သိနိုင်မှာလဲ၊ ဒါကြောင့် သူ့မှာလဲ အန္တရာယ်တွေနဲ့



ရင်ဆိုင်ရှန်းကန်နေရမှာပဲ”

လုရှောက်တုံးက သက်ပြင်းချလိုက်သည်။

“ဒီမိန်းကလေးက နုနုနယ်နယ်နဲ့သနားစရာပဲ”

စောရကြွယ်တံခွန်ကပြုံးလိုက်သည်။

“မင်း သူ့ကိုကယ်ချင်တဲ့စိတ်ဆန္ဒဖြစ်နေပြီမဟုတ်လား”

လုရှောက်တုံးက....

“ဟုတ်တော့ ဟုတ်တယ်... ဒါပေမဲ့ သူကဘယ်မှာလဲ”

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



(၃၆)

စန့်ကွမ်းမင်းကြူးသည် အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်နေရပေသည်။ လီစန်းလုံက သူမအား ခွဲမသွားရသေးသောကြောင့် သူမအဖို့ သက်သာရာရနေသည်ဟုဆိုရပေမည်။

သို့သော် သူတို့သည် အန္တရာယ်များကိုရှောင်ထွက်ပြေးနေရသောကြောင့် မိမိတို့၏ဌာနေကိုမရောက်ဘဲ ပြေးရင်းလွှားရင်း ချန်အန်းမြို့တော်သို့ပြန်လည်ရောက်ရှိလာကြလေသည်။

တစ်နည်းဆိုရလျှင် သူတို့အဖို့ ကံကောင်းနေ၏။

အကြောင်းမှာ ချန်အန်းမြို့တော်မှရဲမက်များသည် ငွေတုံးများပြန်လည်ရရှိနိုင်ရန် အာရုံစူးစိုက်နေကြရာ စန့်ကွမ်းတောင်းအား ဖမ်းဆီးရန်မေ့လျော့နေခြင်းကြောင့်ဖြစ်လေသည်။

သူတို့အတွက် ပို၍ကံကောင်းသည်မှာ လုရှောက်တုံးတို့လူစုနှင့်တွေ့ဆုံမိခြင်းဖြစ်သည်။

လုရှောက်တုံးသည် စန့်ကွမ်းမင်းကြူးတို့နှစ်ယောက်ကို ဘေးမသီရန်မခဘဲ ပြန်လည်တွေ့ဆုံရသဖြင့် စိတ်သက်သာရာရသွားလေသည်။ ယခု သူသည် မျက်နှာတစ်ထောင်ဒေဝီစန့်ကွမ်းတောင်း၏လှုပ်ရှားမှုကို အထူးအာရုံပြုရတော့မည်မဟုတ်ပါလား။

"ဒါနဲ့ စန့်ကွမ်းတောင်း...."



လုရှောက်တုံးက ယင်းသို့ပြောပြီးမှ စန့်ကွမ်းတောင်းဟု မခေါ်သင့်ကြောင်း သတိရလာလေသည်။

"ဒါနဲ့ ငါ့ညီမက နာမည်ဘယ်လိုခေါ်သလဲ"

"စန့်ကွမ်းမင်းကြူး...."

စန့်ကွမ်းမင်းကြူးက လွှတ်ခနဲ နာမည်အရင်းကိုပြောလိုက်မိလေသည်။ ထိုနာမည်ကိုကြားလိုက်ရသော လီစန်းလုံမှာရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားလေသည်။

သူက ကြားဖြတ်မေးလိုက်သည်။

"ခင်ဗျားနာမည်က စန့်ကွမ်းမင်းကြူးဟုတ်လား"

စန့်ကွမ်းမင်းကြူးသည် လီစန်းလုံက အရေးတယူမေးနေသည်ကိုတွေ့ရသဖြင့်....

"ဟုတ်တယ်... အဲ့ဒါ ဘာဖြစ်လို့လဲ"

လီစန်းလုံက....

"ဒါနဲ့ ညီမရဲ့ဖခင်ကကော ဘယ်သူလဲ"

စန့်ကွမ်းမင်းကြူးက....

"ကျွန်မပြောပြီးပြီလေ... ကျွန်မဟာ အိမ်ပြေးမလေးဖြစ်တယ်၊ မိဘဂုဏ်ငယ်အောင်မပြောဘူးလို့"

"ဟုတ်ကဲ့... မေ့နေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူက တစ်မျိုးတစ်ဖုံလှည့်မေးလိုက်လေသည်။

"ဒါနဲ့ ညီမရဲ့ဇာတိက ဘယ်မှာလဲ"

စန္ဒကွမ်းမင်းကြူးက စိတ်မရှည်နိုင်တော့ဘဲ လိမ်ညာပြောလိုက်လေသည်။

"ကွမ်တုံး...."

လီစန်းလုံက လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

"ဩော်...."

စန္ဒကွမ်းမင်းကြူးက သူ့အား စိုက်ကြည့်လိုက်သည်။

"ဘာများမေးချင်သေးလဲ"

"မရှိတော့ပါဘူး"

ရသေ့ကြီးကဝင်မေးလိုက်လေသည်။

"မင်းတို့နှစ်ယောက် အခုလိုလျှောက်သွားနေရင် အားလုံးဒုက္ခရောက်လိမ့်မယ်၊ ဘာကြောင့် အိမ်မပြန်သေးတာလဲ"

စန္ဒကွမ်းမင်းကြူးက သက်ပြင်းချလိုက်သည်။

"တပည့်တော်မ သိပ်ပြန်ချင်တာပေါ့ရသေ့ကြီးရယ်... ဒါပေမဲ့ နေရာတိုင်းမှာ ရဲမက်တွေလိုက်ဖမ်းနေလို့ ပြေးရင်းလွှားရင်း ဒီကို ပြန်ရောက်လာတာ"

သူမကပြောရင်း မျက်ရည်ဝဲလာလေသည်။



"တပည့်တော်မဟာ အဖေအမေကိုလွမ်းနေတာ"

သူမကမျက်ရည်သုတ်ရင်း စကားဆက်လိုက်သည်။

"ထွက်လာတုန်းကတော့ မစဉ်းစားမဆင်ခြင်ဘဲ ထွက်လာတာ၊ ဒီလောက်ကြာလိမ့်မယ်လဲ မထင်မိပါဘူး... ဖေဖေနဲ့မေမေတို့ ဘယ်လောက်စိတ်ပူနေမလဲဆိတာ ကျွန်မ မတွေးဝံ့တော့ပါဘူး"

စန္ဒကွမ်းမင်းကြူးသည် ပြောရင်းပြောရင်း စိတ်ကိုမထိန်းနိုင်တော့ဘဲငိုကြွေးလေတော့သည်။

ရသေ့ကြီးက....

"မငိုပါနဲ့တော့ ကလေးမရယ်... မကြာမီ ကိစ္စရှင်းသွားတော့မှာပါ"

လုရှောက်တုံးက....

"ဒါနဲ့ ငါ့ညီမက ဘာကြောင့်အိမ်ကထွက်ပြေးလာရတာလဲ"

စန္ဒကွမ်းမင်းကြူးက....

"ကျွန်မကိုယောကျ်ားပေးစားတာ ကျွန်မကလက်မခံနိုင်လို့ ထွက်ပြေးလာတာ"

"ငါ့ညီမမှာ ချစ်သူရှိလို့လား"

စန္ဒကွမ်းမင်းကြူးကခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စန္ဒကွမ်းမင်းကြျူး၏စကားကြားလိုက်ရသဖြင့် လီစန်းလုံက စိတ်သက်သာရာရသွားလေသည်။

"တော်ပါသေးရဲ့"

ဟု သူ့ရင်ထဲတွင်ရေရွတ်မိလိုက်လေသည်။

ရသေ့ကြီးက လုရှောက်တုံးအားအကြံပြုလိုက်သည်။

"ချန်အန်းမြို့တော်ထဲမှာ မင်းနဲ့ရင်းနှီးတဲ့မိတ်ဆွေရှိသားပဲ၊ အဲဒီကိုပို့လိုက်ပါလား"

လုရှောက်တုံးကခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ"

သူက စန္ဒကွမ်းမင်းကြျူးအားပြုံးပြလိုက်သည်။

"ကဲ... ငါ့ညီမက ငါ့ကိုယုံတယ်ဆိုရင် ညီမလေးကို အသိမိတ်ဆွေအိမ်တစ်အိမ်မှာ ခဏပို့ထားမယ်... ဒါမှစိတ်ချရမယ်"

စန္ဒကွမ်းမင်းကြျူးကခေါင်းညိတ်လိုက်သည်။

"အစ်ကိုကြီးကို ခုမှတွေ့ရပေမဲ့ နာမည်ကြားခဲ့တာကြာပါပြီ၊ ကျွန်မ စိတ်ချယုံကြည်ပါတယ်"

လုရှောက်တုံးက လီစန်းလုံအား လှမ်းမေးလိုက်သည်။

"ညီလေးကော ကိုယ့်ဌာနကိုယ်ပြန်တော့မလား... ဒီကိစ္စပြီးမှပြန်မှာလား"



လီစန်းလုံက....

"ကျွန်တော် သူ့ကိုစိတ်မချဘူး... ဒီမှာပဲနေခဲ့မယ်... သူပြန်နိုင်မဲ့အခါမှာ သူ့အိမ်အထိလိုက်ပို့ပေးပါ့မယ်"

စန္ဒကွမ်းမင်းကြျူးက ပါးစပ်ဟလိုက်ပြီးမှ စကားမပြောဖြစ်ဘဲ ပါးစပ်ပိတ်ထားလေသည်။

ရသေ့ကြီးက....

"လုရှောက်တုံး သူတို့ကို အရင်ပို့လိုက်... ပြီးတော့ ဒီကိုပြန်လာခဲ့... ငါစောင့်နေမယ်"

လုရှောက်တုံးက....

"ကောင်းပါပြီလေ"

ဝဝဝဝ



www.burmeseclassic.com

www.burmeseclassic.com



## ( ၃၇ )

ချန်အန်းနေပြည်တော်တစ်ခုလုံး တိတ်ဆိတ်နေ၏။

ရဲမက်များကင်းလှည့်နေသည်မှအပ လူသွားလူလာလုံးဝမတွေ့ရတော့ပါ။

မီးရောင်ထိန်ထိန်လင်းနေသော ချန်အန်းမြို့နယ်တစ်ခုလုံးသည် မီးရောင်များလုံးဝမရှိတော့ဘဲ မှောင်အတိကျနေလေသည်။ မြို့တော်သူ မြို့တော်သားများ အိပ်မောကျနေကြပြီဖြစ်သည်။

"ဒေါင်...."

အုန်းမောင်းခေါက်သံတစ်ချက်ထွက်ပေါ်လာ၏။

ထို့နောက် ပြန်လည်တိတ်ဆိတ်သွားလေသည်။

ကင်းလှည့်နေသော ရဲမက်အဖွဲ့တစ်ဖွဲ့သည် နယ်စားကြီးအဆောက်အအုံကိုတစ်ပတ်ပတ်၍ဆက်လက်ထွက်ခွာသွားသည်။

ထိုအချိန်တွင် လူရိပ်တစ်ရိပ်သည် မြင့်မားသောအုတ်နံရံပေါ်မှထွက်ပေါ်လာလေသည်။ သူ့တစ်ကိုယ်လုံး မည်းနက်သောညဥ့်လူဝတ်စုံဝတ်ဆင်ထားသည်။

ဦးခေါင်းတစ်ခုလုံးမှာလည်း မျက်လုံးနေရာချန်လှပ်၍ အနက်ရောင်ခေါင်းစွပ်ဝတ်ဆင်ထားသည်။

သူ၏ကျောပေါ်တွင် ဓားတစ်လက်ရှိသည်။



ထိုဓားသည် သာမန်မြင်တွေ့နေကြဓားမျိုးမဟုတ်ပါ။ သုံးပေခန့်ရှည်သော နင်ဂျာများကိုင်ဆောင်လေ့ရှိသောဓားရှည်ဖြစ်၏။

ထိုညဥ့်လူသည် နင်ဂျာတစ်ယောက်ဖြစ်နေသည်လော။

သို့သော် ညဥ့်လူ၏ခန္ဓာကိုယ်မှာ သေးသွယ်၍လှပနေသောကြောင့် အမျိုးသမီးတစ်ယောက်ဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိပါ။

မှန်ပါသည်။ ထိုညဥ့်လူသည် မျက်နှာတစ်ထောင်ဒေဝီစန့်ကွမ်းတောင်းပင် ဖြစ်ပါသည်။ သူမသည် ငွေတုံးအစစ်နှင့်အတုလဲထားသူမှာ ချန်အန်းမြို့စားကြီးဖြစ်ရမည်ဟု ယုံကြည်နေသောကြောင့် နယ်စားကြီး၏လှုပ်ရှားမှုကို အချိန်မလပ်စောင့်ကြည့်နေခြင်းဖြစ်ပေသည်။

သူမသည် ရက်ပေါင်းကြာရှည်လေ့လာစုံစမ်းသောအခါ နယ်စားကြီးသည် ညဥ့်နက်သန်းခေါင်ယံအချိန်၌ တစ်ခါတစ်ရံတစ်ယောက်ထဲ တိတ်တဆိတ်မြို့ပြင်သို့ထွက်ခွာသွားတတ်သည်ကိုတွေ့ရှိလိုက်ရလေသည်။

သူမသည် ချန်အန်းနယ်စားကြီးအပေါ်သံသယဖြစ်လာလေသည်။ ထို့ကြောင့် နယ်စားကြီးသွားရာနောက်သို့ တိတ်တဆိတ်လိုက်သွားလေသည်။ သို့သော် နယ်စားကြီးမှာအသင့်ပြင်ထားသောမြင်းနှင့်မောင်းနှင်သွားသောကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မျက်ခြည်ပြတ်၍ ပြန်ခဲ့ရလေသည်။

မည်သို့ပင်ဖြစ်စေ.... စန္ဒကွမ်းတောင်းသည် စိတ်အလွန် နိုင်မာသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။

သူမသည် အားကိုးရသောကိုယ်ရံတော်လေးယောက်နှင့် သေသေချာချာတိုင်ပင်ပြီး နယ်စားကြီးနောက်သို့ခြေရာခံလိုက်နိုင် ရန်အစီအစဉ်ချမှတ်ထားသည်။

ထို့ကြောင့် ညစဉ်ညတိုင်း နယ်စားကြီး ဂေဟာ၏ပတ်ဝန်း ကျင်တွင် အခြေအနေကို စောင့်ကြပ်ကြည့်ရှုနေခြင်း ဖြစ်ပေတော့ သည်။

oooo



စန္ဒကွမ်းတောင်းသည် ညစဉ်ညတိုင်း နယ်စားကြီး၏အခြေ အနေကိုစောင့်ကြည့်ခဲ့သည်မှာ သုံးညတိုင်တိုင်ပင် ကျော်လွန်ခဲ့ပြီဖြစ် လေသည်။ နယ်စားကြီးမှာ ထွက်ခွာသွားခြင်းမရှိသည်ကိုတွေ့ရလေ သည်။

စန္ဒကွမ်းတောင်းကဖွဲ့ ရှိရှိဖြင့်ဆက်လက်စောင့်နေ၏။

ယနေ့ည သူမသည် ဖမ့်ဖုံးတို့အဖွဲ့အား နေရာအပြည့်ချ ထားပြီးနောက် အုတ်နံရံပေါ်မှကျော်၍ နယ်စားကြီးဂေဟာအနီးသို့ ရောက်ရှိလာလေသည်။

ထိုအချိန်သည် အုန်းမောင်းခေါက်သံ တစ်ချက်တီတီထွက် ပေါ်လာသောအချိန်ဖြစ်လေသည်။

စန္ဒကွမ်းတောင်း စိတ်ပျက်သွားသည်။

သူမ ပြန်ရန်သင့်မသင့် စဉ်းစားနေစဉ် ရုတ်တရက် မီးရောင် တစ်ခုကိုတွေ့မြင်လိုက်သည်။ သူမသည် ကမန်းကတန်းအုတ်နံရံပေါ် ဝပ်ချလိုက်လေသည်။

ထိုမီးရောင်သည် နယ်စားကြီးဂေဟာရှိ အပေါ်ထပ် အစွန် ဆုံးအခန်းမှထွက်ပေါ် လာခြင်းဖြစ်လေသည်။

စန္ဒကွမ်းတောင်း စိတ်လှုပ်ရှားလာလေသည်။

ထိုပြတင်းပေါက်ကို မျက်တောင်မခတ်စိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအကြာတွင် လူရိပ်တစ်ရိပ်သည် ပြတင်းပေါက်တံခါးဖွင့်၍ အပြင်ဘက်သို့တစ်ချက်ငေါ့ကြည့်သည်။

ထို့နောက် ပြတင်းပေါက်မှကျော်လွှား၍ခုန်ပျံထွက်လာလေသည်။ ထွားကျိုင်းသောခန္ဓာကိုယ်သည် လေထဲ၌ တစ်ချက်ပျံဝဲပြီး တစ်ဖက်အုတ်နံရံရှိရာသို့ ဆင်းသက်ခြေချလိုက်လေသည်။

ထိုလူ၏လှုပ်ရှားပုံသည် သစ်ရွက်တစ်ရွက်ပမာ ပေါ့ပါးလွန်း၍ အသံပင်မကြားရပါ။

စန္ဒကွမ်းတောင်းကျိတ်၍ချီးကျူးလိုက်မိ၏။

“တော်လိုက်တဲ့ကိုယ်ဖော့ပညာ”

ထိုလူရိပ်သည် အုတ်နံရံပေါ်သို့ခြေချလိုက်သည်နှင့်သူသည် မြားတစ်စင်းပမာ အုတ်နံရံအပြင်ဘက်သို့တိုးထွက်သွားလေသည်။

သူမကလည်း မနားမနေ ထိုလူရိပ်နောက်သို့လိုက်ပါသွားလေသည်။

သူမသည် အုတ်နံရံ၏တစ်ဖက်ရှိ သစ်ပင်ပေါ်သို့ရောက်ရှိသွားသောအခါ မြင်းခွာသံတစ်ခုသည် ရုတ်တရက် ထွက်ပေါ်လာပြီး တဖြည်းဖြည်း ဝေး၍ဝေး၍သွားနေသည်ကိုကြားလိုက်ရလေသည်။

သူမ ခေါင်းမော့လိုက်ပြီး....

“ဝူး....”



ဟု အသံရှည်အော်လိုက်သည်။

အော်လိုက်သောအသံသည် လူသံနှင့်မတူဘဲ ဝံပုလွေအသံနှင့်တူလှပေသည်။ သူမ၏အော်သံဆုံးသွားသည်နှင့် အဝေးမှအော်သံတစ်သံ သဲ့သဲ့ထွက်ပေါ်လာသည်။

“ဝူး... ဝူး”

စန္ဒကွမ်းတောင်းက ကျေနပ်စွာပြုံးလိုက်သည်။ ထို့နောက် အသံထွက်ပေါ်ရာသို့ ပြေးလွှားသွားလေသည်။

စန္ဒကွမ်းတောင်းသည် ကိုယ်ဖော့ပညာကိုသုံး၍ မြို့တော်၏မြောက်ဘက်တံခါးပေါက်သို့ပြေးလွှားသွားလေသည်။

ထိုအချိန် မြို့ရိုးတံခါးတစ်ချပ်ပွင့်နေသည်ကို မြင်တွေ့လိုက်ရလေသည်။

နယ်စားကြီးသည် ထိုတံခါးပေါက်မှထွက်သွားခြင်းဖြစ်သည်ဟုလည်း သူမကခန့်မှန်းမိလေသည်။

ထို့ကြောင့် ထိုတံခါးပေါက်ရှိရာသို့ တစ်ဟုန်ထိုးပြေးလွှားသွားလေသည်။ တံခါးစောင့်စစ်သည်တော်က တံခါးပြန်ပိတ်မည် အပြုတွင် ရုတ်တရက် လူရိပ်တစ်ရိပ်တိုးဝင်လာသည်ကိုမြင်တွေ့လိုက်ရသဖြင့်....

“ရပ်....”

www.burmeseclassic.com

www.burmeseclassic.com



သူ၏အော်ငေါက်သံ မဆုံးသေးမီမှာပင် လူရိုင်း၏လက်သီး တစ်လုံးကြောင့် ဆက်မအော်နိုင်ဘဲ လဲကျသွားလေသည်။

ကျန်ရှိသောစစ်သည်တစ်ယောက် ကြောင်အမ်းအမ်းဖြစ်နေစဉ် လူရိုင်းမှာ ပျောက်ကွယ်သွားလေတော့၏။

၀၀၀၀



( ၃၈ )

စန္ဒကွမ်းကောင်းသည် မြို့ပြင်သို့ရောက်ရှိလာသည်နှင့် ဦးခေါင်းမော့၍ အသံပြုလိုက်သည်။

"ဝူး...."

သူမ၏အသံဆုံးသွားသည်နှင့် သူ့ရှေ့မှ တုံ့ပြန်သံတစ်သံ ထွက်ပေါ်လာလေသည်။

"ဝူး... ဝူး"

စန္ဒကွမ်းကောင်းက အသံထွက်ပေါ်လာရာသို့ ပြေးလွှားသွားလေသည်။ ခြေလှမ်းလေးရာခန့် ရောက်ရှိသွားသောအခါ လူရိုင် တစ်ရိုင်သည် ဘွားခနဲပေါ်လာလေသည်။

စန္ဒကွမ်းကောင်းက....

"ဝမ့်ဖိုး ဘယ်ကိုရောက်သွားပြီလဲ"

ဝမ့်ဖိုးက မြောက်ဘက်ကိုလက်ညှိုးထိုးပြလိုက်သည်။

"အဲ့ဒီတည့်တည့်ပြေးသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



“ဝမ့်ဖတို့ကော”

“သူတို့လိုက်သွားကြတယ်… ကျွန်တော်က ဂိုဏ်းချုပ်ကြီးကိုစောင့်ခေါ်နေတာ”

“ဒါဖြင့် သွားကြမယ်”

သူတို့နှစ်ယောက်သည် မြောက်ဘက်လမ်းကလေးဘက်သို့ ဦးတည်၍ပြေးလွှားသွားကြလေသည်။

စန့်ကွမ်းတောင်းနှင့်ဝမ့်ဖုံးတို့သည် ကိုယ်ဖော့ပညာကိုအသုံးပြု၍ လမ်းကလေးအတိုင်းပြေးနေကြသည်။

ဤသို့ဖြင့် လမ်းဆုံလမ်းခွသို့ရောက်ရှိလာကြလေသည်။

ဝမ့်ဖုံးက ခြေလှမ်းရပ်၍ စူးရှမျက်လုံးဖြင့် အနီးတစ်ဝိုက်ကိုရှာဖွေကြည့်လိုက်သည်။

လမ်းဆုံလမ်းခွအလယ်တွင် ကျောက်တုံးကြီးတစ်တုံး ခြားထားသည်ကိုတွေ့ရသည်။

ဝမ့်ဖုံးက ထိုကျောက်တုံးအား စစ်ဆေးကြည့်ရှုလိုက်လေသည်။ ကြယ်ကလေးများ၏အလင်းရောင်အောက်တွင် ကျောက်တုံးပေါ်၌ ဓားဖြင့်ရေးခြစ်ထားသောမြားတစ်စင်းကိုတွေ့လိုက်ရသည်။

မြားဦးမှာ ညာဘက်သို့ဦးတည်ထားသည်။

သူက စန့်ကွမ်းတောင်းအားဦးညွှတ်လိုက်သည်။



“ဂိုဏ်းချုပ်ကြီး… ညာဘက်လမ်းကိုသွားဖို့ မြားပြထားပါတယ်”

“ကဲ… မြန်မြန်လိုက်ကြမယ်”

သူတို့နှစ်ယောက်သည် ညာဘက်လမ်းကိုချိုးကွေ့ပြီးဆက်လက်ပြေးလွှားသွားကြလေသည်။

ဝမ့်ဖုံးနှင့် စန့်ကွမ်းတောင်းတို့သည် ဝမ့်ဖတို့လမ်းပြထားသောသင်္ကေတများကိုကြည့်၍ ဆက်လက်လိုက်သွားကြရာ တဖြည်းဖြည်းဖြင့် မိုးလင်းစပြုလာလေသည်။

စန့်ကွမ်းတောင်း မျက်မှောင်ကုတ်သွားသည်။

“မိုးတောင်လင်းတော့မယ်… မရောက်သေးပါလား”

ခပ်ညည်းညည်းရေရွတ်လိုက်၏။

ထိုအချိန်မှာပင်….

“အောက်… အီး… အီး… အွတ်”

ကြက်တွန်သံများကိုကြားလိုက်ရသည်။

ဝမ့်ဖုံးက….

“ဂိုဏ်းချုပ်ကြီး… ဝမ့်ဖတို့လူစု ဟိုနားမှာရှိနေတယ်”

ထိုကြက်တွန်သံသည် တကယ့်ကြက်တွန်သံ မဟုတ်ပါ။ ဝမ့်ဖတို့လူစု၏အချက်ပြသင်္ကေတတစ်ခုဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန့်ကွမ်းတောင်းနှင့်ဝမ့်ဖုံးတို့သည် ကြက်တွန်သံထွက်ပေါ်ရာသို့ ဆက်လက်ထွက်ခွာသွားလေသည်၊

မကြာမီ လမ်းဘေးရှိ အလွန်ထူထပ်သောချုံပုတ်၏နောက်ကွယ်မှ လူနှစ်ယောက်ပြိုင်တူထွက်ပေါ်လာလေသည်။

ဝမ့်ဖနှင့်ဝမ့်ရီတို့ဖြစ်ကြလေသည်။ ကိုယ်ရံတော်နှစ်ယောက်တို့သည် စန့်ကွမ်းတောင်းအား အရှိအသေပြုလိုက်ကြ၏။

“ဂါရဝပြုပါတယ် ဂိုဏ်းချုပ်ကြီး”

စန့်ကွမ်းတောင်းကခေါင်းညိတ်လိုက်သည်။

“မင်းတို့ နယ်စားကြီးကိုတွေ့ခဲ့ကြတယ်မဟုတ်လား”

ဝမ့်ဖက...

“ဟုတ်ကဲ့... တွေ့ရှိပါတယ် ဂိုဏ်းချုပ်ကြီး”

“သူကကော မင်းတို့ကိုတွေ့သွားသလား”

“မတွေ့ပါဘူး”

“နယ်စားကြီး ဘယ်ကိုသွားသလဲဆိုတာသိခဲ့ပြီလား”

ဝမ့်ဖတို့နှစ်ယောက်စလုံး ပြိုင်တူခေါင်းညိတ်လိုက်ကြလေသည်။

“တွေ့ပါတယ်ဂိုဏ်းချုပ်ကြီး”

“အခု သူဘယ်ရောက်နေလဲ”



“ပျက်စီးနေတဲ့ရဲတိုက်ထဲ ဝင်သွားတာကို တွေ့လိုက်ရပါတယ်”

စန့်ကွမ်းတောင်းကျေနပ်သွားသည်။....

“ဟုတ်ပြီ... ငွေအစစ်ကို သူက အဲဒီ ရဲတိုက်ပျက်ထဲမှာ သွားဝှက်ထားတာနဲ့တူတယ်”

“သေချာပါတယ်ဂိုဏ်းချုပ်ကြီး”

စန့်ကွမ်းတောင်းက လက်သီးနှစ်ဖက်ကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်သည်။

“ကဲ... သွားကြမယ်”

“ခဏနေပါဦးဂိုဏ်းချုပ်ကြီး”

ဝမ့်ဖကတားလိုက်သဖြင့် စန့်ကွမ်းတောင်းက....

“ဘာများပြောစရာရှိလို့လဲ”

“လောလောဆယ် မသွားသင့်သေးဘူးလို့ ကျွန်တော်ပြောချင်ပါတယ်”

“ဘာဖြစ်လို့လဲ”

“ပထမအချက်က မကြာမီ မိုးလင်းတော့မယ်၊ ကျွန်တော်တို့လှုပ်ရှားလို့မကောင်းဘူး”

စန့်ကွမ်းတောင်း စဉ်းစားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ့်ဖက စကားဆက်လိုက်သည်။

"အရေးကြီးဆုံးကတော့…. ရဲတိုက်ပျက်ရဲ့အခြေအနေကို ကျွန်တော်တို့ ဘာမှမသိဘူး၊ ဒါကြောင့် ရဲတိုက်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာ သေသေချာချာစုံစမ်းပြီးမှ စိတ်ချရမယ်လို့ထင်ပါတယ်"

စန်းကွမ်းတောင်း တွေဝေသွားလေသည်။

ထိုအချိန်မှာပင် အသံတစ်သံကြားလိုက်ရသည်။

"မှန်တယ်… ရဲတိုက်အကြောင်းမသိဘဲ မဆင်မခြင်ဝင်သွားရင်တော့ အားလုံးဒုက္ခရောက်သွားနိုင်တယ်"

စန်းကွမ်းတောင်း ထိတ်ခနဲဖြစ်သွားသည်။

ဝမ့်ဖတို့သုံးယောက်သည် ဓားကိုယ်စီးဆွဲထုတ်လိုက်ပြီးအသံလာရာဘက်သို့ မျက်နှာမူလိုက်ကြသည်။

လူတစ်စုံတစ်ယောက်ကိုမျှမတွေ့ရပါ။

စန်းကွမ်းတောင်းက….

"မိတ်ဆွေပဲဖြစ်ဖြစ် ရန်သူပဲဖြစ်ဖြစ် သတ္တိရှိရင်ထွက်ခဲ့ပါ"

သူမ၏စကားဆုံးသွားသည်နှင့် ထူထပ်သောချုံပုတ်တစ်ခုထဲမှနေ၍ လူသုံးယောက်သည် ရှေ့ဆင့်နောက်ဆင့်ဆိုသလိုတိုးထွက်လာကြလေသည်။

ထိုလူများကိုတွေ့လိုက်ရသည်နှင့်….



စန်းကွမ်းတောင်း၏မျက်ဝန်းအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေတော့၏။

ဝမ့်ဖတို့သုံးယောက်က တိုက်ခိုက်ရန် အသင့်ပြင်လိုက်ကြလေသည်။ ထိုလူသုံးယောက်မှာ လုရှောက်ဝှုံး၊ ရသေ့ကြီးနှင့် စောရကြယ်တံခွန်တို့ပင်ဖြစ်ကြလေသည်။

စန်းကွမ်းတောင်းက လုရှောက်တုံးအား စေ့စေ့ကြည့်လိုက်လေသည်။

"လုရှောက်တုံး ရှင်နယ်စားကြီးဘက်ကနေပြီး ကာကွယ်ပေးမယ်ဆိုရင် အမှားကြီးမှားလိမ့်မယ်"

လုရှောက်တုံးကခေါင်းခါယမ်းလိုက်သည်။

"အထင်မလွဲပါနဲ့စန်းကွမ်းတောင်း… ခင်ဗျားတို့ဒုက္ခရောက်သွားမှာကိုမကြည့်ချင်လို့ အခုလိုတားတာပါ"

စန်းကွမ်းတောင်းက လုရှောက်တုံးအား စေ့စေ့ကြည့်လိုက်သည်။

"ရဲတိုက်အကြောင်းကို ရှင်သိထားလို့လား"

"ဟုတ်တယ်"

"ရှင် ရောက်ဖူးလို့လား"

လုရှောက်တုံးက စောရကြယ်တံခွန်အားညွှန်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"လူကိုယ်တိုင်ရောက်ဖူးတာ"

စန့်ကွမ်းတောင်း၏မျက်လုံးအစုံသည် စောရကြွယ်တံခွန်ထံသို့ရောက်သွားလေသည်။ စောရကြွယ်တံခွန်က ခေါင်းညိတ်သည်။

"ဟုတ်တယ်… ကျုပ်က တိုက်တိုက်ဆိုင်ဆိုင် ရောက်သွားခဲ့တာပါ"

စန့်ကွမ်းတောင်းက….

"ရဲတိုက်ထဲမှာလူတွေရှိလို့လား"

"နင်ဂျာတွေအယောက်နှစ်ယောက်လောက် ရှိလိမ့်မယ်လို့ထင်ပါတယ်"

"နယ်စားကြီးက သစ္စာဖောက်ပြီး နင်ဂျာတွေနဲ့သွားပေါင်းနေတာကိုး"

"ငွေတုနဲ့ငွေစစ်လဲသွားတာရယ်… ပြီးတော့ ဒီရဲတိုက်မှာလာပြီး လျှို့ဝှက်စခန်းဖွင့်ထားတာရယ်ကြောင့် နယ်စားကြီးမဟုတ်နိုင်ဘူး"

စန့်ကွမ်းတောင်း အံ့အားသင့်သွားလေသည်။

"သူ နယ်စားကြီးဂေဟာကနေထွက်လာတာကို ကျွန်မမျက်စိနဲ့တပ်အပ်တွေ့ခဲ့တာ၊ ဘာဖြစ်လို့ နယ်စားမဟုတ်ရမှာလဲ"

လုရှောက်တုံးက….



"ကျုပ်တို့က ဒီလောက်ပဲသိထားပါတယ်… ဒါတွေအားလုံးတစ်နေ့အဖြေပေါ်လာမှာသေချာပါတယ်"

"ကျွန်မ ငွေတုံးမှမရဘဲ အခုလိုနာမည်ပျက်ပြီး ဆုငွေထုတ်ခံနေရတာ လုံးဝမကျေနပ်ဘူး"

စန့်ကွမ်းတောင်းက မကျေမနပ်လေသံဖြင့် ပြောလိုက်လေသည်။

တစ်ချိန်လုံး ပါးစပ်ပိတ်ထားသောရသေ့ကြီးက….

"ဒကာမကြီးက ဘာလုပ်ချင်လို့လဲ"

စန့်ကွမ်းတောင်းက….

"သူ့ကိုသတ်ချင်တယ်… ပြီးတော့ ငွေအစစ်ကိုပြန်ယူမယ်၊ ဒါပဲ"

ရသေ့ကြီးက ပါးစပ်ပိတ်ထားလိုက်သည်။

လုရှောက်တုံးက သက်ပြင်းတစ်ချက်ချကာ….

"ဒီမှာစန့်ကွမ်းတောင်း… ကျုပ်က စေတနာနဲ့ပြောနေတာပါ၊ ခင်ဗျားရဲ့လုပ်ငန်းကိုဖျက်နေတာမဟုတ်ဘူး၊ ရဲတိုက်အခြေအနေကိုသိအောင်ပြောပြတာ၊ အဲဒါကို ခင်ဗျား လေးလေးနက်နက် ဆုံးဖြတ်ပြီးမှ လုပ်တာကောင်းမယ်လို့ထင်ပါတယ်"

"ရှင့်ကိုကျွန်မယုံတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမကပြန်မေးလိုက်သည်။

"ရှင်တို့ကော ကျွန်မထက်လက်ဦးအောင်မသွားဘူးလို့ ပြောနိုင်ပါ့မလား"

လုရှောက်တုံးက....

"ကျုပ်အကြောင်းကို ခင်ဗျားသိပါတယ်... အောင်မြင်နိုင်တဲ့အစီအစဉ်မရှိရင် ကျုပ် ဘယ်တော့မှအရေးတကြီးမလှုပ်ရှားဘူး"

စန့်ကွမ်းတောင်း အနည်းငယ်စဉ်းစားလိုက်လေသည်။

"ရှင် အလိုလိုကတိပေးတာကျေးဇူးတင်ပါတယ်... ဒါပေမဲ့ ရှင်တို့လဲလှုပ်ရှားလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်"

"ဒီကိစ္စ ကျုပ်မှာတာဝန်မရှိဘူး၊ နယ်စားကြီးတို့ရဲ့တာဝန်ပဲရှိတယ်"

"ဒီကိစ္စကို ရှင်တို့က နယ်စားကြီးတို့ဌာနကိုသတင်းပို့မယ်ဟုတ်လား"

"ဟုတ်တယ်... ဒါကကျုပ်တို့ရဲ့တာဝန်၊ ကျန်တာသူတို့ဆက်လုပ်လိမ့်မယ်"

"ကျွန်မ သဘောပေါက်ပါပြီ"

ဝဝဝဝ



( ၃၉ )

စန့်ကွမ်းတောင်းသည် သူမ၏ကိုယ်ရံတော်သုံးယောက်နှင့်အတူ ထိုနေရာမှထွက်ခွာသွားလေသည်။

ရသေ့ကြီးက စန့်ကွမ်းတောင်းတို့လူစု ပျောက်ကွယ်သွားသည်အထိကြည့်နေပြီးမှ သက်ပြင်းချလိုက်လေသည်။

"စန့်ကွမ်းတောင်းက အရည်အချင်းရှိတဲ့မိန်းမတစ်ယောက်ပါ၊ စိတ်ဓာတ်လဲမဆိုးဘူး... ခက်တာက စိတ်လိုက်မာန်ပါလုပ်တတ်တဲ့အတွက် သူ့အဖို့ ကံမကောင်းဘူး"

လုရှောက်တုံးခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... လောကပေါ်မှာ အရည်အချင်းရှိတဲ့လူတွေအများကြီးရှိပါတယ်၊ ဒါပေမဲ့ တစ်ချို့က စိတ်ဓာတ်မကောင်းတဲ့အတွက် ဆိုးကျိုးကိုခံစားရတာပေါ့"

စောရကြယ်တံခွန်က....

www.burmeseclassic.com

www.burmeseclassic.com



"အချိန်မရှိဘူး... ဒါတွေပြောမနေနဲ့ တို့ဘာလုပ်ကြမယ်ဆိုတာ စဉ်းစားပါဦးလေ"

လုရှောက်တုံးက....

"ကျုပ်ကတော့ အလွန်အရေးကြီးတဲ့အချက်အလက်တွေရဖို့ ချန်အန်းမြို့တော်ကိုပြန်သွားရမယ်"

စောရကြွယ်တံခွန် မျက်မှောင်ကုတ်လိုက်သည်။

"အရေးကြီးတဲ့အချက်ကဘာလဲ"

လုရှောက်တုံးက....

"နယ်စားကြီးရဲ့အကြောင်းကို တိတိကျကျ စုံစမ်းရလိမ့်မယ်၊ ဒါမှသာ ကျုပ်တို့ထင်ထားတဲ့အတိုင်း အချုပ်ခံနေရတဲ့လူဟာ ချန်အန်းနယ်စား ဟုတ်မဟုတ်သိရမယ်"

စောရကြွယ်တံခွန်ခေါင်းညိတ်လိုက်သည်။

"ဒါ ဟုတ်တယ်"

ရသေ့ကြီးက....

"တကယ်လို့ တို့ထင်ထားတာတွေ မှန်ကန်နေတယ်ဆိုရင် နယ်စားကြီးဟန်ဆောင်နေတဲ့လူက နယ်စားကြီးနဲ့အလွန်နီးနီးစပ်စပ်ရှိတဲ့လူဖြစ်ရမယ်"

လုရှောက်တုံးခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်... နယ်စားကြီးနဲ့နီးနီးစပ်စပ်လူမဟုတ်ရင် ဒီလိုကြံစည်နိုင်ခွင့်ရှိမှာမဟုတ်ဘူး"

"ဟုတ်တယ်... ဒီအချက်ဟာ အရေးသိပ်ကြီးတယ်... အမှုတစ်ခုလုံးရဲ့သော့ချက်ပဲ"

လုရှောက်တုံးက....

"ဟုတ်တယ်... ကျုပ်သွားတော့မယ်၊ ရသေ့ကြီးတို့ နေရာဟောင်းမှာပဲ ကျုပ်ကိုစောင့်နေပါ"

သူသည် စကားဆုံးသွားသည်နှင့်ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် မီးခိုးတန်းပမာ လျင်မြန်စွာ လွင့်မျောသွားလေသည်။

စောရကြွယ်တံခွန်က ပျောက်ခွာသွားသော လုရှောက်တုံးကို ကြည့်ရင်း သက်ပြင်းချလိုက်လေသည်။

"လုရှောက်တုံးရဲ့ကိုယ်ဖော့ပညာဟာ ကျုပ်တော့ မြင်ဖူးတော့ဘူးဗျို့"

ရသေ့ကြီးက မျက်မှောင်ကုတ်သွားလေသည်။

"သူ့ရဲ့ကိုယ်ဖော့ပညာကတော့စိတ်ချရပါတယ်၊ ခက်တာက [illegible] ရဲ့လက်ချောင်းသိုင်းဟာ ရန်သူတွေရဲ့ချက်ကိုခံနိုင်ရည်ရှိပါ့မလား [illegible]ဘာ

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်မိသေးတယ်"

စောရကြွယ်တံခွန်က အပျင်းတစ်ချက်ဆန့်လိုက်သည်။

"ရသေ့ကြီး... ကျုပ်တော့ ဗိုက်ဆာလာပြီ၊ ပြန်ကြရအောင်"

သို့ဖြင့်.... သူတို့နှစ်ယောက်သည် ချန်အန်းမြို့ရှိရာသို့ ပြန်လည်လျှောက်လှမ်းခဲ့ကြလေပေ၏။

oooo



( ၄၀ )

ဝမ်းပေသီးသည် အိပ်ရာထဲမှ ကမန်းကတန်းထွက်လာလေသည်။ ဧည့်ခန်းထဲတွင် လုရှောက်တုံးထိုင်နေသည်ကိုတွေ့ရလေသည်။

"စောလှချည်လားလုရှောက်တုံး"

ဝမ်းပေသီးကနှုတ်ခွန်းဆက်လိုက်သည်။

လုရှောက်တုံးက လက်နှစ်ဖက်ဆုပ်လိုက်သည်။

"ကိစ္စနည်းနည်းရှိလို့ပါ"

ဝမ်းပေသီးက ခုံတွင်ထိုင်ချလိုက်ရင်း....

"ကဲ... ကိစ္စပြောပါဗျာ"

"နယ်စားကြီး အိပ်ရာမထသေးဘူးလား"

"ဒီအချိန် သူထတဲ့အချိန်မဟုတ်ပါဘူး"

တစ်ဆက်တည်းပင်....

"နယ်စားကြီးနဲ့တွေ့ချင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြန်မေးလိုက်သည်။

လုရှောက်တုံးက....

"ဆရာဝမ်းနဲ့တွေ့တော့မှ နယ်စားကြီးကိုတွေ့ဖို့ မလိုတော့ပါဘူးလေ"

"ကိစ္စပြောပါ"

"နယ်စားကြီးရဲ့အကြောင်းကို စကားတစ်ခွန်းနှစ်ခွန်း မေးချင်လို့ပါ"

ဝမ်းပေသီးကမျက်မှောင်ကုတ်သွားသည်။

"ပြောပါ... ကျုပ်ဖြေနိုင်တာကိုဖြေပါ့မယ်"

"နယ်စားကြီးချန်အန်းမြို့ကိုရောက်တာ ဘယ်လောက်ကြာပြီလဲ"

ဝမ်းပေသီးက တစ်ချက်စဉ်းစားလိုက်သည်။

ပြီးမှ....

"ငါးနှစ်ပြည့်တော့မယ်"

"သူ့မိသားစုပါလာသေးသလား"

"ပါမလာဘူး၊ သူ့ဇနီးကွယ်လွန်ပြီးကတည်းက နောက်ထပ်အိမ်ထောင်မပြုတော့ပါဘူး"

"သားသမီး မပါလာဘူးလား"



"စိတ်မကောင်းပါဘူးဗျာ... သူ့မှာသားသမီးတစ်ယောက်မှမထွန်းကားပါဘူး"

"သူ့မှာ ညီအစ်ကိုမောင်နှမများ ရှိသေးလား"

ဝမ်းပေသီး ပခုံးတွန့်လိုက်သည်။

"ဒါကိုတော့ ကျုပ်လဲမသိဘူး"

လုရှောက်တုံး ထိုင်ရာမှထလိုက်သည်။

"အခုလိုပြောပြတာကိုကျေးဇူးတင်ပါတယ်"

ဝမ်းပေသီးကမျက်မှောင်ကုတ်ကာ....

"အကြောင်းထူးလို့လားလုရှောက်တုံး"

လုရှောက်တုံးကပြောပြလိုက်သည်။

"အကြောင်းတော့ မထူးသေးပါဘူး"

သူက အရိုအသေပြုလိုက်သည်။

"ကျုပ်ကိုသွားခွင့်ပြုပါဦး"

လုရှောက်တုံးသည် ဝမ်းပေသီးအား နှုတ်ဆက်၍ ထွက်လာခဲ့လေသည်။

သို့သော်....

သူသည် မပြန်သေးဘဲ ထောက်လှမ်းရေးမှူး လောင်စင်၏ရုံးခန်းရှိရာသို့ ရောက်ရှိခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လောင်စင်သည် မမျှော်လင့်ဘဲ လုရှောက်တုံးအား မြင်တွေ့လိုက်ရသောအခါ ဝမ်းသာသွားလေသည်။

"လုရှောက်တုံး... ခင်ဗျားနဲ့ရသေ့ကြီးတို့ ဒီမြို့ထဲရောက်နေတယ်ဆိုတာ ကျုပ်သတင်းကြားခဲ့ပါတယ်၊ အခုမှပဲတွေ့ရတော့တယ်"

လုရှောက်တုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားတို့ ထောက်လှမ်းရေးမှူးသမားတွေကိုတော့ ကြောက်ပါတယ်ခင်ဗျာ... အနံ့ခံကောင်းလိုက်တာ"

လောင်စင်က ရယ်မောလိုက်သည်။

"ထိုင်ပါလုရှောက်တုံး... လာတဲ့ကိစ္စလဲပြော"

"နယ်စားကြီးနဲ့ပတ်သက်တဲ့အကြောင်း ငွေတိုက်က ငွေအလုခံရတဲ့အကြောင်းသိချင်တာတွေ နည်းနည်းရှိလို့ပါ"

"ဒီအမှုထဲ ခင်ဗျားဝင်နေပြီဆိုတာ ကျုပ်က ခန့်မှန်းထားပြီးပါပြီ၊ ကျုပ် ခင်ဗျားဆီကအကူအညီတောင်းဖို့ ခင်ဗျားကိုလိုက်ရှာနေတာ"

"ကဲ... မေးချင်ရာမေး"

"နယ်စားကြီးက အိမ်သူအိမ်သားများမပါဘဲ တစ်ကိုယ်တည်း ဒီတာဝန်ထမ်းဆောင်ဖို့ရောက်လာတာလား"



"ဟုတ်တယ်"

"သူက ဘာလို့ သူ့မိသားစုကိုခေါ်မလာတာလဲ"

"သူ့ဇနီးမရှိတော့ဘူးလို့ပြောတယ်... သားသမီးလဲ မထွန်းကားပါဘူး"

"ဒီငွေတိုက်အမှုကို ခင်ဗျားတာဝန်ယူစုံစမ်းနေတာမဟုတ်လား"

"ဟုတ်တယ်"

"အခြေအနေသိခွင့်ရမယ်ဆိုရင် ကြားချင်ပါတယ်"

လောင်စင်က ရယ်မောလိုက်သည်။

"ကျုပ်က ရှေ့မတိုးသာ နောက်မဆုတ်သာတဲ့ အခြေအနေမှာရှိပါတယ်ဗျာ၊ ခင်ဗျားရောက်လာလို့ သတင်းကောင်းလေး ဘာလေးရမှာမို့ဝမ်းသာနေတာဗျ၊ အခုတော့ ခင်ဗျားကကျုပ်ကိုလာမေးနေတာကိုး"

လုရှောက်တုံး ပါးစပ်ပိတ်ထားလိုက်လေသည်။

လောင်စင်က လုရှောက်တုံးအား အကဲခတ်ကြည့်ကာ...

"ခင်ဗျား ကျုပ်ဆီကိုလာတာ ပြောစရာ ဒါပဲလား"

လုရှောက်တုံးကပြန်ကြည့်လိုက်သည်။

"ခင်ဗျား ဘယ်လိုထင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားအကြောင်း ကျုပ်သိတယ်၊ အကြောင်းကိစ္စမရှိရင် ခင်ဗျား ကျုပ်ဆီကိုအချိန်ကုန်ခံပြီးလာမှာမဟုတ်ဘူး"

လုရှောက်တုံးက ထောက်လှမ်းရေးမှူးလောင်စင်အား အထင်မသေးဝံ့တော့ပါ။

"ဟုတ်ပါတယ်ထောက်လှမ်းရေးမှူး... ကျုပ်အရေးကြီးတဲ့ ကိစ္စတစ်ခုပြောပြဖို့လာတာပါ၊ အဲ့ဒါပြောဖို့ မပြောဖို့ စဉ်းစားချင့်ချိန်နေတာ"

"ကျုပ်ကိုယုံကြည်တယ်ဆိုရင် ပြောပြပါ၊ ခင်ဗျားရဲ့အကူအညီလဲ လိုချင်ပါတယ်"

လုရှောက်တုံးကပြုံးလိုက်သည်။

"ကျုပ်တစ်ခုပြောချင်တယ်... အမှန်အတိုင်းဖြေပါလို့ ကျုပ်မေတ္တာရပ်ခံပါတယ်"

"စိတ်ချ... ကျုပ်လဲ ခင်ဗျားကိုယုံကြည်ပါတယ်"

"လက်ရှိခင်ဗျားတွေ့မြင်နေကြနယ်စားကြီးကို ခင်ဗျားအနေနဲ့ ဘယ်လိုမြင်သလဲ"

"ဒီမေးခွန်းက ကြောက်စရာကောင်းတဲ့မေးခွန်းပဲ"

"ဟုတ်တယ်... ကျုပ်က ထောက်လှမ်းရေးမှူးတစ်ယောက်ဆိုတော့ ခင်ဗျားရဲ့အထက်လူကြီးကိုဝေဖန်ပိုင်ခွင့်မရှိဘူးဆိုတာ ကျုပ်



နားလည်ပါတယ်"

သူကစကားဆက်လိုက်သည်။

"ကျုပ်ကပဲပြောပါ့မယ်... နယ်စားကြီးကို ကျုပ်သံသယဖြစ်မိတယ်"

လောင်စင်က လုရှောက်တုံးအား စိုက်ကြည့်လိုက်သည်။

"ငွေတိုက်အလုခံရတဲ့ကိစ္စကိုပြောနေတာလား"

"မဟုတ်ဘူး"

"ဒါဖြင့်...,"

"ခင်ဗျားဘို့မြင်တွေ့နေရတဲ့နယ်စားကြီးဟာ အတုဖြစ်နေမလားလို့ပါ"

လောင်စင်၏မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။

လုရှောက်တုံးက....

"ကျုပ်ရသားတဲ့လျှို့ဝှက်ချက်ကိုပြောရမယ်ဆိုရင် ချန်အန်းနယ်စားကြီးဟာ ဘစ်နေရာမှာ အကျဉ်းချခံထားရတယ်၊ ခင်ဗျားတို့မြင်တွေ့နေရတဲ့နယ်စားကြီးကတော့ သူ့ကိုဟန်ဆောင်ထားတဲ့လူဆိုးကြီးတစ်ယောက်လို့ ကျုပ်ယုံကြည်တယ်"

လောင်စင် ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လောင်စင် စကားမပြောတော့ပါ။

လုရှောက်တုံးကလည်း ပါးစပ်ပိတ်ထားသည်။

တစ်ယောက်နှင့်တစ်ယောက် အတန်ကြာအောင် အပြန်အလှန်ကြည့်ပြီးမှ လုရှောက်တုံးကစတင်မေးလိုက်သည်။

"ကျုပ်ပြောတာကို ခင်ဗျားမယုံကြည်ဘူးလား"

လောင်စင် သက်ပြင်းချလိုက်သည်။

"အမှန်အတိုင်းပြောရမယ်ဆိုရင် ဒီအမှုကို ကျုပ်စတင်ကိုင်တွယ်ခဲ့တဲ့သဲလွန်စတွေ၊ သံသယဖြစ်စရာတွေအားလုံးက နယ်စားကြီးအပေါ်ပဲ ညွှန်ပြနေပါတယ်၊ ဒီအမှုဟာ နယ်စားကြီးလက်ချက်လို့တောင်သံသယဖြစ်မိတယ်၊ အခုတစ်ယောက်ပေါ်တာကို ခင်ဗျားပြောပြမှ ကျုပ်ရဲ့အတွေးအခေါ်နဲ့သွားပြီးကိုက်ညီတော့တယ်"

"ဒါဖြင့် ကျုပ်ပြောတာကိုခင်ဗျားလက်ခံတယ်ပေါ့"

လောင်စင်ခေါင်းညိတ်လိုက်သည်။

"ကျုပ် လုံးဝလက်ခံပါတယ်"

လုရှောက်တုံး လေပူတစ်ချက်မှုတ်ထုတ်လိုက်လေသည်။

"ခင်ဗျား ယုံကြည်တယ်ဆိုရင် အားလုံး အဆင်ပြေသွားနိုင်တယ်၊ တရားခံအစစ်ကိုလဲ ဖော်ထုတ်နိုင်မှာသေချာတယ်"

"ကျုပ် ဘာလုပ်ရမလဲဆိုတာပြောပါ"



လုရှောက်တုံးသည် ရဲတိုက်အကြောင်းနှင့် မြေအောက်ခန်းတွင် လူတစ်ယောက်ကိုချုပ်နှောင်ထားသည်မှာ နယ်စားကြီးဖြစ်ကြောင်း စသည်တို့ကိုပြောပြလိုက်သည်။

လောင်စင်သည် နားထောင်ရင်း နားထောင်ရင်း တစ်ကိုယ်လုံး သွေးများဆူပွက်လာလေသည်။

"ဒီလိုဆိုရင် ကျုပ် ဒီရဲတိုက်ကိုသွားချေမှုန်းပြီး နယ်စားကြီးကိုကယ်ထုတ်မယ်"

"ကောင်းတယ်... ဒါပေမဲ့ ရဲတိုက်ထဲမှာ နင်ဂျာတွေရှိတယ်၊ အင်အား တောင့်တောင့်တင်းတင်းနဲ့သွားမှဖြစ်မယ်"

"ဒါကိုမစိုးရိမ်ပါနဲ့... ကျုပ်တို့ငယ်သားတွေလဲ မညံ့ပါဘူး၊ ဗိုလ်ကလေးဝမ်းရဲ့မြင်းသည်တော်တွေကိုလဲခေါ်သွားပါ့မယ်"

လုရှောက်တုံး ကျေနပ်အားရဖြစ်သွားသည်။

"ရန်သူကိုအောင်နိုင်မယ်ဆိုတာ ကျုပ်ယုံကြည်ပါတယ်"

သူက နှုတ်ဆက်ရန်ထရပ်ပြီးမှ....

"သြော်... ဒါနဲ့အရေးကြီးတဲ့အကြောင်းတစ်ခုကို ပြောပြရဦးမယ်"

လောင်စင်က....

"ဟုတ်ကဲ့... ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာတစ်ထောင်ဒေဝီကို ခင်ဗျားသိတယ်မဟုတ်လား"

"သိပါတယ်"

"သူလဲပဲ အဲဒီကိုလာလိမ့်မယ်"

"သူက ဘာသွားလုပ်မှာလဲ"

"သူ့အပေါ် ကလိမ်ကျလို့"

"ကျုပ်ကဘာလုပ်ပေးရမှာလဲ"

"ခင်ဗျားတို့အားလုံး အောင်ပွဲခံပြီးရင် စနိုက္ကမ်းတောင်းကို အရေးမယူပါနဲ့၊ သူဟာ အလွန်စိတ်ကောင်းရှိတဲ့သူလို့ ကျုပ်သိခဲ့ပါတယ်၊ ဒီတိုက်ပွဲမှာလဲ သူ မပါရင် ခင်ဗျားတို့ကျိန်းသေနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ကျုပ်ကမေတ္တာရပ်ခံပေးတာပါ"

"စိတ်ချ… သူ ကျုပ်တို့ကိုရန်မလုပ်ရင် ကျုပ်တို့ကလဲ သူ့ကို ရန်မလုပ်ဘူး"

လုရှောက်တုံးကပြုံးလိုက်သည်။

"ဒီစကားကြားရတာ ကျုပ်စိတ်ချမ်းသာသွားပါပြီ"

သူကဆက်မေးလိုက်သည်။

"လောင်စင် ခင်ဗျားတို့ ဘယ်တော့စလှုပ်ရှားမှာလဲ"

"ဒီကိစ္စ အမြန်ဆုံးလှုပ်ရှားမှဖြစ်မယ်… ဒါကြောင့် မနက်အရုဏ်တက်ချိန်မှာ စတင်လှုပ်ရှားဖို့ဆုံးဖြတ်လိုက်ပြီ"



"ကောင်းတယ်"

လုရှောက်တုံးက လောင်စင်အားနှုတ်ဆက်၍အပြင်သို့လှမ်းထွက်လိုက်သည်။ ဝမ်းပေသီးတစ်ယောက်ရပ်စောင့်နေသည်ကိုတွေ့လိုက်ရသည်။

"ဆရာဝမ်း လောင်စင်ကိုတွေ့ချင်လို့လား"

ဝမ်းပေသီးကခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး… ခင်ဗျားကိုတွေ့ချင်လို့"

"ဟုတ်ကဲ့… ပြောပါ"

"ခင်ဗျားတို့နယ်စားကြီးမှာ ညီအစ်ကိုရှိလားလို့မေးတယ်၊ ကျုပ်ကမသိဘူးလို့ဖြေတယ်… နောက်တော့ စိတ်မထင်တာနဲ့ နယ်စားကြီးရဲ့ကိုယ်ရေးရာဇဝင်မှတ်တမ်းရှာကြည့်တယ်၊ သူ့မှာ ညီငယ်တစ်ယောက်ရှိတယ်လို့တွေ့ရတယ်"

လောင်စင်နှင့်လုရှောက်တုံးတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ဝမ်းပေသီးကဆက်၍ပြောသည်။

"သူ့နာမည်ကပါကျန်း… အလွန်ဆိုးသွမ်းလို့ လူလားမြောက်လာချိန်မှာ အိမ်ကနှင်ချလိုက်တယ်လို့ဖော်ပြထားတယ်"

လုရှောက်တုံး လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။ သူ၏ထင်မြင်ယူဆချက်မှန်ကန်သည်ဟု ပို၍ယုံကြည်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာ ဆရာဝမ်း... ကျုပ်ကိုသွားခွင့်ပြုပါဦး"

လုရှောက်တုံးကနှုတ်ဆက်ပြီး ခြေလှမ်းကျဲကျဲဖြင့်ထွက်ခွာသွားလေသည်။

oooo



( ၄၁ )

နေရောင်ခြည်သည် နယ်စားကြီး၏ညှိခန်းထဲသို့တိုးဝင်နေ၏။ နယ်စားကြီးက အိပ်ရာမှထလာပြီး ညှိခန်းထဲသို့လှမ်းဝင်လိုက်၏။ ညှိခန်းထဲတွင် ဗိုလ်ကလေးဝမ်း၊ ထောက်လှမ်းရေးမှူးလောင်စင်နှင့် ဝမ်းပေသီးတို့ထိုင်နေကြသည်ကိုမြင်တွေ့ရသည်။

ထိုသုံးယောက်သည် ခါတိုင်းနှင့်မတူ ဟန်မူရာများ ထူးခြားနေသည်ကို နယ်စားကြီးအကဲခတ်မိသည်။

သုံးယောက်စလုံး အရိုအသေပြုလိုက်သည်။

"နယ်စားကြီးကိုဂါရဝပြုပါတယ်"

နယ်စားကြီးကထိုင်ချလိုက်၏။ သူသည် စူးရှသောမျက်လုံးအစုံဖြင့် ဝမ်းပေသီးတို့သုံးယောက်အား တစ်ချက်စေ့ကြည့်လိုက်သည်။

"မင်းတို့ စောစောစီးစီးဘာတွေတိုင်ပင်နေကြတာလဲ"

"ကျွန်တော်တို့ သတင်းထူးတစ်ခုရထားလို့ပါ"

"ဘာသတင်းထူး သလဲ"

www.burmeseclassic.com

www.burmeseclassic.com



လောင်စင်က....

"ငွေအစစ် ဘယ်ရောက်နေတယ်ဆိုတာ သတင်းရလို့ပါ"

နယ်စားကြီး မျက်နှာကွက်ခနဲပျက်သွားသည်ကို လောင်စင်တို့သုံးယောက်သတိပြုမိသည်။ သို့သော် နယ်စားကြီးက ဝမ်းသာသည့်အသွင်ဖြင့်....

"ဟုတ်လားဟေ့... ဘယ်နေရာမှာလဲ"

"ဒီကနေ လီပေါင်းငါးဆယ်အကွာမှာရှိတဲ့ရဲတိုက်ပျက်ထဲမှာပါ"

နယ်စားကြီးမျက်နှာကွက်ခနဲပျက်သွားပြန်သည်ကို သတိပြုမိလိုက်လေသည်။

"မင်းတို့ သေချာရဲ့လား"

"သတင်းရထားတာပဲရှိတယ်... သေချာတယ် မသေချာဘူးဆိုတာ တိတိကျကျမပြောနိုင်ပါဘူး"

နယ်စားကြီးက စိတ်သက်သာရာရသွားသောဟန်မူရာဖြစ်ပေါ်လာသည်။

၀၀၀၀



"သတင်းကတော့ အမျိုးမျိုးထွက်နေတာပဲ၊ သေချာမယ်ဆိုတာ ပြောရခက်တယ်"

ဗိုလ်ကလေးဝမ်းက....

"ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ တစ်ခေါက်လောက်သွားကြည့်တာ မမှားပါဘူး"

လောင်စင်က....

"ဟုတ်တယ် ကျွန်တော်နဲ့ဗိုလ်ကလေးဝမ်းတို့က မနက်ဖြန်စောစောသွားဖို့ဆုံးဖြတ်ထားကြတယ်၊ နယ်စားကြီးဆီလာပြီး အမိန့်တောင်းတာပါ"

နယ်စားကြီး မျက်မှောင်ကုတ်သွားသည်။

"သိပ်မလောပါနဲ့... ကျုပ်လဲ စဉ်းစားပါရစေဦး"

ဝမ်းပေသီးက....

"ဒီကိစ္စအချိန်ဆွဲလို့ မဖြစ်ဘူးထင်တယ်... သွားကြည့်တာမမှားဘူး"

နယ်စားကြီးက တစ်ခဏကြာစဉ်းစားလိုက်ပြီးမှ....

"ဒါလဲဟုတ်တယ်... ဒီလိုလုပ်... မနက်ဖြန် နံနက်ပိုင်း မသွားနဲ့၊ ဘာဖြစ်လို့လဲဆိုရင် တို့မှာ ရန်သူရှိရင် ငါတို့ချီတက်သွားတာကိုသူတို့သိလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်... ညသန်းခေါင်ယံလောက်မှာ သွားဝိုင်းလိုက်မယ်"

နယ်စားကြီးခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ... ဒီတာဝန်ကိုမင်းတို့နှစ်ယောက်ယူရမယ်၊ လိုသလောက်အင်အားလဲ ယူသွားနိုင်တယ်"

"ဟုတ်ကဲ့ပါနယ်စားကြီး"

"နယ်စားကြီးကိုယ်တိုင်လိုက်မယ်မဟုတ်လား"

"ဒီငွေကိစ္စနဲ့ပတ်သက်ပြီး အထက်ကခေါ်ထားတယ်၊ ကျုပ်မနက်စောစောထသွားရမယ်"

"ကျွန်တော်တို့ နယ်စားကြီးပြန်လာတဲ့အထိစောင့်ရမလား"

"မလိုဘူး... မင်းတို့ကို အာဏာကုန်အပ်နှင်းလိုက်ပြီ"

"အမိန့်အတိုင်းပါနယ်စားကြီး"

နယ်စားကြီးကထိုင်ရာမှထလိုက်သည်။

"ကဲ... မောင်မင်းတို့လုပ်စရာရှိတာ ဆက်လုပ်... ကျုပ်ကတော့ အထက်ကိုစာတင်စရာရှိလို့ရေးရဦးမယ်"

oooo



ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေ၏။ မိုးလင်းတော့မည်။

ထိုအချိန်သည် တစ်ညတာ၏အမှောင်မည်းဆုံးသောအချိန်ဖြစ်သည်။ ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေ၏။ မကြာမီမှာပင် မြင်းခွာသံများ ရုတ်တရက် ထွက်ပေါ်လာသည်။ မြင်းသည်တော်သယ်ရှစ်ယောက်တို့သည် ရဲတိုက်ပျက်ရှိရာသို့ အရှိန်ပြင်းစွာဖြင့်မောင်းနှင်လာကြလေသည်။

သူတို့သည် ရဲတိုက်အနီးသို့ရောက်ရှိလာသောအခါ ရဲတိုက်ထဲမှ ရုတ်တရက် မီးရောင်များဘွားခနဲပေါ်လာလေသည်။

မီးတုတ်ကိုင်ဆောင်ထားသောနင်ဂျာများသည် ရဲတိုက်တံခါးရှေ့ရင်ပြင်ပေါ်တွင် တန်းစီ၍ရပ်နေကြသည်။ အနက်ရောင်ဝတ်စုံများဝတ်ဆင်ထားသောနင်ဂျာများဖြစ်လေသည်။

မြင်းသည်တော်များ ရပ်တန့်သွားသည်။ နင်ဂျာများသည် လက်ထဲမှမီးတုတ်များကို ဝဲယာဘက်သို့ခွဲ၍ပစ်သွင်းလိုက်သည်။

မီးတုတ်များသည် မြေပေါ်သို့စိုက်ဝင်သွားကြလေ၏။ မီးရောင်များသည် ဝန်းကျင်တစ်ခုလုံးသို့လင်းထိန်သွားလေသည်။

"ချွမ်... ချွမ်... ချွမ်"

နင်ဂျာများသည် ဓားကိုယ်စီဆွဲထုတ်လိုက်ကြ၏။ မြင်းပေါ်မှလူများလည်း အောက်သို့ခုန်ဆင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ရဲတိုက်ပေါ်မှလူတစ်ယောက်၏ ရယ်မောသံများထွက်ပေါ်လာသည်။

"ဟား... ဟား... ဟား... မျက်နှာတစ်ထောင်ဒေဝီ စန္ဒကွမ်းတောင်းကိုကြိုဆိုပါတယ်ဗျာ"

စန္ဒကွမ်းတောင်းက ရဲတိုက်ပေါ်လှမ်းကြည့်လိုက်သည်။

"ရှင်ဘယ်သူလဲ"

ရဲတိုက်ပေါ်မှလူက....

"ကျုပ်က လူသေတစ်ယောက်ဖြစ်မဲ့လူကို နာမည်မပြောပြတတ်ပါဘူး"

"ရှင် ဘယ်သူလဲဆိုတာ ကျွန်မ မသိပေမဲ့ ငွေတိုက်ကငွေကိုလုယူခဲ့တဲ့ နယ်စားအတုဖြစ်တယ်ဆိုတာ သိပါတယ်"

ထိုလူရယ်မောလိုက်သည်။

"ဟား... ဟား... ဟား"

"ရှင်ရယ်နေတာကိုအံ့ဩပါရဲ့"

"သေရမဲ့လူတစ်ယောက်က ကျုပ်အကြောင်းသိနေတော့ကော ဘာတတ်နိုင်မှာလဲ... ဒါကြောင့် ရယ်တာ"

စန္ဒကွမ်းတောင်းက သူမ၏အဖွဲ့သားများဘက်သို့လှည့်လိုက်ပြီး....



"တိုက်ကြ"

ဟုအမိန့်ပေးလိုက်သည်။

"ယား...."

ချက်ချင်းဆိုသလိုပင် မြင်းသည်တော်များသည် ဩသံပေး၍ နင်ဂျာများကိုဝင်ရောက်တိုက်ခိုက်ကြလေတော့၏။

နင်ဂျာများကလည်း ဆီး၍တိုက်ခိုက်သည်။

တိုက်ပွဲသည်ရှုပ်ထွေးပြီး ပြင်းထန်လာလေသည်။

ထိုအချိန်မှာပင် ခရာသံများ ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

"တီး... တော်... တီး"

ထိုခရာသံနှင့်အတူ မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာပြန်သည်။ ကောင်းကင်ပေါ်မှအလင်းရောင် စတင်ပေါ်ထွက်လာပြီဖြစ်သည်။

ရဲတိုက်ပေါ်၌ရပ်နေသူသည် ရှေ့သို့လှမ်း၍ကြည့်လိုက်၏။ မြင်းသည်တော်(၅၀)ခန့် မောင်းနှင်လာသည်ကိုမြင်တွေ့ရသည်။

မြင်းသည်တော်များ၏နောက်တွင် ခြေမြန်တော်ရဲမက်များ (၅၀)ခန့် လိုက်ပါလာ၏။

ထိုသူမျက်နှာကွက်ခနဲပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမဟန်မှန်းသိသဖြင့် ရဲတိုက်ထဲသို့ပြေးဆင်းသွားလေသည်။

"မပြေးနဲ့... လူယုတ်မာ"

စန္ဒကွမ်းတောင်းကအော်ရင်း ရဲတိုက်ထဲသို့ပြေးဝင်လိုက်သွားလေသည်။

၀၀၀၀

ဝန်းကျင်တစ်ခုလုံး အလင်းရောင်များ ကျရောက်လာလေသည်။ မိုးလင်းချေပြီ။ စန္ဒကွမ်းတောင်းသည် ရဲတိုက်ထဲသို့ပြေးဝင်သွား၏။ ရဲတိုက်၏ခန်းမထဲတွင် လူသူတစ်စုံတစ်ယောက်မှမတွေ့ရပါ။ သူမသည် သတိကြီးစွာဖြင့် ခန်းမထဲသို့ တစ်လှမ်းချင်း လှမ်းဝင်သွားသည်။

ရုတ်တရက် လူရိပ်တစ်ရိပ်သည် ရဲတိုက်၏တစ်ဖက်တံခါးပေါက်သို့ပြေးသွားသည်ကိုမြင်တွေ့လိုက်ရသည်။

"မပြေးနဲ့"

စန္ဒကွမ်းတောင်းကအော်ရင်းပြေးလိုက်သွားသည်။ ထိုလူတံခါးတွန်းဖွင့်ပြီးပြေးထွက်သွားသည်။ စန္ဒကွမ်းတောင်းက ထက်ကြပ်မကွာပြေးလိုက်သွားသည်။



ရဲတိုက်အနောက်ဘက်တွင် တောင်ကုန်းကလေးတစ်ခုရှိနေသည်။ ထိုတောင်ကုန်းပေါ်သို့ ပြေးတက်သွားသည်။

စန္ဒကွမ်းတောင်းက ထက်ကြပ်မကွာလိုက်သွားသည်။

ထိုသူသည် တောင်ကုန်းပေါ်သို့ရောက်ရှိသွားသောအခါဆက်လက်မပြေးတော့ဘဲ ခြေလှမ်းရပ်ကာ နောက်သို့လှည့်ကြည့်လိုက်သည်။

စန္ဒကွမ်းတောင်းကလည်း ခြေလှမ်းရပ်တန့်လိုက်သည်။

သူမသည် ထိုလူအား ကောင်းစွာမြင်တွေ့လိုက်ရပြီဖြစ်ပေသည်။ အသက်ငါးဆယ်ခန့်ရှိသောလူတစ်ယောက်ဖြစ်သည်။ ခန္ဓာကိုယ်ထွားကျိုင်းသည်။ သူ့လက်တွင် ဓားတစ်လက်ကိုင်ထားသည်။ ဘယ်ဘက်တွင် သေတ္တာအနက်တစ်လုံးပိုက်ထားသည်ကိုတွေ့ရလေသည်။ သူမသည် ထိုလူ့ထံသို့ တစ်လှမ်းချင်း လှမ်းသွားလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



( ၄၂ )

နံနက်ခင်း၏လေပြည်သည် တသုန်သုန် တိုက်ခတ်နေ၏။

စန္ဒကွမ်းတောင်းသည် ခေါင်းပေါ်မှဒုပ်ထားသောပိုးပဝါကို ဆွဲဖယ်လိုက်သည်။ ထို့နောက် လေထဲသို့ပစ်လွှင့်လိုက်သည်။

သူမ၏နက်မှောင်သောဆံကေသာများသည် လေထဲ၌ တလူလူ တလိမ့်လိမ့်လွှင့်နေ၏။

ထိုသူက စန္ဒကွမ်းတောင်းအားကြည့်ကာ...

"စန္ဒကွမ်းတောင်း မင်းက တကယ်လှတဲ့မိန်းမတစ်ယောက်ပါ။ ယောကျ်ားသားတစ်ယောက်နဲ့အိမ်ထောင်ပြုလိုက်ရင် အင်မတန်သာယာပြီး စိတ်ချမ်းမြေ့စရာ လူ့လောကစည်းစိမ်ကိုစံစားရမှာသေချာတယ်၊ ခုတော့ မင်းက ဒါတွေအားလုံးကိုစွန့်ပစ်ပြီး နနယ်တဲ့လက်က ဓားကိုင်နေတာ သိပ်နှမြောဖို့ကောင်းတယ်"

စန္ဒကွမ်းတောင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်က ကျွန်မကိုရည်းစားစကားပြောနေတာလား"



"ရည်းစားစကားပြောတယ်ဆိုရင် မင်း ဘယ်လိုသဘောထားမလဲ"

"ဟား... ဟား... ဟား"

စန္ဒကွမ်းတောင်းသည် လောကပေါ်မှာ အရယ်ရဆုံးစကားတစ်ခွန်းကြားလိုက်ရသည့်အလား အားရပါးရရယ်မောလိုက်သည်။

"ဒီမှာ ရှင်ကကျွန်မကိုစိတ်ဓာတ်စစ်ဆင်ရေးနဲ့ အနိုင်ယူဖို့မကြိုးစားစမ်းပါနဲ့၊ ကျွန်မကမိန်းမသားဖြစ်ပေမဲ့ အသည်းနှလုံးကနုနုလေးမဟုတ်ပါဘူး"

သူမသည် စကားဆုံးသည်နှင့် လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

သူမသည် မိန်းမသားတစ်ယောက်ဖြစ်နေလင့်ကစား သူမ၏တိုက်ခိုက်မှုနှင့် ဓားပညာသည် ယောကျ်ားတစ်ယောက်ထက် ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။

သူမသည် တိုက်ကွက်သုံးကွက်ကိုဆက်လက်တိုက်ခိုက်ရာ ထိုလူကရှောင်တိမ်းရင်း နောက်သို့တစ်လံခန့် ဆုတ်သွားရလေသည်။

"ရပ်လိုက်ဦး... စန္ဒကွမ်းတောင်း"

စန္ဒကွမ်းတောင်းက တိုက်ခိုက်ရာမှရပ်တန့်လိုက်သည်။

"ပြောစရာရှိရင် မြန်မြန်ပြော"

www.burmeseclassic.com

www.burmeseclassic.com



"ငါ အကောင်းပြောနေတာ မင်းနဲ့ငါ အကြင်လင်မယား အဖြစ်ပေါင်းသင်းပြီးကြိုးစားကြမယ်ဆိုရင် သိုင်းလောကမှာ ငါတို့မှ စရာလူ မရှိတော့ဘူး"

"ရှင့်ပါးစပ်ပိတ်ထားစမ်း"

စန္ဒကွမ်းတောင်းက စိတ်ဆိုးစွာအော်ငေါက်ပြီး တိုက်ခိုက် လိုက်သည်။ ထိုလူ တုံ့ပြန်တိုက်ခိုက်လိုက်ရလေသည်။

"ချွမ်း… ချွမ်း… ချွမ်း"

ဓားနှစ်ချောင်း ပြင်းထန်စွာထိတွေ့ပြီး စန္ဒကွမ်းတောင်းမှာ နောက်ဆုတ်သွားရလေသည်။

"ချွမ်း…."

စန္ဒကွမ်းတောင်းသည် ထိုလူ၏နောက်ထပ်တိုက်ခိုက်လာ သောဓားကိုခုခံပေးလိုက်ရာ သူမ၏လက်တစ်ဖက်လုံး ထုံကျဉ်သွား သည်ကိုခံစားလိုက်ရလေသည်။

"ဗြိုး…."

သူမလက်ထဲမှဓားသည် ဆုပ်ကိုင်နိုင်စွမ်းမရှိတော့ဘဲ….

"ထောက်…."

ဓားသည် ဝါးတစ်ရိုက်ခန့်မှာရှိသောသစ်ပင်တစ်ပင်ပေါ်သို့ စိုက်ဝင်သွားလေသည်။



"ဘယ့်နှယ်လဲ"

သူ၏စကားမဆုံးမီ စန္ဒကွမ်းတောင်းက ကျွမ်းတစ်ပတ်ပစ် ပြီး သူမ၏ခန္ဓာကိုယ်သည်မြားတစ်စင်းပမာ ထိုလူထံသို့တိုးဝင်သွား လေသည်။ စန္ဒကွမ်းတောင်း၏လှုပ်ရှားပုံမှာ ထူးဆန်းလွန်းနေသဖြင့် ထိုလူ ရုတ်တရက် အံ့အားသင့်သွားလေသည်။

ထိုအချိန်မှာပင် စန္ဒကွမ်းတောင်းသည် သူမ၏လက်ညှိုး သိုင်းကို အသုံးချလိုက်သည်။ သူမ၏လက်ချောင်းနှစ်ချောင်းသည် ထိုလူ၏ရင်ညွန့်ရှိရာသို့တိုးဝင်သွားလေသည်။

ထိုလူ ထိတ်လန့်တုန်လှုပ်သွားသည်။

သို့သော် သူသည် သိုင်းပညာအလွန်အဆင့်မြင့်ပြီး အတွေ့ အကြုံရင့်ကျက်နေသောကြောင့် စန္ဒကွမ်းတောင်း၏လက်ညှိုးနှစ် ချောင်းသည် သူ၏ရင်ညွန့်နှင့် လေးလက်မအကွာသို့ရောက်ရှိလာ ချိန်တွင် လေကိုတဝကြီးရှူကာ ဝမ်းဗိုက်တစ်ခုလုံး အတွင်းသို့ ရှပ် သွင်းလိုက်သည်။

တစ်ချိန်တည်းမှာပင် ခန္ဓာကိုယ်အပေါ်ပိုင်းကို တစ်ဖက် သို့လှည့်ပေးလိုက်သဖြင့်….

စန္ဒကွမ်းတောင်း၏လက်ညှိုးနှစ်ချောင်းသည် ရင်ညွန့်နှင့် လေးလက်မခန့်အကွာသို့ထိုးဖောက်မိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက မိုးပျံခြေထောက်ဖြင့် စန္ဒကွမ်းတောင်းအား ကန်လိုက်ရာ စန္ဒကွမ်းတောင်းမှာ ရှောင်တိမ်းနိုင်စွမ်းမရှိတော့ပါ။

သူမ၏ခန္ဓာကိုယ်သည် နောက်သို့လွင့်စဉ်သွားကာ....

"ဝုန်း...."

မြေပေါ်သို့ကျသွားလေတော့သည်။

ထိုလူသည် ရရှိသောဒဏ်ရာမှစီးကျလာသောသွေးများကို ရပ်သွားစေရန် သွေးကြောကိုပိတ်လိုက်သည်။

ထိုအချိန်မှာပင် စန္ဒကွမ်းတောင်းက သစ်ပင်ပေါ်စိုက်ဝင်နေသောဓားကိုဆွဲနုတ်ပြီး ထိုလူ့ထံသို့ပြေးဝင်လေသည်။

ထိုလူက ဒေါသကြီးစွာဖြင့်ဓားကိုဖမ်းလိုက်ရာ....

"ချွမ်း...."

ဓား၊ဓားချင်း တစ်ချက်ထိပြီးနောက် စန္ဒကွမ်းတောင်းမှာ မြေပေါ်သို့ရပ်သေးကြိုးပြတ်လဲကျသွားလေသည်။

သူမ၏ရင်ဘတ်ပေါ်တွင် သူ၏နီရဲသောသွေးတစ်စက်ထွက်လာသည်ကိုတွေ့မြင်ရမည် ဖြစ်လေသည်။ သူမသည် ခုခံနိုင်စွမ်း မရှိတော့သည်ကိုနားလည်လိုက်သည်။

သို့သော် သူ့ထံသို့ တစ်လှမ်းချင်းလှမ်းလာနေသော ထိုလူ့အား ရဲရင့်သောအကြည့်ဖြင့်စိုက်ကြည့်နေ၏။



ထိုလူသည် စန္ဒကွမ်းတောင်းနှင့်တစ်လံခန့်အကွာသို့ လှမ်းလာမိသောအခါ...

"ရပ်လိုက်ပါ... ပါကျန်း"

ဟန့်တားသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာ၏။

ထိုလူ၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။ ခြေလှမ်းလည်း ရပ်တန့်သွားသည်။ လူသုံးယောက်သည် ဩဂုံပုံသဏ္ဌာန်ဖြင့် သူ့ထံသို့ချဉ်းကပ်လာနေသည်ကိုတွေ့လိုက်ရလေတော့သည်။

ဝဝဝ

ထိုလူသုံးယောက်သည် လုရှောက်တုံး၊ စောရကြယ်တံခွန်နှင့်ရသေ့ကြီးတို့ပင်ဖြစ်ကြသည်။

ထိုလူမျက်ဖမှောင်ကြုတ်သွားသည်။

"လုရှောက်တုံး... ခင်ဗျားတို့နဲ့ကျုပ်နဲ့ ဘာရန်ငြိုးမှမရှိပါလား"

"ဟုတ်ပါတယ်... ရန်ငြိုးမရှိပါဘူး"

"ဒါဖြင့် ဘာကြောင့် ကျုပ်ကိုလာပြီးရန်ရှာရတာလဲ"

"ခင်ဗျားက ကိုယ့်အစ်ကိုဖြစ်သူ နယ်စားကြီးကိုအကျဉ်းချထားတယ်၊ သူ့လိုဟန်ဆောင်ပြီး အာဏာအလွဲသုံးစားလုပ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငွေတိုက်ကငွေကိုခိုးထုတ်တယ်… ကျုပ်ပြောတာ ဟုတ်ပါတယ်နော်”

ထိုလူက လုရှောက်တုံးအား စိုက်ကြည့်လိုက်သည်။

“ခင်ဗျား သတင်းအနံ့ခံတဲ့ပညာမဆိုးပါဘူး”

ထိုလူက လုရှောက်တုံးအား စူးရှစွာကြည့်လိုက်သည်။

“ကိုယ်နဲ့မဆိုင်တဲ့ကိစ္စဝင်စွက်ရင် အသက်ရှည်ရှည်မနေရဘူးဆိုတာနားလည်ထားပါ”

ရသေ့ကြီးကစိတ်မရှည်နိုင်ဘဲ ကြားဖြတ်ဝင်ပြောလိုက်၏။

“ဒီလူယုတ်မာနဲ့ စကားရှည်ရှည်မပြောနဲ့”

ပြောပြီး တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

“ရပ်….”

ရုတ်တရက် အလွန်အေးစိမ့်သောအသံတစ်သံထွက်ပေါ်လာလေသည်။ တိုက်ခိုက်ရန်ဟန်ပြင်ထားသောရသေ့ကြီးမှာ အလိုလိုရပ်တန့်သွားသည်။ ထိုလူလည်း မျက်နှာကွက်ခနဲပျက်သွား၏။

သူတို့အားလုံးသည် အသံလာရာသို့ပြိုင်တူလှည့်ကြည့်မိလိုက်ကြသည်။ သူတို့နှင့်ဝါးတစ်ရိုက်ခန့်အကွာတွင် လူတစ်ယောက်သည် မည်သည့်အချိန်ကရောက်ရှိနေသည်မသိ။

အံ့ဩဖွယ်ရာ ရောက်ရှိနေလေသည်။

၀၀၀၀



( ၄၃ )

လူတစ်ယောက်သည် မားမားမတ်မတ်ရပ်နေ၏။

သူ၏ခေါင်းပေါ်ငုံးထားသောဆံထုံးကို အဖြူရောင်ဖဲကြိုးဖြင့်စည်းထားသည်။ သူ၏ကိုယ်ပေါ်တွင် ဖြူဆွတ်သောအင်္ကျီပွတစ်ထည်ဝတ်ဆင်ထားသည်၊ ခြေအိတ်ကအဖြူရောင် ဖိနပ်လည်း အဖြူရောင်ဖြစ်လေသည်။

ခါးတွင် ဓားတစ်လက်ချိတ်ထားသည်။ လှပသန့်ရှင်းသောဓားအိတ်စွပ်ထားသောဓားတစ်လက်ဖြစ်သည်။ သူ၏မျက်လုံးအစုံသည် ကြည်လင်ပြီးအေးစက်နေလေသည်။

သူကား စီးမင်းချူးဆွေပင်တည်း။

လုရှောက်တုံးငွေသုံးယောက်သည် နောက်သို့အလိုလိုဆုတ်သွားမိလေသည်။

ပါကျန်းဆိုသူမှာပင်လည်း ပြောင်းလဲသွားသည်။

သူ၏တစ်ကိုယ်လုံးတောင့်တင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်လုံးအစုံတွင် ရက်စက်ကြမ်းကြုတ်သည့်အရိပ်အယောင်များလွှမ်းမိုးနေ၏။ သူသည် နှုတ်ခမ်းစေ့ထားပြီး ဓားကိုကျစ်ကျစ်ပါအောင်ဆုပ်ကာ စီးမင်းချွေးဆွေ့နှင့်တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ခြင်းမှက တိတ်ဆိတ်နေ၏။

တောင်လေသည် တသုန်သုန်တိုက်ခတ်နေ၏။

စီးမင်းချွေးဆွေ့၏ခေါင်းပေါ်မှဖဲကြိုးက တလူလူလွင့်နေလေသည်။ အင်္ကျီအောက်ပိုင်းမှာလည်း တဖျပ်ဖျပ်လှုပ်ခတ်နေသည်။

"ပါကျန်း...."

စီမင်းချွေးဆွေ့၏အေးစိမ့်သောအသံဖြစ်သည်။

ပါကျန်းသည် တုတ်တုတ်ပင်မလှုပ်ပါ။

"ပါကျန်း... ဆရာက မင်းကိုစောင့်ကြည့်ပြီး လုပ်ခဲ့တဲ့လုပ်ရပ်ပေါ်မှာ ထိုက်သင့်တဲ့ပြစ်ဒဏ်ပေးရမယ်လို့အမိန့်ပေးထားတယ်"

"မင်းက ငါ့ကိုပြစ်ဒဏ်ခတ်ဖို့လာတာပေါ့ဟုတ်လား"

စီးမင်းချွေးဆွေ့အဖြေမပေးပါ။ ပါကျန်းက....

"မင်းနဲ့ငါက ဆရာ့ဆီမှာပညာအတူတူသင်ခဲ့တာပါ။ ငါ့ရဲ့ဓားပညာကို မင်းသိပါတယ်"

စီးမင်းချွေးဆွေ့ကသက်ပြင်းချလိုက်သည်။



"မင်းနဲ့ငါနဲ့ဟာ ပညာသင်ဖက်ညီအစ်ကိုပါ... ဒါကြောင့် အခွင့်အရေးတစ်ခုပေးမယ် နားထောင်"

သူက စကားဆက်လိုက်သည်။

"ပထမအခွင့်အရေးကတော့ ဓား ငါ့ကိုအပ်... မင်းကိုငါ ဆရာ့ဆီပို့ပေးမယ်"

"ဆက်ပြောပါ"

"နားမထောင်ရင် ဆရာပေးထားတဲ့အမိန့်အတိုင်း ငါဆက်လုပ်ရလိမ့်မယ်"

ပါကျန်းက ခေါင်းမော့၍ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား"

သူ၏ရယ်မောသံသည် တောတောင်တစ်ခုလုံးသို့ ပဲ့တင်ထပ်သွားသည်။ ထိုရယ်မောသံကိုကြားလိုက်ရသည်နှင့် ပါကျန်း၏အတွင်းအားကျင့်စဉ်သည် အဆင့်ခုနစ်ထိရောက်ရှိနေပြီဖြစ်ကြောင်း လှရှောက်တုံးတို့လူစု ကောင်းစွာ သဘောပေါက်နားလည်လိုက်ကြလေသည်။ ထို့ကြောင့် စီမင်းချွေးဆွေ့အတွက် စိုးရိမ်ပူပန်လာမိကြသည်။ စီမင်းချွေးဆွေ့နှင့် ပါကျန်းတို့သည် ကျောက်ရုပ်တုများပမာ မလှုပ်မယှက်ရပ်၍ တစ်ယောက်ကိုတစ်ယောက်စူးရှစွာ စိုက်ကြည့်နေကြလေ။

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်သည် တောင်ကုန်းပေါ်သို့ကျရောက်လာသည်။ တသုန်သုန်တိုက်ခတ်နေသောလေညင်းသည် ရုတ်တရက်ရပ်တန့်သွားသည်။ စီးမင်ချွေးဆွေ့နှင့်ပါကျန်းတို့သည် ငြိမ်သက်စွာရပ်မြဲရပ်နေ၏။

ပါကျန်းသည် ဆရာပြောသောစကားများကို တစ်မုဟုတ်ချင်း သတိရလာသည်။

"ပါကျန်း... မင်းမေးတဲ့စကားကို အမှန်အတိုင်း ပြန်ဖြေရမယ်ဆိုရင် မင်းရဲ့အခုလက်ရှိဓားပညာဟာ စီးမင်ချွေးဆွေ့ထက် ဓားကွက်တစ်ဝက်သာတယ်လို့ပြောရမှာပဲ၊ ဒါပေမဲ့ မင်းရဲ့အားနည်းချက်ဟာ စီးမင်ချွေးဆွေ့ရဲ့စိတ်ဓာတ်ကိုမမီလို့ပါ၊ ဓားပညာမှာ အရေးအကြီးဆုံးအချက်ကတော့စိတ်ဓာတ်ပဲ၊ ဒီစိတ်ဓာတ်ဟာ ဘာစိတ်ဓာတ်လဲဆိုတော့ သန့်ရှင်းဖြူစင်တဲ့စိတ်ဓာတ်ပါ"

ထိုအချိန်မှာပင် စီးမင်ချွေးဆွေ့၏ပခုံးတစ်ချက်လှုပ်ရှားသွားသည်။ ပါကျန်းလည်း နောက်ကျမခံ လှုပ်ရှားလိုက်သည်။

"ယား..."

"ယား..."

ဓားသမားနှစ်ယောက် လေထဲသို့ပြိုင်တူ ခုန်တက်သွားကြသည်။



"ခြွမ်း... ခြွမ်း"

ဓားရောင်များ လျှပ်စီးလက်သည့်ပမာ ဝင်းလက်သွားလေသည်။ ထို့နောက် နှစ်ယောက်စလုံး အောက်သို့ပြန်လည်ပြုတ်ကျလာသည်။ ပါကျန်းရပ်နေသောနေရာသို့ စီးမင်ချွေးဆွေ့ ရောက်သွားသည်။ စီးမင်ချွေးဆွေ့နေရာသို့ ပါကျန်းရောက်သွားသည်။

သူတို့သည် မားမားမတ်မတ်ရပ်လျက် တစ်ယောက်ကိုတစ်ယောက်စူးရှစွာစိုက်ကြည့်နေကြ၏။ စောရကြွယ်တံခွန်တို့သည် သူတို့နှစ်ယောက်ကို စိုးရိမ်တကြီးအကဲခတ်စောင့်ကြည့်နေမိကြသည်။ တစ်ခဏအကြာတွင် မားမားမတ်မတ်ရပ်နေသောပါကျန်း မြေပေါ်သို့တဖြည်းဖြည်းလဲကျသွားလေသည်။

လုရှောက်တုံးတို့သုံးယောက် ယခုမှအသက်ရှူခွင့်ရရှိသွားကြတော့သည်။ စီမင်းချွေးဆွေ့က ပါကျန်းအား ဦးညွတ်ဂါရဝပြုပြီး ပါကျန်း၏ဓားကိုသိမ်းယူလိုက်သည်။

ထို့နောက် လုရှောက်တုံးဘက်လှည့်ကာ...

"ကျုပ်ကိုယ်စား သူ့ကိုသင်္ဂြိုဟ်ပေးလိုက်ပါ"

စကားဆုံးသွားသည်နှင့် သူသည် တောင်ကုန်းပေါ်မှဆင်းသွားတော့သည်။ လုရှောက်တုံးတို့သုံးယောက်သည် စီးမင်ချွေးဆွေ့၏ဆန္ဒကိုဖြည့်ဆည်းပေးလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်ကုန်းပေါ်၌ ပါကျုန်းအားမြှုပ်နှံကာ မြေပုံတစ်ခု ပြုလုပ်ပေးထားလိုက်သည်။

ယခု လုရှောက်တုံး၊ စောရကြွယ်တံခွန်နှင့်ရသေ့ကြီးတို့သည် လောင်စင်၏ရှုံးခန်း၌ရောက်ရှိနေကြသည်။

"ဒါနဲ့ နယ်စားကြီးကိုကယ်နိုင်ခဲ့ပြီလား"

လုရှောက်တုံးကမေးလိုက်သည်။

လောင်စင်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့… ကယ်လိုက်ပါပြီ"

"ရန်သူတွေကော"

"သူတို့အများစုဒဏ်ရာရပြီး ခေါင်းဆောင်မရှိတော့ ထွက်ပြေးကုန်ကြတာပေါ့"

"ငွေသေတ္တာတွေကော"

"နည်းနည်းပဲလျော့တယ်… အားလုံးနီးနီးပြန်ရပါတယ်"

"ဒါနဲ့… စန့်ကွမ်းတောင်းတို့လူစုကို နယ်စားကြီးက ဘယ်လိုဆုံးဖြတ်သလဲ"

"စန့်ကွမ်းတောင်း အချိန်မီရဲတိုက်ကိုရောက်လာတယ်၊ သူက သူ့ကိုခွင့်လွှတ်ပါ၊ ပြီးတော့ သူ့လူတွေကိုလဲ ခွင့်လွှတ်ပေးပါလို့ တောင်းပန်တယ်"



"နယ်စားကြီးကကော ဘာတွေအမိန့်ချခဲ့သလဲ"

"နယ်စသားကြီးကတော့ စန့်ကွမ်းတောင်းဟာ အပြစ်ကျူးလွန်ပေမဲ့ အမှန်တရားကိုသိရှိနားလည်ပြီး အသက်နဲ့ရင်းပြီးတော့ ရန်သူကိုကူပြီးချေမှုန်းခဲ့တဲ့အတွက် သူ့ကိုလွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်တယ်၊ သူ့ရဲ့လက်အောက်ငယ်သားများအတွက် မှန်ကန်တဲ့ဘဝ ရပ်တည်ချက်ကိုရပ်တည်နိုင်ဖို့ ရင်းနှီးငွေထုတ်ပေးလိုက်တယ်"

ထိုစကားကြားရသောအခါ လုရှောက်တုံးမှာ အလွန်စိတ်သက်သာရာရသွားလေသည်။

"ဒါနဲ့ နယ်စားကြီးက မြို့တော်ပြန်သွားပြီလား"

"မပြန်သေးပါဘူး"

"ဘာဖြစ်လို့မပြန်သေးတာလဲ"

"နယ်စားကြီးက ခင်ဗျားတို့သုံးယောက်လုံးကိုတွေ့ချင်လို့"

လုရှောက်တုံးတို့သုံးယောက်စလုံးထံမှ တစ်ပြိုင်တည်းထွက်လာသောအသံဖြစ်သည်။ လောင်စင်က ပြုံးလိုက်လေသည်။

"ခင်ဗျားတို့ကို သူက ဆုလာဒ်ပေးဖို့ဆန္ဒရှိနေတာနဲ့တူတယ်"

"ဗျာ…"

လုရှောက်တုံးတို့သုံးယောက် ထပ်မံအသံထွက်လာလေသည်။ လုရှောက်တုံး၊ ရသေ့ကြီးနဲ့စောရကြွယ်တံခွန်တို့သည် မြို့တော်

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်ကြသည်။

"ထောက်လှမ်းရေးမှူးနယ်စားကို တစ်ဆင့်ပြောပေးပါ၊ ကျုပ်တို့က စည်းမရှိကမ်းမရှိနေတတ်တယ်၊ မင်းမှုထမ်းနဲ့လုံးဝ မအပ်စပ်ပါဘူး… လက်မခံပါရစေနဲ့"

လောင်စင်က ပါးစပ်ဟလိုက်သည်။ သူကစကားသံထွက်မလာမီ လုရှောက်တုံးတို့သုံးယောက်ကိုမတွေ့ရတော့ပါ။ မီးခိုးတန်းသုံးခုသည် လျင်မြန်စွာပျောက်ကွယ်သွားလေသည်။ လောင်စင်က ခေါင်းကုတ်၍ သက်ပြင်းတစ်ချက်ချလိုက်လေတော့သည်။

"သူတို့ကိုရာထူးပေးမှာ ဘာကြောင့် ဒီလောက်တောင်ကြောက်ပြီးထွက်ပြေးသွားတာလဲ"

၀၀၀၀



( ၄၃ )

ဂမုန်းဂေဟာ….

ဤခြံဝင်းသည် ချန်အန်းမြို့တော်၏လူကုံထံများနေထိုင်သောရပ်ကွက်တွင်တည်ရှိလေသည်။ ဤခြံဝင်းသည် အခြားခြံဝင်းနှင့်တန်းတူကျယ်ဝန်းသည်။

သို့သော် ဤခြံဝင်း၏ထူးခြားချက်မှာ ပန်းပင် သီးပင်များလုံးဝမရှိပါ။ ခြံဝင်းတစ်ခုလုံးမှာ ဂမုန်းပင်မျိုးစုံပြည့်နှက်စွာစိုက်ပျိုးထားခြင်းဖြစ်လေသည်။ ထို့ကြောင့် ဤခြံဝင်းကိုဆိုင်းဘုတ်မတပ်ဘဲ ဂမုန်းခြံဝင်းဟု အများကအလိုလိုအမည်ပေးထားခြင်းဖြစ်လေသည်။

ခြံဝင်းပိုင်ရှင်၏အမည်မှာ'မုရန်း'ဖြစ်သည်။

အသက်(၆၀)ခန့်ရှိပြီး သားသမီးလုံးဝမထွန်းကားဘဲ ဇနီးမောင်နှံနှစ်ယောက်တည်းသာရှိသည်။ သူတို့သည် လူငယ်များနှင့် မိန်းကလေးများတို့ကိုခင်မင်တတ်သည်။

ထို့ကြောင့် လုရှောက်တုံးက လီစန်းလုံနှင့်စနို့ကွမ်းမင်းကြူးတို့ကိုလာရောက်အပ်နှံသောအခါ အလွန်ဝမ်းသာပီတိဖြစ်ကြလေသည်။ သူတို့သည် သူတို့နှစ်ယောက်အား သားသမီးရင်းချာပမာ အစစအရာရာလိုလေသေးမရှိ ဂရုစိုက်ပြုစုလေသည်။

တိုတောင်းသောရက်ပိုင်းအတွင်း လီစန်းလုံနှင့် စနို့ကွမ်း

www.burmeseclassic.com

www.burmeseclassic.com



မင်းကြူးတို့သည် ထိုခြံရှင်ဇနီးမောင်နှံတို့အပေါ် ရှိသေချစ်ခင်လာကြလေသည်။ ဤသို့ဖြင့် စန္ဒကွမ်းမင်းကြူးတို့ ဤခြံဝင်းသို့ရောက်ရှိပြီးလေးရက်မြောက်နံနက်ခင်းတစ်ခုတွင် ဂမုန်းခြံသို့ ဧည့်သည်တစ်စုရောက်ရှိလာလေသည်။

မုရန်းတို့ဇနီးမောင်နှံနှင့် စန္ဒကွမ်းမင်းကြူးတို့ နံနက်စာ စားနေကြစဉ် အိမ်ဖော်တစ်ယောက် လာရောက်သတင်းပို့သည်။

"သခင်ကြီး ဧည့်သည်တစ်စုရောက်နေတယ်"

"ဘယ်ကဧည့်သည်လဲ"

"မသိဘူး… အဝေးကဧည့်သည်နဲ့တူတယ်၊ အထုပ်အပိုးလဲပါလာတယ်"

မုရန်က အနည်းငယ်အံ့သြသွားသည်။

"ဘယ်ကဧည့်သည်များပါလိမ့်"

သူက ထမင်းစားခန်းထဲမှလှမ်းထွက်သွား၏။

ခြံဝင်းအတွင်း လူလေးယောက်ရပ်နေသည်ကိုတွေ့ရ၏။

အသက်ခြောက်ဆယ်ခန့်ရှိအဘိုးအိုနှစ်ယောက်နှင့် အသက်လေးဆယ်ခန့်ရှိသောအမျိုးသမီးနှစ်ယောက်ဖြစ်လေသည်။ မုရန်းတို့ဇနီးမောင်နှံသည် ထိုဧည့်သည်များကိုအကဲခတ်ကြည့်နေ၏။

ဧည့်သည်တစ်ယောက်ကပြုံး၍အော်လိုက်သည်။



"ကျုပ်ပါဗျ… ကိုကြီးမုရန်း၊ မမှတ်မိတော့ဘူးလား"

ထိုရင်းနှီးသောအသံကိုကြားရမှ မုရန်း ချက်ချင်း သတိရလာလေသည်။

"ဟာ… စန္ဒကွမ်းရှန့်ကုန်းကိုး၊ ကြည့်စမ်း… တို့ခွဲခွာခဲ့တာဆယ်နှစ်လောက်ရှိပြီ၊ ရုတ်တရက် ဘယ်မှတ်မိမလဲ"

အခြားဧည့်သည်တစ်ယောက်ကလည်းပြုံးလိုက်၏။

"ကဲ… မုရန်း ကျုပ်ကိုရော့မှတ်မိရဲ့လား"

မုရန်းက ထိုဧည့်သည်ကိုသေချာကြည့်လိုက်သည်။

"ခင်ဗျား လီပိန်းမဟုတ်လား"

ဧည့်သည်ကပြုံး၍ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်ဗျာ… ဒါက ကျုပ်ဇနီးလေ"

"မှတ်မိတယ်… မှတ်မိတယ်၊ ဝင်ခဲ့ပါ"

မုရန်းက ဗျာဗျာသလဲဖြင့် ခြံဝင်းတံခါးကိုဖွင့်ပေးလိုက်သည်။

၀၀၀၀

ဧည့်ခန်းထဲတွင် မုရန်းတို့ဇနီးမောင်နှံတို့သည် လီပိန်းနှင့် စန္ဒကွမ်းရှန့်ကုန်းတို့အား နံနက်စာဖြင့်ဧည့်ခံလေ၏။

နှစ်ပေါင်းကြာမြင့်စွာခွဲခွာခဲ့ကြသူများဖြစ်ရာ ယခုကဲ့သို့ မမျှော်လင့်ဘဲပြန်လည်ဆုံတွေ့ရသောအခါ ဝမ်းသာ၍မဆုံးပြုံးပြုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရှေးဖြစ်နောက်ကြောင်းများကို အားပါးတရပြောဆိုနေလေ၏။

"ဒါနဲ့ ခင်ဗျားတို့နှစ်ယောက်က ဘယ်လိုလုပ် ဆုံကြပြီး ဘယ်လိုရောက်လာကြတာလဲ"

စန္ဒကွမ်းရှန့်ကုန်းက....

"ကိစ္စလေးရှိလို့ပါ"

သူက စကားဆက်လိုက်သည်။

"ကျုပ်သမီးတစ်ယောက် အိမ်ကထွက်သွားတာ ရက်အတော်ကြာသွားပြီ၊ ဘယ်မှာမှသတင်းမရဘူး... လွန်ခဲ့တဲ့သုံးရက်လောက်က ချန်အန်းမြို့ဘော်မှာတွေ့ခဲ့ကယ်လို့ ကုန်သည်တစ်ယောက်ကသတင်းပို့လို့ လီပိန်းနဲ့သွားတိုင်ပင်ပြီးရောက်လာတာပါ"

မုရန်းက နှာခေါင်းရှုံ့လိုက်သည်။

"ကျုပ်ကိုသတိရလို့လိုက်လာတာထင်တာ... လက်စသတ်တော့ သမီးရှာပုံတော်ထွက်လာတာကိုး"

လီပိန်းက ပြုံး၍တောင်းပန်လိုက်သည်။

"ဒီလိုမပြောပါနဲ့... လူကမရောက်ပေမယ့် စိတ်ကရောက်နေပါတယ်"

"ထားပါတော့လေ"

မုရန်းက လီပိန်းကိုမေးလိုက်သည်။



"ခင်ဗျားက အဖော်လိုက်လာတာလား"

စန္ဒကွမ်းရှန့်ကုန်းက ကြားဝင်ဖြေလိုက်သည်။

"သူလဲ သူ့သားအတွက်ရှာပုံတော်ထွက်လာတာ"

မုရန်း အနည်းငယ်အံ့သြသွားသည်။

"မင်းတို့သတင်းကြားရတာမကောင်းပါလား... သူတို့က ဘာကြောင့်အိမ်ကထွက်သွားတာလဲ"

စန္ဒကွမ်းရှန့်ကုန်းက အဖြစ်အပျက်ကိုသေသေချာချာရှင်းပြလိုက်သည်။ မုရန်းကရယ်မောလိုက်၏။

"လက်စသတ်တော့.... သင်တို့သားလောင်းနဲ့ သင်တို့သမီးလောင်းရဲ့ပြဿနာကိုး"

မုရန်း၏ဇနီးက....

"ဒါကတော့ ရှင်တို့ရဲ့အမှားပါပဲ... သူတို့ တစ်ယောက်ကို တစ်ယောက်မှမကြိုက်ဘဲ၊ ဘာကြောင့် အတင်းပေးစားရတာလဲ"

စန္ဒကွမ်းရှန့်ကုန်းက....

"ခက်တာပဲကွာ... သူတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက်လဲ တွေ့ဖူးကြတာမဟုတ်ဘူး။ ပြီးတော့ တို့ကိုလဲ မနှစ်သက်တဲ့အကြောင်း မပြောဘဲထွက်သွားတာ"

မုရန်းက....

www.burmeseclassic.com

www.burmeseclassic.com



"အခု သူတို့ကိုတွေ့ပါပြီတဲ့... ဘာလုပ်ကြမှာလဲ"

စန့်ကွမ်းရှန့်ကုန်းက....

"ကျုပ်တို့ လီပိန်းနဲ့တိုင်ပင်ပြီးပါပြီ... ကျုပ်သမီးကိုခေါ်ပြီး ပြန်ကြရုံပဲ"

မုရန်းက....

"ကောင်းပါတယ်လေ... သူတို့သဘောနဲ့သူတို့ရွေးချယ်တာပဲ ကောင်းပါတယ်"

ထိုအချိန်မှာပင် ဧည့်ခန်းထဲသို့ စန့်ကွမ်းမင်းကြူးနှင့်လီစန်းလုံတို့ ဝင်ရောက်လာလေသည်။ သို့သော် သူသည် ဧည့်ခန်းထဲသို့ ဝင်သွားသည်နှင့် ရှေ့ကိုဆက်မလှမ်းတော့ဘဲ ခြေလှမ်းရပ်တန့်သွားကြသည်။ သူတို့မျက်လုံးသည် ဧည့်သည်များကို အံ့သြသောမျက်လုံးဖြင့်ကြည့်နေ၏။ မုရန်းကပြုံးလိုက်ပြီး....

"ကဲ... မိတ်ဆက်ပေးရဦးမယ်၊ ဒီဧည့်သည်တွေက ဦးနဲ့ ငယ်သူငယ်ချင်းတွေပါ၊ နှစ်ပေါင်းဆယ်နှစ်ကြာမှ အခု ပထမဆုံးအကြိမ် ပြန်တွေ့ကြရတာ"

သူ၏စကားမဆုံးမီ စန့်ကွမ်းရှန့်ကုန်း၏ဇနီးက ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်။ သူမသည် စန့်ကွမ်းမင်းကြူးအား ပြေး၍ဖက်လိုက်လေသည်။



"သမီး...."

လီစန်းလုံလည်း လီပိန်း၏ဇနီးရှေ့သို့ပြေး၍ ဒူးထောက်ချလိုက်ပြီး....

"မေမေ... မေမေ"

ဟု အားရဝမ်းသာစွာဖြင့် ခေါ်လိုက်သည်။ ဖခင်ဖြစ်သူက လီစန်းလုံအား တင်းကျပ်စွာဖက်ထားလိုက်လေသည်။

"ဝမ်းသာလိုက်တာသားရယ်"

မုရန်းက ဝါအော်လိုက်သည်။

"ဟောဗျာ... ဘာတွေဖြစ်ကုန်ကြတာလဲ"

စန့်ကွမ်းရှန့်ကုန်းနှင့် လီပိန်းတို့ကရှင်းပြလိုက်သောကြောင့် မုရန်းတို့ဇနီးမောင်နှံ ဖြစ်ကြောင်းကုန်စင်နားလည်သွားကြတော့သည်။ သူကလည်း လီစန်းလုံနှင့်စန့်ကွမ်းမင်းကြူးတို့ကို လုရှောက်တုံးကလာရောက်အပ်နှံသွားကြောင်းရှင်းပြလိုက်သည်။ ထို့နောက် မုရန်းက လီစန်းလုံနှင့်စန့်ကွမ်းမင်းကြူးတို့ကိုမေးမြန်းလိုက်သည်။

"ကဲ... မင်းတို့နှစ်ယောက်ကို အဘက မင်းတို့ရဲ့မိဘရှေ့မှောက်မှာမေးမယ်၊ မင်းတို့နှစ်ယောက် အမှန်အတိုင်းဖြေရမယ်"

လီစန်းလုံနှင့်စန့်ကွမ်းမင်းကြူးတို့က ခေါင်းငုံ့ထားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့သမီးတို့အကြောင်း အဘ ဘာမှမသိဘူး၊ အဘမေးချင်တာက နှစ်ဖက်မိဘသဘောတူထားတာကို သားနဲ့သမီးတို့က လက်ခံနိုင်ကြသလား... လက်မခံကြဘူးလား... ဖြေကြပါ"

လီစန်းလုံနှင့်စန့်ကွမ်းမင်းကြူးတို့ အဖြေရခက်နေကြသည်။

လီပိန်းက သူ့သားအားမေးလိုက်သည်။

"လီကွမ်း... မင်း မပြောမဆိုဘဲထွက်သွားတာ စန့်ကွမ်းမင်းကြူးကိုသဘောမကျလို့လား... မှန်မှန်ပြောပါ"

လီကွမ်းခေါ်လီစန်းလုံက....

"ကျွန်တော်... ကျွန်တော် သူ့ကိုမမြင်ဖူးတာကတစ်ကြောင်း ပြီးတော့ အဲ့ဒီညမှာ သူငယ်ချင်းတွေက ကျွန်တော် မိန်းမယူတော့မယ်ဆိုပြီး အရက်ဝိုင်းတိုက်ကြတယ်၊ အဲဒါကြောင့် အိမ်ကိုပြန်မလာနိုင်ဘူး၊ နောက်နှစ်ရက်ကြာမှ အိမ်ပြန်လာတော့ သတို့သမီးကအိမ်ကထွက်သွားတယ်ကြားလိုက်တာနဲ့ ကျွန်တော်ကလဲ သိက္ခာအကျ မခံနိုင်တာနဲ့ထွက်သွားတာပါ"

မုရန်းက စန့်ကွမ်းမင်းကြူးအား မေးလိုက်သည်။

"သမီးကကော ဘာကြောင့် အိမ်ကထွက်သွားရတာလဲ"

စန့်ကွမ်းမင်းကြူးက....

"ကျွန်မနဲ့ဇွေစပ်တဲ့အကြောင်းကြားပြီး သတို့သားကအရက်



သောက်ပြီး အိမ်မပြန်တဲ့အကြောင်းကြားလို့ ကျွန်မလဲ မခံချင်တဲ့စိတ်ဖြစ်လာပါတယ်၊ မိဘတွေကောင်းတယ်ထင်ပြီးစီစဉ်တာကို ကျွန်မမငြင်းပါဘူး၊ ဒါပေမဲ့ သတို့သားက ကျွန်မအပေါ်မေတ္တာမရှိမှန်းသိရတော့ စိတ်ထဲခံပြင်းတာနဲ့ထွက်သွားတာပါ"

မုရန်းက ပြုံးလိုက်သည်။

"တယ်ခက်တဲ့လူငယ်တွေပါပဲလား"

သူသည် နှစ်ယောက်စလုံးကိုတစ်ချက်ငေ့ကြည့်လိုက်သည်။

"ကဲ... နှစ်ယောက်စလုံး အမှန်အတိုင်းဖြေပါ၊ နှစ်ဖက်မိဘသဘောတူတာကိုလက်ခံကြမလား"

စန့်ကွမ်းမင်းကြူးက....

"မိဘစကားကို ကျွန်မ မပယ်ပါဘူး၊ ဒါပေမဲ့...."

"ပြောပါ"

စန့်ကွမ်းမင်းကြူးက....

"ဒီကိစ္စမှာ သတို့သားကစပြီး လွန်တဲ့အတွက် ကျွန်မကို တောင်းပန်ရမယ်"

လီစန်းလုံ(ဝါ)လီကွမ်းက....

"ဟောဗျာ... ကျုပ်က ဘာအပြစ်ရှိလို့တောင်းပန်ရမှာလဲ"

စန့်ကွမ်းမင်းကြူးကမဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ချင်တဲ့စိတ်မရှိလဲ ရပါတယ်"

သူမသည် မိခင်ဖခင်တို့ကိုခေါင်းညိတ်ပြလိုက်သည်။

"တောင်းပန်ပါတယ် ဖေဖေနဲ့မေမေ... ကျွန်မ တစ်ရက်နှစ်ရက်ကြာမှပြန်လာပါ့မယ်... မစိုးရိမ်ပါနဲ့"

စန္ဒကွမ်းမင်းကြူးက ချာခနဲလှည့်ကာ ဧည့်ခန်းထဲမှပြေးထွက်သွားလေသည်။

"သမီး..."

စန္ဒကွမ်းရှန့်ကုန်းနှင့်ဇနီးတို့က လှမ်းအော်လိုက်သည်။

oooo

လှရှောက်တုံးတို့သုံးယောက်သည် မြို့တော်၏တောင်ဘက်ရပ်ကွက်ထဲသို့ရောက်ရှိလာကြလေသည်။ ရုတ်တရက် မြင်းခွာသံထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

လူတစ်ယောက်သည် မြင်းဖြူတစ်ကောင်ကိုမောင်းနှင်၍ထွက်လာသည်ကိုတွေ့လိုက်ရသည်။ အရှိန်ကပြင်းထန်လွန်းသဖြင့် လှရှောက်တုံးတို့သုံးယောက်သည် ဝေးဝေးမှနေ၍ရှောင်တိမ်းပေးလိုက်သည်။

စောရကြွယ်တံခွန်က....



"ဟင် မြင်းပေါ်မှာ စန္ဒကွမ်းမင်းကြူးပါသွားတယ်"

သူ၏စကားမဆုံးမီ မြင်းတစ်ကောင် ထပ်မံရောက်ရှိလာပြန်လေသည်။ မြင်းပေါ်မှလူငယ်မှာ လီစန်းလုံ့ပင်ဖြစ်လေသည်။

စောရကြွယ်တံခွန်က....

"သူတို့က မစောင့်နိုင်ဘဲ အိမ်ပြန်ကြမလို့ထင်တယ်"

ရသေ့ကြီးက....

"ဘယ်ကဟုတ်ရမှာလဲ... မတွေ့ဘူးလား၊ တစ်ယောက်က ပြေးနေတာ... တစ်ယောက်ကလိုက်နေတာယ်"

လှရှောက်တုံး မျက်မှောင်ကြုတ်လိုက်သည်။

"ကျုပ်နားလည်လိုက်ပြီ... စန္ဒကွမ်းတောင်းအတွက စိတ်ကောက်ပြီး မြင်းကိုမောင်းပြေးတာဖြစ်ရမယ်၊ ဒါကြောင့် လီစန်းလုံက အတင်းလိုက်နေတာ"

"သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိနေကြတာပဲ... ဘာဖြစ်လို့စိတ်ကောက်နေကြတာလဲ"

"ကဲ... ဝါသနာပါရင် ကျုပ်တို့က ဖူး စာနတ်လုပ်ပေးကြရင် မကောင်းဘူးလား"

"ဘာလုပ်ရမှာလဲ"

လှရှောက်တုံးက အသံတိုးတိုးဖြင့်ပြောလိုက်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့သုံးယောက်သည် ကိုယ်ဖော့ပညာကိုအသုံးပြု၍ မြို့ရိုးနံရံပေါ်မှကျော်လွှားကာ ရဲတိုက်ငယ်ရှိရာသို့ပြေးလွှားသွားကြလေသည်။

စန္ဒကွမ်းမင်းကြူးသည် လီစန်းလုံလိုက်လာနေသည်ကို မြင်တွေ့လိုက်ရသဖြင့် သူမ၏ရင်ထဲ၌ ချိုမြိန်သောအရသာကိုခံစားလိုက်ရသည်။ သို့သော် မျက်နှာထားတင်းတင်းဖြင့် ဆက်လက်မောင်းနှင်သွားလေသည်။

"ရပ်လိုက်"

ရုတ်တရက် လူသုံးယောက် ဘွားခနဲ ပေါ်လာလေသည်။ မျက်နှာကိုအဝတ်ဖြင့် စည်းထားသောလူသုံးယောက်ဖြစ်သည်။

စန္ဒကွမ်းမင်းကြူးက မြင်းကိုရပ်တန့်လိုက်သည်။

"ရှင်တို့ ဘာလုပ်ကြမလဲ"

"ငါတို့ငွေလိုတယ်... နင့်ကိုဖမ်းပြီးငွေညှစ်မလို့"

လူသုံးယောက်ထဲမှတစ်ယောက်၏ အက်ကွဲသောအသံဖြစ်သည်။ စန္ဒကွမ်းမင်းကြူးကဓားကိုဆွဲထုတ်လိုက်၏။ ထို့နောက် မြင်းပေါ်မှခုန်ဆင်းလိုက်သည်။

ထိုအချိန်မှာပင် လီစန်းလုံရောက်ရှိလာပြီး...

"ညီမ... နောက်ဆုတ်"



"မင်း သေချင်ပြီနဲ့တူတယ်"

ဟုကြုံးဝါးရင်း လီစန်းလုံအားတိုက်ခိုက်လိုက်၏။ လီစန်းလုံ သိုင်းပညာမညံ့ပါ။ သို့သော် အင်အားမမျှသဖြင့် အလူးအလှိမ့်ခံနေရသည်။ စန္ဒကွမ်းမင်းကြူးသည် လီစန်းလုံကမိမိအတွက် ယခုကဲ့သို့ အလူးအလှိမ့်ခံနေရသည်ကိုတွေ့ရသဖြင့် ရင်ထဲတွင် နာကျင်သောဝေဒနာများ ခံစားလာရသည်။ သူမသည် မနေနိုင်တော့ဘဲ လီစန်းလုံ ရှေ့သို့ဝင်ရောက်ရပ်တန့်လိုက်သည်။

"အားလုံးတော်ကြပါတော့... ကျွန်မကိုဖမ်းချင်ဖမ်းသွားပါ"

လီစန်းလုံမှာမူ အလူးအလှိမ့်ခံနေရသဖြင့်မောဟိုက်နေ၏။ စန္ဒကွမ်းမင်းကြူးက သူ့ရှေ့သို့သွားရောက်ရပ်ကာ ကာကွယ်ပေးလိုက်သည်။

"ညီမ ပြေး... သူတို့ကို အစ်ကိုတားထားပေးမယ်"

"ကျွန်မ မပြေးဘူး... သေစရာရှိရင် အတူတူသေမယ်"

လီစန်းလုံ၏မျက်လုံးအစုံသည် ဝင်းလက်သောအရောင်များ ပေါ်ထွက်လာသည်။ သူသည် စန္ဒကွမ်းမင်းကြူးအား တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။ စန္ဒကွမ်းမင်းကြူးကလည်း လီစန်းလုံရင်ခွင်သို့တိုးဝင်သွားသည်။ အတန်ကြာမှ သူတို့သည် ရန်သူနှင့်ရင်ဆိုင်ရဦးမည်ကိုသတိရလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဖြိုင်တူလှည့်ကြည့်လိုက်ကြသည်။

သို့သော် ရန်သူသုံးယောက်အား မတွေ့ရတော့ပါ။

၎င်းတို့အားလုံး ထူးဆန်းစွာပင် ပျောက်ချင်းမလှ ပျောက်ကွယ်သွားကြလေတော့သည်။

ပြီး၏။

တက္ကသိုလ်ဝင်းကြွယ်

BURMESE CLASSIC .com

www.burmeseclassic.com